# ဆပဓာဒ

၃၆၄
ဂ

ဘာသာရေးဆိုင်ရာ
ပုံနှိပ်ထုတ်ဝေခွင့် လက်မှတ်
အမှတ် (၃၇၂၀)

---

ထုတ်ဝေသူမှတ်ပုံတင်
ကင်းလွတ်ခွင့် သက်သေခံလက်မှတ်
(အမှတ် - ၀၁၀၇၅)

---

ပထမနှိပ်ခြင်း အုပ်ရေ (၃၀၀၀)

ထုတ်ဝေသူ-

ဝိမုတ္တိ ဉာဏ ဒဿနအဖွဲ့ (ဥက္ကဋ္ဌ)
ဦးမြ (ကင်းလွတ်ခွင့် အမှတ် ၀၁၀၇၅)
အမှတ် ၂၊ ၁၂၄-လမ်း၊
ရန်ကုန်မြို့။

---

ပုံနှိပ်သူ-

ဒေါ်မြ (မြ-၀၁၄၄၂)
လင်းရောင်ခြည်ပုံနှိပ်တိုက်၊
အမှတ်၁၇၊ ၁၂၄-လမ်း၊ ရန်ကုန်မြို့။

ကျောက်ဆည်မြို့၊

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီး

သီတင်း သုံးရာဌာန၊

ကျောက်သဘော်ရိပ်သာ

ဝိမုတ္တိဉာဏ ဒဿန အဖွဲ့ချုပ် ခွင့်ပြုခြင်းနှင့်

နာယက ဆရာတော်၏ ခွင့်ပြုချက်အရ

ဆရာတော်ဘုရားကြီး နောက်ဆုံး ဟောကြားတော် မူသော

# ( အပမာဒ )

တရားတော် ဟောပြောဆုံးမချက်များကို တိတ်ကြိုးခွေမှ

ပြန်လည်ကူးယူ၍

ဦးတင်လှ၊ ၉၄၊ သရက်တောလမ်း (၂) ကြည့်မြင်တိုင်က

စီစဉ် ရေးသားပါသည်။

ဗုဒ္ဓ

(x ॥ x) ဝိသင်္ခတံ ဝိသင်္ခါရ ဂတံ စိတ္တံ တဏှာနံ
ခယ မဇ္ဈဂါ။

ဗုဒ္ဓဝစနာ

**ဗုဒ္ဓသာသနာ၊**

(x ॥ x) သစိတ္တ ပရိယော ဓါပနံ
ဧတံ ဗုဒ္ဓါန သာသနံ။

ဩဝါဒပါတိမောက်

ကျောက်သင်္ဘော

# (စိတ် စိတ် အတိုင်း ထိုင်း)

သိသူဖေါ်စား - မြတ်တရား။

**လောကအဆုံးအမ**

ကောင်းသောစိတ်ကိုမွေး
မကောင်းသောစိတ်ကို မမွေးနဲ့
စိတ်ကိုစောင့်ရှောက်

လောကဆုမွကော

ဥာဏ်မီ ကျင့်သုံးနိုင်ရေးအတွက် လိုရင်း (အဓိက) ဟောကြားချက်များ၏ နောက်ဆုံး ဟော မိန့်မှာကြား (အပမာဒ) တရားခွင်များကို ရိုက်နှိပ်ဖြန့်ချီပါသည်။

ဆရာတော်ဘုရားကြီး ဟောကြားလေ့ရှိသော တရားအစ နိဒါန်းဖြစ်သော ကိလေသာ သင်္ခါရတရားတွေ အစက ဆုံးနေ



ကျေးဇူးရှင် ကျောက်ဆဗတ်ာ - ဆရာတော် ဘုရားကြီးပုံ။



ကျောက်သင်္ဘော ဆရာတော်ဘုရားကြီး၏
အန္တေဝါသိက တပည့် - ဦးဝိသုဒ္ဓ ပုံ။

သမို့လို့ ဆုံးရာက စ ဟောကြစို့ ဟူသော ပနာမ (ပကတိနိ ရောစ) ကိုအခြေခံသဖြင့် အစတွင် ဆုံးနေသော အဆုံးတရား ပေါ်လွင်ရေး အတွက် တရားခွင် နှင့် လျော်ညီစွာ ရိုက်နှိပ် ပါသည်။

ဝိမုတ္တိ ဥာဏ ဒဿန အဖွဲ့၊
ရန်ကုန်မြို့။

ဤစာအုပ်နှင့် ပူးတွဲ၍

ကျောက်ဆည်မြို့ ရွှေသာလျောင်း တောင်တော်တောင်လပ်

ရိပ်သာ

ကျောက် သင်္ဘောရိပ်သာ

ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက ဩဝါဒခံ

တပည့်ရင်း ဖြစ်တော်မူသော

ဝိမုတ္တိ ဉာဏဒဿန အဖွဲ့ချုပ် နာယက

ဆရာတော် ဦးဝိသုဒ္ဓ ရေးသားသော

# စိတ် စိတ် အတိုင်းတိုင်း

---

ကျောက်သင်္ဘော ဆရာတော် ဘုရားကြီး၏ အန္တေဝါသိက

ဩဝါဒခံ တပည့်ရင်း ဖြစ်တော်မူသော

မန္တလေး ရိပ်သာခွဲ ဝိမုတ္တိ ဉာဏဒဿန အဖွဲ့ခွဲ

နာယက ဆရာတော်

ဦးနန္ဒိယ ရေးသားသော

# စိတ် စိတ် အတိုင်းတိုင်း

# ကူးယူ ရေးသား
# စိစဉ်သူအမှာ

ဤစာအုပ်ကို ဆရာတော်ဘုရား၏ ဟောကြားချက်များ တိတ်ခွေဖြင့် ဖမ်းယူထားရာမှ ပြန်လည်ကူးယူရာတွင် တချို့အသံများမှာ မပြီသဖြင့် အထူးဂရုစိုက် ရေးရပါသည်။

အမှားအယွင်း ရှိပါက ကျွန်တော်၏အမှား ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ တရားဟောပုံဟောနည်းမှာ (ပဋိစ္စ သမုပ္ပါဒ) ဘာသာပြန် ဟောပြောဆုံးမနည်း ဖြစ်ပေသည်။ ပဋိစ္စ သမုပ္ပါဒဆိုသည်မှာ ဖြစ်ကြောင်းဟုဆိုရသော အဝိဇ္ဇာကြောင့် တဏှာ ဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၊ အစရှိသော လယ်ကြောင်း ဖြစ်ကြောင်း အနုလောမ၊ အနုလုံတို့၏ ဆန့်ကျင်ဘက် ချုပ်ကြောင်း ရပ်ကြောင်း တည်းဟူသော (ပဋိလောမ) 'ပဋိလုံ' ဘဝ ဘဝကြောင့်ဖြစ် ဥပါဒါန်ကြောင့်ဖြစ်၊ ဥပါဒါန်ဘာကြောင့်ဖြစ် တဏှာကြောင့်ဖြစ်၊ တဏှာ ဘာကြောင့်ဖြစ်၊ မသိမှု အဝိဇ္ဇာကြောင့်ဖြစ်၊ အဝိဇ္ဇာ ဘာကြောင့်ဖြစ်၊ အသဝေါကြောင့်ဖြစ်၊ အာသဝေါ ဘာကြောင့်ဖြစ် အာရုံကြောင့်ဖြစ်၊ အာရုံ ဘာကြောင့်ဖြစ်၊ စိတ် အတိုင်းတိုင်း မနေလို့ဖြစ်၊ စိတ် အတိုင်းတိုင်း ဘာကြောင့် နေလို့မဖြစ်၊ အထင်အယူ အမှားယုံလို့ နေမဖြစ် အစရှိသော ပြောင်းပြန်တဖန် အသိအမြင်များမှာ(ပဋိစ္စသမုပ္ပါဒ)ဒိဋ္ဌိသိဆုံး၊ ပကတိ အေးငြိမ်းကင်းလွတ် ချုပ်နေသော ကိလေသာသံသရာတို့၏ ကင်းရာ အေးရာ ချုပ်ရာငြိမ်းရာတွင် ရောက်ပြီးသား စိတ်

ကို (စိတ် စိတ်အတိုင်း တိုင်း) ဖြစ်ပြီးသား ဉာဏ်မြင် ပေါက်တော်မူသည့် အတိုင်း–

အတိုင်းတိုင်း (အနတ္တ) နှ–အတ္တ ကို ကျင့်သုံးတော်မူပြီး လောကဓံတရားအား အနည်းငယ်မျှ တုံ့လှုပ်တော်မူခြင်းမရှိဘဲ အတ္တရိပ်မကင်း နိမိတ်မလွတ်သူတို့၏ ဆန့်ကျင်တိုက်ခိုက်ခြင်းပြုမှုများကို ဂရုမပြု တရားအတိုင်းတိုင်း ကျင့်သုံးဟောပြော ဆုံးမတော်မူပြီး ဇနပုဒ်ရွာငယ်ရွာသိမ်မှ မြို့ပြပြည်ရွာအနှံ့ ပင်ပန်းခြင်းဒါဏ်ကို ကြံ့ကြံ့ခံ၍ ပြုအပ်သောသာသနာရေးကို ပကာသနမပါ ဟန်မလုပ် တောင်သူလယ်လုပ် ဓမ္မလေ့လာရှာမှီး နာကြားလိုသူများထံတရားမှန်ကျင့်တတ်ရေးအတွက် သားမယားငွေညီး အိုးအိမ် မပြစ်ပါယ်ရဘဲ တရား တရားအတိုင်းတိုင်း သိမြင်ရေး သိမြင် ကျင့်သုံး တတ်ရေး ဟောပြော ဆုံးမတော်မူပေသည်။

တခါကဆရာတော်ဘုရားထံလာရောက်၍ ဝတ်မပြုဦးမချဘဲ ဆရာတော်ကြီးအား အရှင်ဘုရားတို့ ဟောတဲ့တရားတွေဟာ ပုထုဇဉ်တွေမြင်နိုင်ဘူယ်မရှိဘူး၊ မြင့်လွန်းတယ် အောက်ခြေမပါဘူးဟု ပြောဆိုလျှောက်ထားတယ်၊ ဆရာတော်ဘုရားကြီးကတော့ ရိုးရိုးဘဲပြန်မေးပါတယ်။ ဒကာကြီးတို့က အောက်ခြေဆိုတာ ဘာကိုဆိုလိုသလဲ တို့ဟောတာမှာ အောက်ခြေဟာ (ပကတိငြိမ်းအေးရာ)နိဗ္ဗာန်က အောက်ခြေဘဲ။

ထိုဒကာသည် ဆရာတော်ဘုရား၏စကားမဆုံးမှီ ဒီလိုဆိုအလွဲကြီး လွဲတာပေါ့၊ တပည့်တော်တို့ကတော့ ရုပ်နာမ်ဖြစ်ပျက်တွေဟာ အောက်ခြေဘဲ၊ အဲဒီပရိကံ ပန္နက်ကိုသိအောင်ရှုမှ

ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက် သဘောပေါက်မှ ဖြစ်ပျက်ဆုံး၊ ဖြစ်ပျက်ဆုံးတော့မှ နိဗ္ဗာန်မြင်မှာ၊ ဖြစ်ပျက်မှမသိသေး မရှုသေးဘဲနဲ့ နိဗ္ဗာန်ကို ပရိက ပန္နက်ဆိုရင် လွဲမှလွဲဘဲ ကိုး။

ဆရာတော်ဘုရားသည် ထိုသူစကားအဆုံးတွင် ကုလားထိုင်မှီရာမှထပြီး အေးပါလေ ဒကာကြီး ပြောတာလဲ(တဖက်အနေနဲ့မှန်ပါတယ်) တိုကဆန့်ကျင်ဘက် မပြောပါဘူး၊ တကယ်မှန်နေတဲ့အနေနဲ့ ကိုယ်တွေ့ကြည့်ပါလားရှုပါလား၊ တို့မေးပါမယ်၊ ဒကာကြီးဖြစ်ပျက်တာ အရင်လား(မဖြစ်မပျက်တာအရင်လား) တို့ဟောရတာက(မဖြစ်မပျက်အခိက)ထား ဟောပါတယ်၊ အခုရှု့ကြည့်ပါလား၊ ဘယ်ဟာကအရင်လဲ၊ ကဲကဲ ကျုပ် ကုဋိဘက်သွားအုံးမယ်ဟု ပြောဆိုပြီး ယခုစာရေးသူအား လက်ဟန်ခြေဟန်ဖြင့် ဘာမှဝင်မပြောရန် နောက်ဆုတ်နေရန် ပြပြီးကြွသွားပါသည်။ ထိုဒကာကြီးသည် တင်ပလင်ခွေထိုင်ပြီး ဒူးပေါ်လက်တဒေါင်ဆစ်ဖြင့် ထောက်ပြီးဘယ်လက်ခုံကို ညာလက်ဝါးလက်ဖျားများဖြင့် တချက်ခြင်း ရိုက်ခပ်စဉ်းစားနေရာမှ လက်ရိုက်ရပ်သွားပြီး၊ ဆရာတော်ကြီးပြန်လာ၍ထိုင်ခိုက်တွင် ရှင်ပြသောမျက်နှာ အားရဝမ်းသာဖြင့် မှန်လှပါဘုရား မှန်ပါဘုရား တပည့်တော်ထင်မှားမှုဖြင့် မထေမဲ့မြင် ပြုမိသည်များ ခွင့်လွှတ်သီးခံတော်မူပါ။ တပည့်တော်မြင်ပါပြီ၊(မဖြစ်မပျက်) တာကအရင်ပါ၊ ဖြစ်ပျက်တာက နောက်မှနောက်မှပါဘုရားဟု လျှောက်တင်ပါတော့သည်။ ဆရာတော်ဘုရားကလဲ အေးအေး တို့ဟောတဲ့ တရားဟာ (မဖြစ်မပျက်)အခြေခံဘဲဖြစ်တယ်၊ ဖြစ်တယ် ပျက်တယ် ဆိုတာဟာ ရှုလို့ရတဲ့တရား မဟုတ်ဘူး၊ (ပစ္စုပ္ပန် ဆပ်ဆပ် ရှု မရဘူး)

ရှု ရပါတယ်ဆိုရင် အတိတ် အနာဂါတ် မလွတ်ဘူး။ ဖြစ်ပျက်တယ်ဆိုတာကိုအသာထား၊ဖြစ်ပျက်မည့်စိတ်ကိုက(အမြဲမရှိဘူး) ရှိလာရင်မမြဲဘူး၊ အမြဲလဲမရှိဘူး။ ဖြစ်တယ်ဆိုရင်လဲ သူ့အလိုလို မဖြစ်ဘူး၊ (ပြုပေးမှ)ကြံစီတွေးတော ထူထောင်ပေးမှ ဖြစ်ရမှာ၊ ဖြစ်ရင်လဲ ပျက်ရမှာ၊ ပျက်ရလို့(အမြဲမရှိဘူး)လို့ ဘုရားဟော တာပါ။

ရှင်တော်ဘုရားက အဲဒီလို အမြဲမရှိဘူးလို့ ဟောရဘာဇာ (အခိကရအမြဲရှိတဲ့ မဖြစ်မပျက် အသခံတ ထင်ရှားရှိလို့ ပေါ့၊ စိတ်မှာ လောဘစိတ်တွေဖြစ်၊ အဲဒီ အဖြစ်တွေပျက် ဒေါသစိတ်တွေဖြစ်ပျက် အဲဒီ ဒေါသ လောဘတွေ၊ ခုဖြစ်နေသလား၊ ခုမဖြစ်ပါဘူး။ နောင်နဲ့ အရင်ကလဲ မပြောနဲ့ ခုမဖြစ်သေးလို့ မပျက်သေးဘူး မဟုတ်လား။

အင့်ဟင် ဘယ်မလဲ ရှုဘို ဖြစ်ပျက် ထိုဝိပါက်ချုပ်နာမ် မြင်ကြားနဲ့ စားဖြစ်ပျက်တွေ သွားမကြည့်နဲ့ (သေးသိမ်တယ်) အရာမရောက်ဘူး။ နိမိတ်ရှိနေဘယ် နိမိတ်ရှိတာတွေ သွားရှုနေရင် အလကားဘဲ၊ အရှုခံအနေနဲ့ (ရှိတာက ဖြစ်ပျက်ကင်းရာ) အရှုမခံတာက ကိလေသာ ဖြစ်ပျက်သင်္ခါရတရားတွေ။ (ဖြစ်ပျက်ကင်းရာက နိဗ္ဗာန်)အဲဒီ(ဖြစ်ပျက်ကင်းရာကို ဉာဏ်မြင်တာ မဂ်ဉာဏ်)မြင်သလို နေသွားတာ ဖိုလ်ဉာဏ်ဘဲ၊ အဲဒီလိုသိရေး မြင်ရေး ကျင့်တတ်ရေးဟောရတာ၊ ကဲ ဘာများလျှောက်ခြင်သေးတုံး၊ ထိုဒကာသည် ကြေနပ်ဝမ်းမြောက်စွာဖြင့် သဘောပေါက်ပါပြီဘုရား၊ တပည့်တော်တို့ရွာ တရားချီးမြှင့်ပါဘုရား။

အေးကွယ် ရက်လွှတ်ရက်အား မပေးနိုင်လို့ နောင်များမှပေါ့ကွယ်။ တို့ ဟောတဲ့ တရားကတော့ အထင် အယူ အခံ ရှိနေရင်တော့ ခက်တယ်၊ အထင် အယူ အခံ ရှိမထားရင်တော့ လွယ်ပါတယ်။ အထင် အယူ တွေ စွန့်ဘို့ ဘုရားက (ဒါန) ကထာ ဟောတယ်၊ အထင် အယူတွေ စင်ကြယ်နေဘို့(သီလ)အယူတွေရဲ့ လွှတ်ရာကိုသိမြင်မှ ကျင့်သုံးမှ (ဘာဝနာဘဲ) (ဒါန,သီလ,ဘာဝနာ)တရားတွေ ဘုရားမပွင့်မှီကပေါ်တာတွေလို့ တချို့ကဆိုကြတယ်။ ဟုတ်ပါတယ် အဲဒီဒါန သီလ ဘာဝနာကို တို့ဘုရားလဲ ဟောတာပါဘဲ။ အဓိပ္ပါယ်ပြည့်စုံတဲ့ အသိဉာဏ်ဖြစ်ရေးကို ဟောဘာ၊ ဒါနဆိုတာ ဝဋ်တွင်းလယ်တဲ့ဒါန။ ဝဋ်မှလွှတ်မြောက်သောဒါနနှစ်မျိုးရှိတယ်။ ဝဋ်တွင်းလယ်တဲ့ဒါနတော့ တို့ကမဟောပါဘူး။ ဒါနပါယ်တယ်လဲမဟုတ်ပါဘူး။ ဝဋ်မှ လွှတ်မြောက်နည်းကိုတော့ဟောတယ်။ ကဲ–ဒကာကြီး(ဒါနဆိုတာဘာလဲ) (ဒကာကြီး) လှူတန်း ပေးကမ်းစွန့်ကြဲတာပါဘုရား။ အေးအေး မှန်တယ်ကွဲ့။ စွန့်ဆိုဘာက အဓိကဘဲ မဟုတ်ဘူးလား။ မင်းလှူတယ်ဆိုတာ စွန့်တာဘဲ၊ စွန့်ပါလျှက်ကယ်နဲ့ လှူတဲ့တန်ဘိုးမက လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း တောင်းကြပြန်သကိုး။ ဒီလို တောင်းတာတွေဟာ စိတ်အလိုဖြစ်မှုတွေပေါ့။ ဥပါဒါန်ခေါ်တယ်၊ သမုဒယခေါ်တယ်၊ လူနတ်ဗြဟ္မာကို အကောင်းထင်လို့ပေါ့၊ လူနတ်ဗြဟ္မာကလဲ အို-နာ-သေဘဲ၊ မလွှတ်ပါဘူး။ (စွန့်ဆိုတာ ဘာအလိုမှ မဖြစ်ဘဲ စွန့်တာ) အလိုတွေစွန့်တာ၊ အယူတွေစွန့်တာ၊ အထင်တွေစွန့်တာ၊ အဲဒီလိုစွန့်တာ

မှု (စိတ်သန့်သန့်ရှင်းရှင်း) ဖြစ်ခွင့်ရလို့ ဘုရားက (ဒါန ဖလံ သုခံ ဟောတိ)လို့ ဟောတယ်။

အဲဒီလိုစိတ်မှာ ငြိမ်သက်မှုတွေရဲ့ ဆန့်ကျင်ဘက်တွေကို စွန့်ထားမှ စွန့်ထားဆိုတာ ကောက်မသယ်တာ၊ အသုံးမပြုတာ၊ မင်းတို့အိမ်မှာ အိုးပေါက် ပုံးပေါက်တွေ အသုံးပြုလို့ မရမှန်း အလကားဖြစ်မှန်း သိတော့ မသုံးဘူး။ စွန့်ထားသလို စိတ်မှာ လှုပ်ရှားညစ်နွမ်းစေမည့် အလိုတွေ အပူတွေ အထင် တွေဟာ သုံးနေသမျှ အကျိုးမရှိ အကြောင်းမထူး အချိန်နှ ိး အလကားဖြစ်ထာဘဲလို့ (သိပြီး) အဲဒါတွေ အသုံးမပြုဘူး၊ အဲဒါ (စွန့်)တယ် ခေါ်တယ်။

ဒါန(ဝိဝဋ္ဋနိဿိတဒါန)ခေါ်တယ်၊ အဲဒီလို ဒါနမှန်မှ စိတ်မှာ ကင်းပါးပါးစင်ကြယ်နေလို့ သီလနဲ့ ပြည့်စုံနေတယ်၊ ဝိဝဋ္ဋနိဿိတသီလ နိယတသီလ အဓိသီလ အနုတ္တသီလ ခေါ်တယ်၊ အဲဒီလိုစိတ်စင်ကြယ်နေလို့ စင်ကြယ်ရာရောက်နေတဲ့စိတ်၊ အဲဒါ (စိတ်စိတ်အတိုင်းတိုင်း) စင်ကြယ်ရာကနိဗ္ဗာန်၊ နိဗ္ဗာန်နဲ့နေပြီး သား (စိတ်) အဲဒီအသိ အမြင်ကို မဂ္ဂင်ခေါ်တယ်။

အဲဒီအမြင် အသိကို ပွါးတာ၊ နိဗ္ဗာန် မျက်မှောက် ပြုတယ် (ဘာဝနာ) ပွါးတယ်လို့ ဆိုရတာဘဲ၊ အဲဒီလို ဒါန သီလ ဘာဝနာမျိုးကို သိမြင်ကျင့်သုံး သိမြင်ရေးဂရုစိုက်၊ တို့ ဟောပြတဲ့နည်းက တဖန်ပြန်တဲ့ ပဋိဝေဒနည်း ပဋိလောမ နည်းမို့ နားမယဉ်သေးရင် ဆန့်ကျင့်တယ်၊ တော်လောက်ပါပြီ။ နောက်များမှ ကြုံရင်ဟောရတာပ။

ဤကဲ့သို့ ဆရာတော်ဘုရားသည် လိုရင်းကို ထိထိမိမိအကျဉ်း

ခြုံးရှင်းပြ ဟောတော်မူပေသည်၊ တခါက တပည့်တယောက်က ဆရာတော်ဘုရားအား ရုပ် နာမ် ခန္ဓာ အာယတန ဓါတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် အာနာပါန သမထ အစရှိတာ တွေကို ရွေ့ပိုင်းထားပြီး ပရိတ်သတ်တွေကဟောဘို့ လျှောက်ဘယ်၊ ဆရာတော်ကြီးက အေး-ဒါတွေက စာအမျိုးမျိုး ကျမ်းအသွယ်သွယ်နဲ့ ရေးမဆွက ဟောသူ ပြောသူ ရေးသူ တွေ ရှိခဲ့ပြီးပြီ၊ ဒါတွေ ထပ်ဟောနေဘို့မလိုတော့ဘူး။ လိုရင်း အဓိကကို ဟောကြရမယ်၊ ကွေးတဲ့လက် မဆန့်မှီ ဆန့်တဲ့လက် မကွေးမှီ၊ မရဏာဘေးနီးကပ်တယ်၊ ဘုရားကလဲ ဥခေါင်းမီး လောင်၊ ရင်ဝလှန်စူး မန္နုပ်မငြိမ်းနဲ့ဦးလို့ ဒေသနာတွေရှိ သွားဘဲ၊ မင်းတို့ အခုကိုယ်တွေ့ဘဲ၊ ပင်ပန်းမခံနိုင်လို့ စာမ သင်နိုင်တော့လို့ လိုရင်းသိစရာမြန်မြန်သိရေး ရှာခဲ့ကြမဟုတ် လား၊ ကိုယ်ခြင်း စာကြပေါ့၊ ဘုရားကလဲ ဝေနေယျတွေကို ပင်ပန်းခြင်း မဖြစ်စေခဲ့ဘူး၊ ဗုဒ္ဓဝါဒအတိုင်း လိုက်နာကြ ပေါ့၊ ရိပ်သာကြီးပွါးရေး မပြုကြနဲ့။ သာဝကတွေဥာဏ်ကြီး ထွားရေး ဥာဏ်ဖြစ်ရေး၊ သိမြင်ကျင့်သုံးရေး၊ ဟောကြ၊ ပြောကြ၊ ဆွေးနွေးကြရင်လဲ၊ သိမြင်ရေးသာ ဦးစားပေး ဆွေးနွေးကြ၊ အနိုင်ရရှိရေးတော့ မပြုကြနဲ့။ တရားတော်ကို ပုတ်ခတ် စေါ်ကားသူတွေကို နှုပ်တုံ့မပြန်နဲ့၊ ရှောင်ကြ၊ သီးခံကြ၊ အကျိုးမဖြစ်ထွန်းမှုကို အမောမခံနဲ့ ဝေနေယျ တွေလွတ်ရေး ကျွတ်ရေး ဂရုစိုက်၊ သာသာနာ ပြုကြဟု မိန့် ကြားတော်မူပေသည်။

ယခုအခါတွင် ဆရာတော်ဘုရားကြီး ဝိပါက်ခန္ဓာ ချုပ်ငြိမ်းတော်မူပြီးနောက် ဆရာတော်ဘုရား ဟောကြားဆုံမှသော တရားများ နာကြားရ၍ အကာလိက အရိယာပထ ၄-ပါး အတိုင်း ကျင့်သုံး ပွါးများနိုင်သော ဓမ္မဂုဏ်ကျေးဇူးများကို သိမြင်ကျင့်သုံးကြသော တပည့်သာဝကများသည် ဆရာတော်ဘုရားချမှတ်ဘော်မူသော စည်းမျဉ်း (ဩဝါဒ)များကို ဂရုပြုလေ့လာ၍ ဩဝါဒမှ မဇ္ဈိမဝိဇ္ဇာစေတဲ (တရား-တရား အတိုင်းတိုင်း) အမျှဝေ ဟောပြော ဆွေးနွေးသည့် အတိုင်း ကျင့်သုံး၍။ (ဝိမုတ္တိဉာဏဒဿနအဖွဲ့) ခွဲများ ဖွဲ့စည်းခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော် ဓမ္မ ကျေးဇူးများ ဆပ်ခြင်းအမှု သူတော်ကောင်းတို့၏ အပြုအမူပစ္စယနုဂ္ဂဟဖြင့် သာသနာ ပြန့်ပွါးရေးကို ငွေအား လူအားဖြင့်၎င်း၊ တရားပွဲ ကျင်းပ စီစဉ်ခြင်းဖြင့်၎င်း၊ ဘာဝနာ ကျင့်သုံးမှုဖြင့်၎င်း၊ မမေ့အပ်သောအဆုံးတရား၏ ရသ၊ ဆုံးရာကို ပွါးများကျင့်သုံးနိုင်ရေး ကြိုးစားခြင်း၊ ကြံစီခြင်း၊ ပြောဆိုခြင်း၊ လုံးလပြုခြင်း၊ သတိပြုခြင်း၊ တည်ခြင်းတို့ကို မျှတစွာဖြင့် ဆောင်ရွက်နိုင်၊ ကျင့်သုံးနိုင် ကြစေရန် တိုက်တွန်းနှိုးဆော်ရပါသည်ခင်ဗျား။

ကျောက်ဆည်မြို့

## ကျောက်သင်္ဘော ဆရာတော် ဘုရားကြီး၏

ဒုတိယဩဝါဒ မိန့်ခွန်း

စည်းမျဉ်း (၁၀) ချက်

---

၁။ အကျိုးရှိ အပြစ်ကင်းသော တရား စကား များကိုသာ ဟောကြားကြရန်။

၂။ တရား ဟောကြလျှင် ပိဋကတ်တော်နှင့် ရှေးဆရာတော် ဘုရားကြီးများ ရေးသားသော ဒီပနီကျမ်းများကို ညှိနှိုင်းပြီး ဟောကြားကြရန်။

၃။ ဒါန၊ သီလ၊ ဘာဝနာ တရားများကို (ဝိဝဋ္ဋနိဿိတ) ခေါ် ဝဋ်မှ လွတ်နည်း နိဿျည်းကို သိပြီးမှ ပြေလည်စွာဟော ကြားကြရန်။

၄။ အနန္တငါးပါးနှင့် အခြားဂိုဏ်းဂဏများကို မထိခိုက်စေဘဲ ဟောကြားကြရန်။

၅။ တရားတော်ကို ဟောကြားကြလျှင် (အတ္တုက္ကံသန) နှင့် (ပရဝမ္ဘန) ခေါ် မိမိကိုယ်ကို မြှင့်တင်ပြီး သူတပါးကိုနှိမ့် ချခြင်းအမှုတို့ကို ရှောင်ရှားပြီး တရားကို တရားအတိုင်း ဟောကြားကြရန်။

၆။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ=သုံးပါးကို ဟောပြော ကြသည့်အတိုင်း မိမိကလည်း ကျင့်သုံးကြပါရန်။

၇။ တရားတော်ကို နာကြားလိုသူများအား မေတ္တာရှေ့ထားပြီး သိမြင်သွားအောင် အားပေးတိုက်တွန်းဟောကြားကြရန်။

၈။ တရားဟောနေပါလျှင် ရိုသေလေးစားစွာ နာယူကြရန်။

၉။ တရားတော်ကို ဆွေးနွေးကြပါလျှင် (အတိဓါဝ) နှင့် (ဩဟိယ)ခေါ် အယူလွန်မှု ယုတ်မှု မပါကြစေဘဲ မဇ္ဈိမပဋိပဒါ ကြအောင် ဆွေးနွေး နှီးနှောကြရန်။

၁၀။ ဝိမုတ္တိခေါ် လွတ်မြောက်ရေးတရားနှင့် ဆန့်ကျင်သောစကားများကို ရှောင်ကြဉ်ကြရန်။

ဤဆယ်တန်သော ဩဝါဒဖြင့် နီးဝေးနေ တပည့်အပေါင်းတို့အား ဒုတိယအကြိမ်မြောက် သသိပေး ဆုံးမခြင်းအမှုပြုလိုက်ပါသည်။

၁၃၂၈–ခု၊ ပြာသိုလဆန်း ၅ ရက်၊
တနင်္ဂနွေနေ့ (၁၅–၁–၆၇)

မှတ်ချက်။ (ကျေးဇူးရှင် ကျောက်သဘော်ာ ဆရာတော်ဘုရားကြီး၏ အထက်ပါ နေ့စွဲဖြင့် နောက်ဆုံး မိန့်မှာခဲ့သော မိန့်ခွန်းတော်ကို တပည့်သာဝကများ လိုက်နာ မှတ်သားနိုင်ရန် ဗဟိုဝိမုတ္တိ ဥာဏ ဒဿန အဖွဲ့ကြီးမှ ကြီးမှူးထုတ်ဝေသည်။

## စိရံ တိဋ္ဌတု သဒ္ဓမ္မော



နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

ကျောက်သင်္ဘောဆရာ ဩဝါဒါ မှတ်ပါတပည့်များ။

ဩဝါဒမူ ခံယူသူ ကြည်ဖြူ တပည့်သား။

ဝါဒဆယ်စုံ မိန့်မှာပုံ နှုတ်ငုံ ကျင့်သုံးပွား။

(၁) အကျိုးရှိရာ ပြင်ကင်းစွာ ဟောပါမြတ်တရား။

(၂) တရားဟောလျှင် ပိဋကတ်ဝင် ဆရာညီဟောကြား။

(၃) ဒါ - သီ - ဘာ - တရား ဝင်္ဂလွတ်ငြား သိဥာဏ်ပြည့်မှ ပြန်ဟောကြား။

(၄) အနန္တငါး ဂုဏ်ဆရာများ ထိပါးကင်းစေသား။

(၅) တရားဟောလျှင် မာန်မြင့်ဝင် ချနှိမ်တပါး ကင်းရှောင်ရှား။

(၆) (သီလ-သမာ-ဓိ-ပညာ) သိက္ခာကျင့်ပွားပြန်ဟောကြား။

(၇) တရားနာယူ ကျင့်လိုသူ သိမြင်စေဘို့ မေတ္တာထား။

(၈) တရားဟောလျှင် ရှိသေယှဉ် နာရှင်ခံယူကြား။

၁၀၉၈၈

(၉) မဇ္ဈိမပဏ္ဏာသပါဠိ တရားမြတ်မဟာ အယူလျှော့တင်း ဆွေးနွေးရှင်း။

(၁၀) ဝိမုတ္တိရသာ ဤဓမ္မ ဆန့်ကျင်ထိပါး ကင်းရှောင်ရှား။ ဆယ်တန်ဝါဒ ဒုတိယ လိုက်နာကျင့်ရန် ဟောညွှန်ပြန်သည် နာခံ-ပြည့်မှ (ဝိမုတ္တိ ဥာဏ ဒဿန)။ တပည့်မှန်လှ သာဝကတည်း။

ဓမ္မဝိနိစ္ဆယ အကျော် ကျောက်သဘော်ာ ဆရာတော်ဘုရားသည် တရားလောကတွင် အံ့ဘွယ်တန္တု၊ ဆန့်ကျင်သူကို ဂရုမပြုဘဲ ပြုသင့်သည့် ဗုဒ္ဓသာသနာတော်ကို မြန်မာလို ဝေါဟာရကျန်ရစ်သည်ထိ ပြုစုသည့် ဆရာတော်ဘုရား၏ ထင်ရှားသော ဝေါဟာရများမှာ-

တရား တရား အတိုင်းတိုင်း။
စိတ် စိတ် အတိုင်းတိုင်း။
လုပ်သမျှ ဒုက္ခ။
လောကီအာရုံ နှင့် စိတ် မထိစေနဲ့။
စိတ်ထင်နဲ့ ပါးစပ်ပြော ဘုရား မဟော။
(နိဗ္ဗာန် ဆိုတာ ပင်ဂိုရ်က ငြိမ်းနေတယ်၊ ပင်ဂိုရ်က ရှိနေတယ်)။

သံယုတ္တနိကာယ် စာမျက်နှာ (၁)
သဂါထာ ဝဂ္ဂ သံယုတ်ပါဠိတော် နိဿယ၊
ဒေဝတာသံယုတ် (၁) နဠဝဂ်၊

## ၁။ ဩဃစာရကာသုတ်

(-)-(သာဒေ၀တာ) ထို နတ်သားသည်။ (ဘဂ၀န္တံ) မြတ်စွာဘုရားကို။ (မာရိသ) ဆင်ရဲကင်းသော မြတ်စွာဘုရား။ (တွံ)အရှင်ဘုရားသည်။ (ကထံ)အဘယ်သို့သော အကြောင်း ဖြင့်။ (ဩဃံ) ဩဃလေးပါးကို။ (အတရိနတိ) ကူးလေ သည်နည်း–ဟူသော။ (ဇတံ) ဤစကားကို။ (အဝေါစ) လျှောက်ပြီ။ (အာဝုသော) အချင်းနတ်သား။ (ခေါ) စင်စစ်။ (အဟံ) ငါသည်။ (အပ္ပတိဋ္ဌံ) တည်ငြိမ်သောအား မရပ် သည်ဖြစ်၍။ (အနာယူဟံ) ကြောင့်ကြစိုက်စွတ် မလှုပ်ယှက် သည်ဖြစ်၍။ (ဩဃံ) ဩဃလေးပါးကို။ (အတရိံ) ကူးပြီ။ (ဣတိ)ဤသို့ ဖြေတော်မူ၏။ (မာရိသ) ဘုရား။ (ယထာကထံ ပန) အဘယ်သို့သော အကြောင်းဖြင့်။ (အပ္ပတိဋ္ဌံ) ၍။ (အနာယူဟံ) ၍။ (ဩဃံ) ကို။ (အတရိံ) ကူးလေသနည်း။ (ဣတိ) ဤသို့မေးလျှောက်၏။ (အာဝုသော) အချင်းနတ် သား။ (ယဒါ) အကြင်အခါ၌။ (အဟံ) ငါဘုရားသည်။ (သန္တိဋ္ဌာမိ) တည်ငြိမ်သော အား ရပ်နား၏။ (တဒါ)ထို အခါ၌။ (သံဒိဒါမိ) နစ်၏။ (ယဒါ) အကြင်အခါ၌။(အဟံ) သည်။ (အာယူယာမိ )အားထုတ်၏။ (တဒါ) ထိုအခါ၌။ (နိဗ္ဗုယှာမိ) ပြော၏။ (အာဝုသော) အချင်း နတ်သား။ (ဧဝံ) ထိုသို့သော အကြောင်းဖြင့်။ (ခေါ)စင်စစ်။ အဟံ ငါသည်။ (အပ္ပတိဋ္ဌံ)၍။ (အနာယူဟံ) ၍။(ဩဃံ) ကို။ (အတရိံ) ကူးပြီ။ (ဣတိ) ဤသို့ဖြေတော်မူ၏။ (လောကေ) (သတ္တလောက၌)။ (အပ္ပတိဋ္ဌံ) ၍။ (အနာယူဟံ) ၍။

(ဝိသင်္ခါရံ) တဏှာကို။ (တိဏ္ဏံ) ကူးမြောက်ပြီးသော။ (ဗြဟ္မဏံ) မကောင်းမှုကို အပပြုပြီးသော။ (ပရိ နိဗ္ဗုတံ) ကိလေသာ ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားကို။ (ဝိရသံ) ကြားမြင်မှု။ (ပဿာမိ ဝတာတိ) မြင်ရပေစွ – တရားဟူ သော--

ဣဒံ ဝစနံ၊ (–)။ ဣတိ၊ ဤသို့။ သုတံ၊ ၏။

---

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ် ထုတ်ဝေ ရောင်း ချသော စာအုပ်တွင် ဘတ်ရှုရပေသည်။ ဤစာများနှင့်လျော် ညီစွာ သဘောပေါက်ကို ဟောပြော ပြသသော ကျောက် သင်္ဘောဆရာတော်ဘုရား၏ ဟောပြောပြသနည်းသည် စာရှိ ခဲ့၍ သဘောပေါက်၊ သဘောပေါက်သဖြင့်၊ စာတန်ဘိုး စာ ၏ကျေးဇူး၊ ဆက်စပ်မှုများ၊ အညမည၊ ဖြစ်ရောက် သက် ရောက် ရပေတော့သည်။ မိမိ သဘောပေါက်မှုသည်။ တပါး သူ၏ သဘောပေါက်မှုထက်၊ သာသည် ဟူသော (ထင် မြောက်ကြွားယူ) မှု ကင်းစေသော (တရား အတိုင်း တိုင်း) သိမြင်ရေး။ သိမြင် ကျင့်သုံးရေး သည်သာ ပဋ္ဌာနဖြစ်ပါ ကြောင်း။

ရန်ကုန်မြို့ ကြည့်မြင်တိုင် ဦးတင်ရွှေ၏ ဘိ၊ ဖြတ်လမ်း အမှတ်တွင် ( ) ဆွမ်းကပ်ရာ ဆရာတော် ဘုရားသည် ဆွမ်းအနုမောဒနာနှင့် တပည့်ဟောင်း တပည့်သစ် ၂၀-ကို တရား ဟောတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# မဇ္ဈိမပဋိပဒါ

ကဲကဲ တရားစဟောကြစို့။

မြတ်စွာဘုရား ရှိတော်မူစဉ်အခါတုံးက မထင်ရှားတဲ့ နတ်တပါးက မေးလျှောက်တယ်၊ အရှင်ဘုရား (သံသရာဝဲဩဃ) ထဲမှ၊ ဘယ်ပုံ ဘယ်နည်းဖြင့် လွတ်မြောက်တော်မူပါသလဲ ဘုရားတဲ့၊ အဲဒီလို မေးလျှောက်တော့ မြတ်စွာဘုရားက ပါဠိလို (အပ္ပတိဋ္ဌံ အနာယူဟံ တိဏ္ဏံ လောကေ ဝိသတ္တိကံ)အစရှိတဲ့ ဒေသနာတော်ကို ဟောတော်မူတယ်။ အဲဒီ ပါဠိတော်ရဲ့ အဓိပ္ပါယ်ကတော့ ငါသည်အားလဲမထုတ်ဘဲ၊ ရပ်တံ့၍လဲ မနေဘဲ၊ လောကကြီးကို လွန်မြောက်ခဲ့ဘယ်တဲ့၊ အဲဒီလို မိန့်ကြားတော်မူတယ်။

အကယ်၍များ ရပ်တံ့၍ နေလို့ရှိရင် မြုတ်သွားမယ်၊ မြုတ်ဆိုတာ အပါယ်လေးဘုံအစရှိတဲ့ သုံးဆယ်တဘုံထဲ မြုတ်သွားမယ်ပေါ့ ဟုတ်လား။ အားထုတ်ရင်တော့ကော ကူးရင်တော့ကော ကူးဆိုတာ အားထုတ်ကို ဆိုတာပေါ့။ အားထုတ်ရင်တော့မျောမယ်။ ဒါကြောင့်မို့ ငါဘုရားလဲ ရပ်တံ့၍လဲမနေဘဲ၊ အားလဲမထုတ်ဘဲ၊ ဤသံသရာ ဝဲဩဃမှ လွန်မြောက်ခဲ့တယ်တဲ့။ ဒီလိုမိန့် ဆိုတော် မူလိုက်တယ်။

ရပ်နေရင်မြုတ်သွားမယ်၊ ကူးရင် အားထုတ်ရင် မျောမယ်၊ ဒါဖြင့်ဘယ်အကျင့်မျိုးလဲ၊ အဲဒီအကျင့်ဘာအကျင့်လဲ (အားလဲ မထုတ်ဘဲ) (ရပ်တံ့၍လဲ မနေဘဲ) ဆိုတော့ (မဇ္ဈိမပဋိပဒါ) အကျင့်၊ မဂ္ဂင်တရားကိုယ် ရှစ်ပါးနဲ့ ပြည့်စုံတဲ့အကျင့်။

ကဲကဲအများ နားလယ်လွယ်တဲ့ စကားနဲ့ ပြောရရင် ငါဘု ရားသည် (သံသရာဝဲဩဃ) ထဲမှ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရား ဖြင့် ကူးမြောက် ခဲ့တယ်၊ လွန်မြောက် ခဲ့တယ်လို့ ဟောကြား တော်မူတယ်။ ရပ်နေရင် မြုတ်မယ်၊ ကူးရင် မျောမယ်တဲ့။ အဲ ဒါ ပါဠိတော်အတိုင်း ဟောရတာဘဲ။ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ရှေးဦးစွာ စာမျက်နှာမှာ ပါရှိပါတယ်။

# သိက္ခာသုံးပါး အကျင့်တရား

ဒါကြောင့် တို့ဟောနေပြောနေတဲ့ တရားတွေမှာ တရား တွေက (တရား အတိုင်း တိုင်း) အနတ္တ တရားက အနတ္တ အ တိုင်း တိုင်း ဟုတ်လား။ ဒီလိုမြင်ပါ၊ ဒီလိုသိပါ၊ (ဒီအတိုင်း တိုင်း) အေးချမ်း၍နေတယ်၊ ငြိမ်းချမ်း၍နေတယ်၊ ဒီလိုပကတိ အစကငြိမ်းနေလို့ အေးချမ်းနေလို့ သိစရာမြင်စရာကို အသိ ဉာဏ်ဖြစ်နေတယ်။

အဲဒီ ဉာဏ်မှာ- (သမာဓိ) နဲ့လဲ ပြည့်စုံနေတယ်၊ စိတ်ပြန့် လွင့်မှုမရှိလို့ စိတ်တည်ကြည် နေပါတယ်။

(သီလ)နဲ့လဲ ပြည့်စုံနေတယ်၊ ဘယ်အဖြစ်တွေမှ ကျူးလွန် မှုရှိမရှိသေးလို့ စိတ်မှာ ကြိုးပေါက်မှုတွေ စင်ကြယ်နေပါတယ်။

(ပညာ) ဖြင့်လဲ ပြည့်စုံနေတယ်၊ စိတ်မှာ တည်နေ ကြည် နေလို့ ဤစိတ်သည် တည်ကြည်ရာ ချုပ်ငြိမ်းရာ ရောက်နေ တယ်လို့ ဉာဏ်အမြင် ဆုံးဖြတ်တဲ့ ပညာ ပြည့်စုံ နေတယ်။

ဒီအကျင့် တရားမျိုးခင်ဗျ။ မဂ္ဂင် ရှစ်ပါးအကျင့်၊ အဲဒီအ ကျင့်တရားမှလွဲ၍ ကာမသုခလ္လိက နှင့်ရောဂအကျင့်မျိုး လဲနိဗ္ဗာန်

မရောက်ဘူး။ အဲဒီအကျင့်ကို (ရပ်၍နေတာ) ကုန်ကုန်ပြော လိုက်မယ်၊ ဒီရန်ကုန်မြို့ကြီးမှာ ပကာသနတွေ အလေ့လုပ်အာ လိုလိုက်ပြီး ပျော်ပါးမြူးတူးပြီး တရားမှန်ကို မေ့လျော့နေ ကြတာ။ ကာမသုခလ္လိက နုရောဂ အကျင့်ရပ်၍ နေကြတာ ဘဲ၊ ဒါမျိုးမကောင်းပါဘူး။ ဒီအကျင့်မျိုး မကောင်းပါဘူး ရယ်လို့ ဆိုပြီး စိတ်အစွမ်းကို အသုံးပြုပြီး ငါ့စွမ်းတွေနဲ့ (တရားကိုတခုထား) ငါက တယောက်အနေနဲ့ ကိလေသာ ကုန်အောင်ဟဲ့၊ ခန်းအောင်ဟဲ့၊ ကင်းအောင်ဟဲ့၊ ချုပ်အောင် ဟဲ့ ရယ်လို့ကျင့်ကြ—ကြံကြ အားထုတ်ကြနဲ့။

အလိုတခုရှေ့ထားပြီး အလိုသီးပြီးတော့ ရှေးတုံးကတော့ ရေငုတ်လား၊ မီးလှုံလား၊ တုံးခုံဟဲ့၊ ဇယ်ခုတ်ဟဲ့၊ ဘယ်နယ် ဟဲ့၊ ညနဲ့ဟဲ့၊ ကျွက်ကျွက်ကိုညံလို့ လုပ်လိုက်ကြတာ၊ လုပ်မှ ရမယ်၊ မီးပွတ်ယောကျ်ား ဘာ့နှယ်ရယ်စုံလို့ပေါ့။ အတ္တဗျော တည်တဲ့ အကျင့်မှား။ ဒါကြောင့် တို့ကမလုပ်နဲ့လို့ဘယ်တုံး ကမှ မဟောမတား၊ မဖျက်ဘူး။

# လုပ်သမျှဒုက္ခ

အဲဒီလိုတော့ မြတ်စွာဘုရား ဟောပြောသလို (သဗ္ဗေသင်္ခါ ရ)ဒုက္ခသိဘို့ မြင်ဘို့သာ ဟောတယ်။ အေး- အဲဒီ အကျင့်နှစ် မျိုးမှ အလွတ်၊ (ဝါ)ဂျားကြတဲ့ အကျင့်ပေါ့ဟုတ်လား။ (မဇ္ဈိ မင့်ပဒါအကျင့်) ကျင့်ကြရမှာ၊ အဲဒီအကျင့်မျိုးကိုသာ မြတ် စွာဘုရားဟာ သံသရာတည်းဟူသော ဝဲသြဃကြီးထဲမှ လွတ် မြောက်ခဲ့တယ်တဲ့။ ဒီနည်းမျိုးကို မထင်ရှားတဲ့ နတ်တမါးယဲ

အတွက် မဟုတ်ဘူး။ သိနိုင်မြင်နိုင်သူတွေ အားလုံးအတွက် (နည်းဘဲ) လွတ်နည်း လွန်မြောက်နည်းဘဲ။ ဒီနည်း လွယ် လွယ်နဲ့ ဘယ်လိုသိရမလဲ၊ ဘယ်လို မြင်ရမလဲဆိုဘော့-။

လိုရင်းကတော့(ယထာဘူတ)ဆိုတာ ဟုတ် ဟုတ်တဲ့အတိုင်း၊ တိုင်း၊ မှန် မှန်တဲ့အတိုင်းတိုင်း၊ ဖြစ်တော့ ဖြစ်တဲ့ အတိုင်းတိုင်း မဖြစ်တော့ မဖြစ်တဲ့အတိုင်းတိုင်း၊ (သိတဲ့ဉာဏ်) (ယထဘူတ) ဆိုတာပါ။ မြတ်စွာဘုရား ဘယ်လို ဟောခဲ့သလဲဆိုရင် အများကြီးပါဘဲ၊ (ရူပံ အနိစ္စံ၊ ဝေဒနာ အနိစ္စံ သညာ အနိစ္စံ သင်္ခါရေ အနိစ္စံ ဝိညာဏ အနိစ္စံ ) အစရှိတဲ့ ဟောပုံတွေ အများကြီးပါဘဲ၊ အတိုကျဉ်း အကျဉ်းချုံး လို ရင်း ထုတ်လိုက်ရင် (သဗ္ဗေ သင်္ခါရ အနိစ္စာ) အလုံးစုံသော သင်္ခါရ တရားတွေ အနိစ္စ (သဗ္ဗေ သင်္ခါရ ဒုက္ခာ)။

အားလုံးသော သင်္ခါရတွေ ဆင်းရဲတယ်။ (အချိုးနှမ်း) ပါဘဲ။ ဝါ၊ သတ္တဝါတို့ရဲ့ အလုံးစုံသော ဖြစ်ရမဲ့သင်္ခါရ၊ ပျက် ရမဲ့သင်္ခါရ တွေဟာ အနိစ္စတဲ့ အမြဲမရှိ၊ မမြဲဘူးတဲ့၊ ဒုက္ခတဲ့၊ ဆင်းရဲတယ်။ (အချိုးနှမ်း ) ဘာဘာ ညာညာ ခေါ်ဆိုသမုဒ် ရတဲ့ ဖြစ်ဖြစ်လာသမျှ တွေဟာ (သင်္ခါရ) ဟုတ်လား။ အား လုံးစုရင် (သဗ္ဗေ သင်္ခါရ အနိစ္စာ။ သဗ္ဗေ သင်္ခါရ ဒုက္ခာ။) သုံးဆယ့်တစ်ဘုံကြီးထဲမှာ သမုဒ်စရာ မှန်သမျှ (သင်္ခါရ)။

ဒါကြောင့် (သဗ္ဗေ ဓမ္မာ အနတ္တာ) အနတ္တဆိုတာ (ပညာ ကြီးတယ်) (ပညာ ကြွယ်တယ်) (သင်္ခါရမှ လွတ်တယ်) သင်္ခါရ မဟုတ်ဘူး၊ (တရားသေမဟုတ်ဘူး)

သင်္ဃေ ဆိုခြင်းကြောင့်-

ဖြစ်ပျက်တာလဲ အနတ္တ။
မဖြစ်သေးတာလဲ အနတ္တ။
မဖြစ်မပျက်တာလဲ အနတ္တ။
ဖြစ်ပျက်ကင်းရာကလဲ အနတ္တ။
နိဗ္ဗာန်ကလဲ အနတ္တ။
(ရှိရှိသမျှကုန်ရော) အနတ္တတဲ့ ဟုတ်လား။

ဒါကြောင့်-(သင်္ဃေ ဓမ္မာ အနတ္တာ) ဒီလိုဟောတော်မူတာပါဘဲ။ ဒါကြောင့်၊ သင်္ဃေ သင်္ခါရ အနိစ္စ တခုထဲကိုဘဲ ကြည့်ပါလား၊ ရှေးဦးစွာက သိလွယ်တယ်၊ မြင်လွယ်တယ်၊ (သိလွယ်မြင်လွယ်ဘို့) အနိစ္စက စ-ဟောတာပေါ့။ သိလွယ်မြင်လွယ်ပါတယ်လေ။

(သင်္ဃေ သင်္ခါရ အနိစ္စ တဲ့)။ အလုံးစုံသော ဖြစ်ပျက်မှုတွေဟာ အမြဲမရှိဘူးတဲ့။ အမြဲမရှိတာကို သိတော့ သင်္ခါရရဲ့လွတ်ရာ မြင်တာပေါ့။ ဒီလိုအသိဖြင့် အမြင်ဖြစ်ရင် (မရှိတာကို သိပြီး ရှိတာကိုမြင် မြင်သလို-နေ) တာပေါ့၊ တရားကလွယ်ပါတယ်၊ လွယ်လွယ်လေးပါ။ (မရှိတာကိုသိပြီး ရှိတာကိုမြင်။ မြင်တဲ့အတိုင်း နေတာ) ဒါဘဲ၊ ဆုံးရော။

မရှိဘူးလို့သိပြီး၊ ရှိမနေဘူးလို့သိပြီး၊ ဘယ်လိုလုပ်ရအုံးမှာလဲ(အို) ရှိတာနဲ့နေပေါ့။ သင်္ခါရ အမြဲမရှိဘူးဆိုတော့-

သင်္ခါရရဲ့ အမြဲမရှိရာက ရှိရမှာပေါ့။ မိုးသားတိမ်တိုက်တွေ မရှိဘူးဆိုတော့ မိုးကောင်းကင်ကြီး ထင်ရှားရှိသလိုဘဲ ဒီအိမ်မှာ လူမရှိဘူးဆိုတော့ မရှိရာက ရှိရမှာပေါ့။ အဲဒီလိုမရှိ

တာ အရင်သိတော့ ရှိတာမြင် ဖြစ်တာပေါ့။ အမြဲမရှိဘူး၊ သင်္ခါရတွေ အမြဲမရှိဘူးဆိုတော့ သင်္ခါရရဲ့ လွတ်ရာသာရှိလို့ သိလို့ မြင်လို့ ရှိတာနဲ့ နေလိုက်တယ်၊ အဲဒီလို သိတာမြင်တာ သိတဲ့မြင်တဲ့ဉာဏ်ကို (ယထာဘူတဉာဏ်) (ဝိပဿနာဉာဏ်) (မဂ်ဉာဏ်) လို့ ခေါ်တာ။ ဒီအကျင့်ကို (မဇ္ဈိမပဋိပဒါ) အကျင့်၊ မဂ္ဂင်ရှစ်ပါး ပြည့်စုံတဲ့ အကျင့်။

သိက္ခာသုံးပါး ပြည့်စုံတဲ့အကျင့် (အပ္ပတိဋ္ဌံ အနာယူဟံ တိဏ္ဏံ လောကေ ဝိသတ္တိကံ) ဆိုတဲ့၊ ဂါထာတော်နဲ့ လျော်ညီစွာသော မဇ္ဈိမပဋိပဒါ အကျင့်ဖြစ်တယ်။ (အဲဒီအကျင့် ကျင့်ကြရမှာ) ဘာကြောင့်လဲဆိုတော့ သဗ္ဗေ သင်္ခါရ အနိစ္စဆိုလို့၊ အမြဲမရှိဘူးသိလို့ သိပြီး ဘယ်လို နေရမှာလဲ၊ ရှိရာက နိဗ္ဗာန်၊ အဲဒီနိဗ္ဗာန်နဲ့ နေပြီးသား စိတ်၊ စိတ်အတိုင်းတိုင်း၊ မရှိတာနဲ့ နေတော့ (ရှိရာ ရောက်နေတယ်) ရှိတာနဲ့ နေ၊ မရှိအောင်မလုပ်နဲ့။ အဲဒါကို လုံးဟောတော့(သဗ္ဗေ သင်္ခါရ) ပြား လိုက်ရင်တော့ ရုပ်သင်္ခါရ။ နာမ်သင်္ခါရ။ အကြောင်းသင်္ခါရ။ အကြိုးသင်္ခါရ။ (ကိလေသာသင်္ခါရ) ကိလေသာ (မဟုတ်တဲ့သင်္ခါရ) အဲဒီသင်္ခါရတွေ အလုံးစုံ သိထားလိုက်ပါ။ တခုမှမကျန်ရအောင် လွယ်လွယ်ကူကူ ဟောလိုက်ပါတယ်။ အဲဒီလိုဟောပေမဲ့ တို့တတွေ သိထားရမှာက ဘယ်သင်္ခါတွေ အမြဲမရှိပါသလဲလို့ သိရမှာက၊ စာလိုကတော့ (ဥပဒါနက္ခန္ဓာ) အဲဒီ ဥပါဒါနက္ခန္ဓာ သင်္ခါရကတော့ ကိုင်စမ်း ဖမ်းလို့လဲ မရဘူး။ မျက်စေ့နဲ့လဲ မြင်မရဘူး။ ပုံဟန်လဲမရှိဘူး။ သဏ္ဌာန်လဲ မရှိဘူး။ ဒြပ်လဲမရှိဘူး။ နိမိတ်လဲမရှိဘူး။

အဲဒီ ပုံဟန်၊ သဏ္ဌာန်၊ ဒြပ်၊ နိမိတ်၊ မရှိတဲ့ သင်္ခါရတရားကို သိကြရမယ်၊ ဒီကိုယ်ကြီး ကြည့်ရမှာမဟုတ်ဘူး။ တလုံးမျှ လောက်ရှိတဲ့ ခြေအစခေါင်းအဆုံး ရုပ်တုံးခန္ဓာကြီး သိကြရမှာမဟုတ်ဘူး။ သိရမည့်တရား မဟုတ်ဘူး။ အဓိကမဟုတ်ဘူး။ ဒီရုပ်တုံးခန္ဓာကြီးဟာ အနိစ္စတော့ဟုတ်တယ်။ (မမြဲတဲ့အနိစ္စ) (သာမညလက္ခဏာ) ပေါ့။ (ဝိသေသလက္ခဏာ) မထိုက်ဘူး။ ဝိသေသ လက္ခဏာထိုက်တဲ့၊ အနိစ္စကတော့ အတိုချုံး ဟောရမှာပေါ့လေ။

သိရမဲ့တရားကတော့ ပုံဟန်၊ သဏ္ဌာန်လဲမရှိဘူး။ ကိုင်စမ်းဖမ်းလို့လဲ မရဘူး။ မြင်လဲမမြင်ရဘူး။ ရှာလို့လဲမရဘူး။ အဲ့သူဘဲခက်နေတယ်၊ အဲဒီတရားကဘယ်မှာဖြစ်တာတုံး၊ဘယ်လိုမျိုးဖြစ်မှာတုံး။ သူဘဲဖြစ်နေတာဘဲ၊ သူ့ဘဲမသိတာဘဲ။

အဲတဲ့တဲ့သိဘို့က အဲဒီပုံဟန်, သဏ္ဌာန်, နိမိတ်တွေ ဖြင်ဖြစ်လာတာ(စိတ်မှာဖြစ်တတ်တာ) အမြဲဖြစ်တာမဟုတ်ဘူး။ အမြဲမဖြစ်လို့စိတ်မှာ၊ အဲဒီ ပုံဟန်-သဏ္ဌာန်-နိမိတ်-ခေါ်တဲ့ (ဥပဒါန်ကိလေသာ) ဗမာလိုကတော့၊ ဒေါသစိတ်၊ လောဘစိတ်တွေ အမြဲဖြစ်နေတာ မဟုတ်လို့ အနိစ္စ၊ (အမြဲမရှိလို့, ဝိသေသလက္ခဏာ) ထိုက်တဲ့(ဉာဏ်အမြင်ဖြစ်ရမှာ) ဒါကြောင့် အနိစ္စဆိုပေတဲ့ တရားရရေး တရားသိမြင်ရေးအတွက် နှင်လွှာထွက်လာတယ်၊ အမြဲမရှိကို သိမြင်မှ ဝိပဿနာဉာဏ် ဖြစ်ကြရမှာ။ ဒီဉာဏ် အသိအမြင်ထူးဖြစ်မှ (အမြဲရှိ)တဲ့ နိဗ္ဗာန် မျက်မှောက်ပြုတဲ့ မဂ္ဂဉာဏ်ဖြစ်ခွင့်ရကြမယ်၊ (ဖြစ်တတ်တာတွေလဲ သိကြ) (မဖြစ်သေးတာ အဖြစ်ကင်းလွတ်နေတာလဲ သိမြင်ကြ)။

ဒါမှ အဖြစ်ကင်းစရာ အဖြစ်ကုန်ရာ အဖြစ်ချုပ်ရာ လွယ်လွယ်သိမြင်ခွင့် ရကြပါမယ်။ ဖြစ်တတ်တာတွေ ဖြစ်တာတွေ ဘယ်လိုလဲ။ ဒီရန်ကုန်မြို့ကြီးမှာ လောဘမီးတွေ ဖြစ်ကြတယ်၊ ဒေါသမီးတွေ ဖြစ်ကြတယ်၊ သောကမီးတွေ ဖြစ်ကြတယ်။ တဲ့တဲ့ ဟောလိုက်ပါမယ်၊ ပူးဆွေးတဲ့စိတ်တွေ ဖြစ်ကြတယ်။ စိတ်ကိစ္စ စိတ်အလုပ်။ စိတ် ဘာဘာညာညာတွေ ဖြစ်ကြတယ်၊ သဘ်မဟဲ့၊ ဖြတ်ပဟဲ့၊ ခိုးမဟဲ့၊ ဖွက်မဟဲ့၊ ဖြစ်ကြတယ်၊ ကုသိုလ်စိတ်တွေ ဖြစ်ကြတယ်၊ အကုသိုလ်စိတ်တွေ ဖြစ်ကြတယ်၊ လှူဒါန်းပေးကမ်းမှုတွေ ဖြစ်ကြတယ် မဟုတ်ဘူးလား။ သွားကြမယ်၊ လာကြမယ်နဲ့ ကျွက်ကျွက်ကိုညံလို့၊ အဲဒီလိုတရားတွေ ဘာဖြစ်လို့ ဖြစ် လာတာတုံး။ ဘယ်က အစလဲ၊ ဘယ်ပုံသိရမြင်ရမလဲ။ ဘယ်သူရှေ့သွားလဲ၊ ဘယ်သူဦးဆောင်လဲ၊ (စိတ်) စိတ်ကပါဗျ။ စိတ်မပါ ဘယ်ဖြစ်မလဲ။ စိတ်က ဖြစ်လာတာပါ၊ ကိလေသာဆိုတာ လွယ်လွယ်ကလေးနဲ့ မဖြစ်ဘူး။ တရားသမား အသိုင်းအဝိုင်းမှာလဲ လုပ်မှရမယ်၊ လုပ်ဘို့မလိုဘူး။ ဒေသနာမပါဘူး၊ ဓါတ်လေးပါး ဓါတ်ရှစ်ပါး ရုပ်မှဟဲ့၊ နာမ်မှဟဲ့၊ နာမ်ရုပ်မှဟဲ့၊ ကြွမှလှမ်းမဟဲ့၊ တရားတွေ အဘူတူဟဲ့၊ မဘူဘူးဟဲ့၊ ဘယ်မုဒ်ကတက်တယ်ဟဲ့၊ သီလအရင်ဟဲ့၊ သမာဓိပထမဟဲ့၊ ပညာဖြစ်အောင်ဟဲ့၊ ဧရာက စကျင့်ရမှာဟဲ့၊ ဘယ်နှယ်ညာ့နှယ်ဆူလို့ပွက်လို့၊ အယူတွေ ဦးထိပ်ထားငြင်းကြ ခုံကြ ပုတ်ခတ်ကြနဲ့၊ သောသော ညံလို့ဘဲ။ ရှိသာမရှိတယ်၊ သူဆို သူဘဲ မဟုတ်လား။ ဒါကောင်းတယ်၊ ဒါမကောင်းဘူး၊ ဒါဟုတ်တယ်၊ ဒါမဟုတ်ဘူး။ ဒါကြိုက်တယ်၊

ဒါမကြိုက်ဘူး။ ဒါရချင်တယ်၊ ဒါမရချင်ဘူး။ အမျိုးမျိုးတွေ (စိတ်မှာ မဖြစ်ဘူးလား)။ စိုးရိမ်တယ်၊ ပူပန်တယ်၊ ကြောင့်ကြတယ်၊ တောင့်တတယ်၊ အစရှိတာတွေ စိတ်မှာ မဖြစ်ဘူးလား။ အဲဒီစိတ်ဖြစ်တဲ့ တရားမှာ ပုံဟန်၊ သဏ္ဌာန်၊ နိမိတ်၊ ရှိပါမလား။

(တရားကို လွယ်လွယ်သိပါ) လွယ်လွယ် သိမြင်နိုင်ဘို့သာ ခက်တာ၊ အဲဒီ စိတ်ဖြစ်လာရတဲ့ တရားတွေက (သင်္ခါရတရား) အဲဒီသင်္ခါရ တရား တွေက အမြဲ ရှိပါမလား၊ မရှိဘူး။ မရှိလို့သာ အနိစ္စ။ သဗ္ဗေ သင်္ခါရ အနိစ္စတဲ့။ လွယ်ပါတယ်။ အခု ကြည့်ပေါ့ ငိုချင်တဲ့စိတ် အခုရှိသလား မရှိပါဘူး။ ကိုင်း ခင်ဗျားတို့စိတ်မှာ အဲဒီသင်္ခါရ တရားတွေ အမြဲရှိပါ့မလား။ မရှိတာဟာ မရှိလို့ မရှိဘူးပေါ့။ မဟုတ် ဘူးလား။ တရားဖြင့် သိမြင်ဘို့ စတောင်မစသေးဘူး သင်္ခါရတွေ တခါထဲချုပ်ချင်တာက ခက်တယ်။ တဒင်္ဂတဲ့၊ ဝိက္ခမ္ဘနတဲ့၊ သမုစ္ဆေဒတဲ့။

တရားဆိုတာ တရားဂုဏ် အပြည့်အဝရှိတယ်၊ ခင်ဗျားတို့ မယုံသင်္ကာရှိတဲ့ လောဘတရား၊ ဒေါသတရား၊ ကိလေသာ တရားတွေ အခုရှိမရှိ သိကြပေါ့၊ တရားဟာ သန္ဒိဋ္ဌိက၊ အကာလိက၊ အရင်ကနဲ့ နောင်ကိုမထည့်နဲ့။ အခုကြည့် အခုသိမှ ဂုဏ် ၆-ပါးနဲ့ ပြည့်တဲ့တရားဖြစ်မှာ။ ဒါကြောင့်ပယ်သတ်ချင်တဲ့ အဲဒီ ကိလေသာ သင်္ခါရတရားတွေ မိမိတို့ရဲ့စိတ်မှာ အမြဲမရှိပါဘူး။ ရှိခဲ့ရင်လဲမမြဲပါဘူး။ သေသေချာချာကြည့်လိုက်တော့ အမြဲ မရှိဘူး ဟုတ်ကဲ့လား။

အေး အဲဒီလိုမရှိတာကို မရှိဘူးလို့ တွဲတွဲသိဘို့ရာ ခုချိန်ခုအ

ခါမှာ ဘယ်ဆင်းရဲ ဘယ်ဒုက္ခတွေ ရောက်နေသလဲ၊ စိတ်မှာ ဘယ်ဒုက္ခမှ ရောက်မနေပေဘူး။ ဘယ်လိုဖြစ်နေသလဲ ဘယ်လိုမှ ဖြစ်မနေကြဘူး၊ ဘာမှမဖြစ်ဘူးဆိုရင် (ငြိမ်းနေဘယ်)။

(အဲဒီ ငြိမ်းတဲ့တရား ဟောချင်တာဘဲ) အခိက တရားဘဲ၊ နိဗ္ဗာန် မြင်ဘို့ရာ ရှေးဦးစွာ ဒီလို သိရမှာ၊ လောဘ စိတ်တွေ၊ ဒေါသ စိတ်တွေ၊ ငိုရိုပူဆွေးစိတ်တွေ၊ (အမြဲမရှိပါဘူး–အနိစ္စ) (ရှိလာရင်=ဒုက္ခ) ဆင်းရဲတယ်၊ အချိးနှိမ်းဖြစ်တယ်၊ ဟုတ်ကဲ့လား။ အဲဒီ ဆင်းရဲ အချိးနှိမ်းဖြစ်တဲ့ စိတ်တွေ အမြဲမရှိဘူးလို့ သိတာ (ယထာဘူတ)။ ယထာဘူတ ဆိုတာ ဗုဒ္ဓဝါဒ **အစစ်ဘဲ**။ ယထာဘူတဆိုတာ၊ ဟုတ် ဟုတ်တဲ့အတိုင်း၊ မှန် မှန်တဲ့ အတိုင်းတိုင်း၊ မဖြစ်တော့ မဖြစ်တဲ့ အတိုင်းတိုင်း၊ **အဖြစ်ငြိမ်းတော့ အဖြစ်ငြိမ်းတဲ့အတိုင်းတိုင်း**။

(သူ့အတိုင်းတိုင်း)ဒီအတိုင်းတိုင်း **ဟောတာ**၊ တို့ဗုဒ္ဓဝါဒ။ ဗုဒ္ဓဝါဒဆိုတာ (စိတ်ထင်နဲ့ ပါးစပ်ပြော ဟောတာ မဟုတ်ဘူး။) စိတ်ဆိုတာ ထင်ချင်သလိုထင်ဖြစ်တယ်၊ ပါးစပ်ဆိုတာ ပြောချင်တာပြော ပြောဖြစ်တယ်။ သိခြင်လဲ သိဖြစ်တယ်၊ ကြံခြင်သလိုကြံဖြစ်တယ်။ ယူခြင်သလိုယူ ဖြစ်တယ်၊ ဆဲခြင်လဲ ဆဲ ဖြစ်တယ်၊ အတင်းပြောဂုံးတိုက် အတိုအထွာပြော ဖြစ်တယ်။ ငိုခြင်ငိုဖြစ်တယ်၊ ရီခြင်ရီဖြစ်တယ်၊ **စာဖတ်တော့လဲ** ဒီပါးစပ်ဘဲ၊ ဆဲတော့လဲဒီပါးစပ်ဘဲ၊ ကျိမ်ရင်လဲ ဒီ**ပါးစပ်ဘဲ** ဒီပါးစပ်ကိုဘဲကြည့်ပါအုံး၊ တခုခုကိုဘဲ အမြဲဖြစ်သ**လားလို့** မဖြစ်ပါဘူး။ ပါး**စပ်**ကသူ့ဟာသူ နေတဲ့အခါနေတာဘဲ၊ မနေတဲ့အခါ ပြောငိုဆိုဆဲဖြစ်တာဘဲ။ စိတ်လဲဒီလိုဘဲ၊ **သူ့**ဟာ

သူ (စိတ်အတိုင်းတိုင်း) နေတဲ့အခါ နေတာဘဲ၊ မနေတဲ့အခါ ထင်ခြင်တာထင် ဖြစ်တာဘဲ၊ ယူခြင်တာယူဖြစ်တာဘဲ၊ ဒါကြောင့်(စိတ်ထင်နဲ့ ပါးစပ်ပြော၊ တို့ဘုရားမဟောဘူး။ ဘယ်သူတွေက ဘာဘဲပြောပြော၊ ဟုတ်နေတာ မှန်နေတာကိုသာ ခန္ဓာနဲ့ ဟပ်၍ သိကြရ မြင်ကြရမယ်။ ပြောခြင်တာတွေပြော။ ပြောတာက ဟုတ်မလားဘူး။ ထင်ခြင်တာတွေထင်၊ ထင်တာကဟုတ်မလားဘူး။ သူ့ဟာသူက ဟုတ်နေမှန်နေတာ (တရားက တရားအတိုင်းတိုင်း) မှန်နေဟုတ်နေတာ၊ သူ့ဟာသူဟုတ်နေ မှန်နေတာကို ပြောင်ပြောင်ကြီး သိကြ မြင်ကြ။ သိအောင်မြင်အောင်ရယ်လို့ တို့များက (တရား တရားအတိုင်းတိုင်း) ဟောရပြောရပါတယ်။

သူ့ဟာသူဟုတ်၍မှန်၍နေပုံက အိုချိန်ကျ,အိုမယ်၊ နာချိန်ကြ,နာမယ်၊ သေချိန်ကြ, သေတယ်၊ တရားအတိုင်းတိုင်းဘဲ။ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့ရင်လဲ သူ့ဟာသူဆင်းရဲခြင် ဆင်းရဲနေမှာ၊ စိတ်ထင်စိတ်လိမ်တွေဟာ မမှန်ဘူး။ မအို မနာ မသေ အောင်ကတော့ ဘယ်လိုထင်ထင်၊ ဘယ်လိုပြောပြော ထင်သလို ဟုတ်မလာဘူး။ ပြောသလို မှန်မလာဘူး။ (သူဟုတ်သလိုဟုတ်နေတာ) သူမှန်နေသလို မှန်နေတာ၊ စိတ်ထင်ဆိုတာ မဟုတ်ဘူး၊ မမှန်ဘူး။ စိတ်ထင်နောက် ရှောက်လိုက်မနေနဲ့ ဟုတ်လား။ စိတ်ထင်တာ ဓလေ့က စိတ်ကလိမ်ပြနေတာ။ စိတ်ယူဆတာတွေမို့။ (စိတ်ထင်ကိုမယုံကြနဲ့)

သေတော့မသေခြင်ကြဘူးတဲ့။
သေမင်းကိုတော့ ခင်၍နေကြတယ်။

ဒါကြောင့် ရှေးက အဖွါးကြီးတွေ၊ ဆဲရာမှာ တောင် (သေမင်းခင်မတွေ)တဲ့။ ဟဲ့–သေမင်းခင်မ ဟုတ်တယ်၊ အဲဒီစကားမှန်တယ်၊ သေမင်းကို ခင်နေကြသမို့လို့ သေမင်းခင်တွေ) ဟယ်သေမင်းဆိုတာကတော့ တခြားမဟုတ်ဘူး၊ ခင်ဗျားတို့ (မသိစိတ်ဟာ)သေမင်းဘဲ။ စိတ်ထင်၊ စိတ်ယူ၊ စိတ်မှတ်၊ စိတ် လုပ် သမျှတွေ ဟုတ်တယ် မှန်တယ်လို့ ဇွဲကြီးချ သေမှကောင်းမယ်လို့ထင်၊ ဒီအထင်၊ အဟုတ်မှတ် အဆိပ်သောက်ဟဲ့၊ ဒါးနဲ့လှီးဟဲ့၊ ရထားကျိတ်ခံဟဲ့၊ ရေထဲခုန်ချဟဲ့၊ စိတ်ထင်တာတွေကို စိတ်ကယူ စိတ်ကလုပ်၊ ဒီစိတ်က သက်တာဘဲမဟုတ်လား။ တရားသမား ဘက်ကလဲ ဟိုလိုလေး၊ ဒီလိုလေး၊ ကိလေသာ ကုန်အောင်လေး၊ ခမ်းအောင်လေးနဲ့ စိတ်ထင်တာတွေ ယူထားကြတာတွေကလဲ မနဲပါဘူး။ အဲဒါတွေဟာ စိတ် ကဘဲ မဟုတ်လား။ တွဲတွဲပြောရရင် ဒီစိတ်လုပ်တာနဲ့ဘဲ–

| | |
|---|---|
| အဖန်ဖန်ဖြစ်ရ | ဇာတိ။ |
| ။ ။ အိုရ | ဇရာ။ |
| ။ ။ နာရ | ဗျာဓိ။ |
| ။ ။ သေရ | မရဏ။ |

(အဖန်ဖန်ဆိုတာ ဒီစိတ်ကို အို–နာ–သေ–ပြောတာ)သတ်တာဘယ်သူက သတ်ဖြစ်တာလဲ၊ သတ်သူဘယ်သူရယ်လို့ ဟုတ်မလဲ၊ သွေးသား ပဋိသန္ဓေ ကိုယ်ဝန် ဇာတိကို ဆိုတာမဟုတ်ဘူး၊ ဥပါဒါန် ဇာတိစိတ် ဇာတိကို အထူးသိကြ၊ အသိထူးမှ တရားထူးရကြမယ်။

စိတ်–ဒီစိတ်ဘဲ (မသိစိတ်ပေါ့) ဒီစိတ်က ဘယ်လိုဟဲ့၊ ညာ

လိုဟဲ့၊ အစရှိသဖြင့်ပေါ့လေ၊ ဘယ်လို ညာလိုမှုဟုတ်တယ်၊ အမျိုးမျိုးသော (အထင် အယူအဆတွေ) ငါ့အိုး-ငါ့အိမ်-ငါ့ပစ္စည်း-ငါ့ဥစ္စာ အစရှိသဖြင့် သိမှတ်ယူစွဲနေတယ် မဟုတ်ဘူးလား။ ငါ့တရားမှဟုတ်တယ်၊ သူ့တရားမမှန်ဘူး၊ ငါ့အယူကဘာဘဲ၊ သူ့အယူကဘာဘဲနဲ့ ယူဆယုံကြည်နေတယ်။ အမှားတွေယုံနေတယ်၊ မဟုတ်ဘူးလား၊ (ယုံမှားခြင်းတွေ ဖြစ်နေတယ်မဟုတ်ဘူးလား) အဲဒီစိတ် ဖြစ်ပျက်နေတာကို လိုက်နေကြတယ်မှုတ်လား၊ ဒီစိတ်သတ်နေသမို့လို့ ဒီ(မသိစိတ်) အသိဉာဏ်မယှဉ်တဲ့ စိတ်ကို (သေမင်း)၊ ဒီသေမင်းကို ခင်နေလို့ (သေမင်းခင်တွေ) ဒီစိတ်သတ်နေပါလားလို့မသိဘဲ မမြင်ဘဲနေတော့ စိတ်ပူသမျှနဲ့ပြီး စိတ်လိမ်ချက်နဲ့ စိတ်ဖန်တီးသမျှ ခံနေကြရတာပေါ့ဘဲ၊ ဒါဖြင့် ဒီစိတ်အမြဲဖြစ်သလား၊ မဖြစ်ပါဘူး။ ဒီစိတ်မျိုးတွေ မဖြစ်သေးတဲ့သဘော အဖြစ်ငြိမ်းတဲ့သဘော အဖြစ်ကင်းတဲ့သဘော၊ ဒီသဘောအမှန်ကို မြင်တာ။

(စက္ခု ဥဒပါဒိ) မြင်တာထင်ရှား ဖြစ်တယ်။
(ဉာဏံ ဥဒပါဒိ) အသိဉာဏ်ထင်ရှားဖြစ်တယ်၊

ဟုတ်တယ်မဟုတ်ဘူး မှန်တယ်မမှန်ဘူးလို့ တဲ့တဲ့မှန်တာ မှားတာ ဆုံးဖြတ်သိတာ၊ မြင်တာက(ပညာဥဒပါဒိ)တဲ့။ အတိုင်းတိုင်း မရှိတာကို မရှိ၊ မရှိတော့ မရှိရာစာခုက ထင်ရှား ကော သူ့အတိုင်းတိုင်းရှိတယ်၊ အတိုင်းတိုင်းဆိုတာ ခုဘာတွေ ဘယ်လို ဖြစ်နေကြသလဲ၊ သူ့အတိုင်းတိုင်းက ငြိမ်းမနေဘူးလား၊ အေး-မနေဘူးလား၊ အေး့ အောင်ရယ်လို့ ငြိမ်း

အောင်ရယ်လို့ ခုလုပ်ထားကြရလား၊ လုပ်မထားရပေါဘူး ကွယ်။

(အဘူတံ၊ အကတံ၊ အသင်္ခတံ)တဲ့ အေးပြီးသား ငြိမ်းပြီး သား ဖြစ်နေသမို့လို့ အေးရာ ငြိမ်းရာမြင်ကြပြီး အေးသလို ငြိမ်းသလို ဒီအတိုင်းတိုင်းနေကြ၊ အဲဒီလို ကျင့်သုံးကြတာကို ဒုက္ခနိရောဓ ဂါမိနိပဋိပဒါအကျင့်၊ မဇ္ဈိမပဋိပဒါအကျင့်၊ ချုပ် ကြောင်းအကျင့်ပါတဲ့။

အေး ဒီလိုမမြင်နိုင် ဒီလို မကျင့်နိုင် ကြလေတော့ စိတ်က ဟိုထင်-ဒီထင် ပါးစပ်က ရှောက်ပြောနဲ့။

စိတ်ထင်နဲ့ ပါးစပ်ပြော ဖြစ်နေကြပါကရော၊ စိတ်ထင် ပြောနဲ့ ပြုကြလုပ်ကြ အလိုတွေဖြစ်ကြရတယ်၊ တဏှာသမုဒယ သစ္စာဆိုတာ ဒီစိတ်ကြောင့်ဖြစ်ရတာ၊ ဒီစိတ်ကိုသိကြရောပေါ့၊ သေမင်းဆိုဘာ မိမိတို့ရဲ့ခန္ဓာကိုယ်က စတဲ့(စိဘ်)၊ မိမိတို့ရဲ့မ သိစိတ်တရားဟာ သေမင်း။ ဒါကြောင့် ဒီစိတ်ကို အသိဉာဏ် ယှဉ်ပြီး မရှိတာကို မရှိ၊ ရှိတာကိုရှိတယ်ဆိုတဲ့ ဉာဏ်အသိဖြစ် အမြင်ဖြစ်ကြမှ တရားကျင့်သုံးတတ်ကြမယ်၊ ဒီစိတ်မှာ တခုခု ဖြစ်လာတယ်ဆိုပါတော့ ဖြစ်လာရင် သက်သာမလား၊ ဆင်း ရဲမလား၊ အဲဒီလို နှိုင်းချိန်ကြည့်ကြပေါ့။ စိတ်မှာအပြစ်ကင်း နေတဲ့အခါနဲ့ ဖြစ်နေတဲ့ အခါပေါ့၊ အဘိညာ-ပရိညာ ခေါ် တယ်။

ဆရာတော်ဘုရားသည် တရားဟောနေစဉ် အိမ်ကလဲကျဉ်း အပူကလဲအလွန်ပူသဖြင့် ချွေးစီးများထွက်၍ မောဟိုက်နေပါ သည်၊ ရေတခွက်သောက်တော်မူပြီး၊ ခေတ္တနားနေ၍ ဝမ်းဗိုက်

ကို လက်ဖြင့်ထောက်ထားပါသည်၊ တပည့်ဒကာများက ပန်ကာဖွင့်ပေး၍ ၅မိနစ်ခန့်အကြာတွင် ချောင်းဟန့်ပြီး ဆက်လက်၍ တရားဟောပါသည်။

ဟောမည့်တရားက လွယ်လွယ်ပါ မခက်ပါဘူး၊ ဒီအတိုင်းက တရားကောင်ကြီး ဘာတွေညာတွေဆိုတာ စိတ်က သမုဒ်တာ၊ တရားတွေကိုလိုက်ပြီး (စိတ်)က သိအောင် မှန်လာအောင် ဘယ်နည်းဘယ်ပုံ ဖြစ်လာအောင် ဘာမှမလုပ်ဘူး။ ဘာမှ မလုပ်လေတော့၊ ဒီအတိုင်းတိုင်း ငြိမ်းချမ်း နေတယ်၊ ဒီအတိုင်းတိုင်း ငြိမ်းချမ်းနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုနင်ကပြောခဲ့သလို (ဖြစ်မည့်စိတ်တွေက အမြဲမရှိလို့) အမြဲမရှိဘူးမို့လို့ ရှိတာနဲ့ သိပြီးနေတာ၊ အဲဒီရှိတာနဲ့ သိနေတဲ့အကျင့် ကျင့်ကြရမှာ၊ (ဖြစ်တတ်တာတွေက ငြိမ်းချမ်းနေတယ်) (ငြိမ်းနေတာမှန်လို့ ငြိမ်းရာက ရှိတယ်) (အဲဒီငြိမ်းရာဆိုတာက နိဗ္ဗာန်) အဲဒါဟုတ်တယ် မှန်တယ်၊ အဲဒီဟုတ်နေမှန်နေတဲ့ တရား သိမှ၊ မြင်မှ (ယထာဘူတဉာဏ်) ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖြစ်ကြရမယ်။ ဒါမှတို့ဘုရားဝါဒနဲ့ ကိုက်ညီကြမယ်၊ ကြည့်ကြပါလားလို့ ခုဟုတ်နေ မှန်နေပုံကို ဒီတရား အဓိက ပဋ္ဌာနထား သိကြရမှာဘဲ၊ ခုဖြစ်နေပုံ ဘယ်ပုံ ဖြစ်နေသလဲ၊ ငြိမ်းနေသလား၊ ဖြစ်မနေကြသလား၊ (ဒီအတိုင်း တိုင်း ငြိမ်းနေပါတယ်) ဒီငြိမ်းနေတဲ့ သဘောသိပြီး ငြိမ်းရာကိုမြင်၊ (မြင်တဲ့အတိုင်းနေ) (ဒါမမေ့ကြနဲ့) (ဝယဓမ္မာ သင်္ခါရာ အပမာဒေန သမ္ပါဒေထ) လို့ အတန်တန်မှာခဲ့တာဘဲ၊ သင်္ခါရတရားတွေ ကုန်ဆုံးနေတယ် မမေ့ကြနဲ့။ ငြိမ်းတာလောက်မြင်သိမှ

ငြိမ်းရာမြင်ခွင့်ရမယ်။ မငြိမ်းသဘောတွေ ရှောက်သိ့ရှောက်မြင့်ရှောက်ပြော့နေကြရင်တော့ (မဆုံးဘူး)။ ဆုံးဆိုတာက ခုဖြစ်နေသလား၊ အဖြစ်ဆုံး နေသလား၊ အဖြစ်တွေ ဆုံးနေပါတယ်၊ တို့ဟောသမျှတွေမှာ (ဝယဓမ္မာ သင်္ခါရာ) သင်္ခါရ တရားတွေ ဝယ့်ဖြစ်နေတယ်၊ ဆုံးနေတယ်၊ ကုန်ဆုံး နေတယ် (အဆုံးက စဟောတာ)။

အခု ကြည့် အခု ဆုံးနေတာသာ သိဘို့ ရှိတယ်၊ ဆုံးနေတာသိမှ၊ ဆုံးရာ ကုန်ရာ ချုပ်ရာ မြင်ပါတယ်။ တို့ဘုရား ဝါဒအတိုင်း ဟောရတာကို ဘယ်ဘာသာ ဘယ်အယူကမှ ငြင်းလို့မရဘူး၊ မဟုတ်ပါဘူးရယ်လို့ မမှန်ပါဘူးရယ်လို့ ငြင်းမရပါဘူး၊ ငြင်းခြင်ရင် ငြင်းမည့်စိတ်ကို ကြည့်ပါလား၊ အမြဲမရှိပါဘူး။ ရှိလာရင်လဲ ပျက်ပါတယ်။

ပျက်မျိုးမို့မရှိပါဘူး၊ တရားကျင့်ဘို့ဆိုရင် ကျင့်ရမည့်တရား အရင်သိကြ။ ကျင့်ရမည့်တရားက ဖြစ်လိုင်းလား၊ ချုပ်လိုင်းလား ။

တို့ဟောတာတွေက ချုပ်လိုင်း၊ ဖြစ်လိုင်းနဲ့တော့ အလွန်ဆန့်ကျင်တယ်၊ ပဋိဝေဒ ဘာသာပြန်ဟောတာမို့ ကြားခဲ့ဘူးတာတွေနဲ့တော့ ဆန့်ကျင်တယ်၊ ရှေးဦးစွာ တရား ကျင့်သုံးနိုင်ကြဘို့ တရားကျင့်နည်း၊ ဉာဏ်ဖြင့်ကျင့်နည်း၊ ဘယ်ရိပ်သာမှာမှ သစ်တပင်အောက်မှာမှ မဟုတ်ဘူး၊ (အလုပ်အကိုင်မပျက်) အသိဉာဏ်ဖြစ်သူတိုင်း ကျင့်သုံးတတ်ဘို့ဘဲ၊ အိုတတ်နာတတ်သေတတ်ဘို့ဘဲ၊ အနေတတ်ဘို့ အသိမှန်ဘို့ အမြင်မှန်ဘို့ နာနာဥပ္ပါဒဝတော လွတ်ဘို့၊ ဆရာအမျိုးမျိုးမှ လွတ်ဘို့

ဘဲ။ ဒီအတိုင်း လွတ်ပြီးသားကို **ဟောရ** ပြောပြရတာ၊ ဒီအတိုင်းတိုင်း ဘာတွေဖြစ်နေသလဲ၊ ကိလေသာနဲ့လဲ လွတ်နေတယ်၊ သင်္ခါရဆိုတာ တွေနဲ့လဲ လွတ်နေတယ်၊ လွတ်ရာကရား အလိုရှိလို့ ရှာကြရင် လွတ်နေတာလေး လောက်တော့ သိမှမြင်မှ၊ လွတ်အောင်ရယ်လို့ ဘယ်လိုဘဲ လုပ်လုပ်၊ လုပ်သမျှ ဟာသင်္ခါရဆိုရင် ဒုက္ခဘဲ၊ ဒါကိုသိလွယ်ကြဘို့ တို့က(လုပ်သမျှဒုက္ခ) လို့ ဟောရတာ၊ မလုပ်တော့ သုံခလားလို့ ရှဲမေးကြတယ်၊ **အေး** ဖြေလိုက်ပါမယ် မလုပ်လဲဒုက္ခ။

တေဘုမ္မကံ ဝဋ္ဋံ ဒုက္ခံ တဲ့။

ဒုက္ခလွတ်ဘို့ ပဋ္ဌာန၊

ဒုက္ခလွတ်ရာမြင်ဘို့ အဘိကရ၊

ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အကျင့်တတ်ဘို့ ရှေးဦးထား ကြရမှာ (ပကတိ)လွတ်နေတာ ချုပ်နေတာ အေးနေတာ မြင်မှအေးသလို ကျင့်တတ် ကြမယ်၊ ဟိုဘက်က ဒကာမကြီး တွေ တို့ဟောတာ သဘောမပေါက်သေးရင် တရားရှာနည်း ကျင့်သုံးနည်း လွယ်လွယ် ပေးလိုက် ပါမယ် လိုက်ဆိုကြပေါ့။

ရှေးရေး နောက်ရေး မတွေးမကြံ၊

ပစ္စုပ္ပန်ရေး **အေး အေး** နေပြန်၊

(ပကတိကအေးပြနေဟန်)၊ **အေး**ပြမှု ပွါးရှုအဖန်ဖန်။

အဲဒါကို ရအောင် ကျက်ပြီး ဆင်ခြင်ကြ၊ ကျင့်သုံးကြ၊ တရားသတိရှိကြ၊ **(မနေမှုကြနဲ့ )**

ဆရာတော်ဘုရားသည် ၁၃၂၉ ခု၊ ကဆုန်လဆန်း၆-ရက် ၁၂-နာရီ ၂၇-မိနစ်တွင် တရားရှေ့ဆက် ဟောရန် မဖြစ်ဘဲ ဖ ။ ၆ ။

ချွေးသီး ချွေးပေါက်များ ကျလာသဖြင့် တရားဟောရပ် အဆုံးသတ်ပြီး ရေတခွက် သောက်တော်မူ၍ ကုလားထိုင် မှီနေပါသည်။ တရား နာလျက်ရှိသော ဒေါက်တာ ဦးစံမြအောင်သည် ဆရာတော်ကြီးအား သွေးစမ်း၊ ကိုယ်အပူ လက်ဖြင့်စမ်းပြီး၊ ဆေးသေတ္တာအိမ်သို့ ပြန်ယူပါသည်။ ဆေးသေတ္တာနှင့် ဒေါက်တာ ဦးစံမြအောင် ရောက်လာပြီး ဆရာတော်ကြီးအား ဆေးတခွက် တိုက်၍ ဘီ ၂-ဖြတ်လမ်းမှ၊ ၆၅-နိဗ္ဗာန် လမ်းသို့ ပင့်ဆောင်သွား၍ ထပ်မံ ဆေးထိုးပေးပါသည်။ တနာရီခန့် အကြာတွင် ဆရာတော်ကြီးသည် ရန်ကုန် ရိပ်သာကျောင်းသို့ ပြန်ကြွတော်မူပါသည်။ နိဗ္ဗာန်လမ်းတွင် ရှိခဲ့သောတပည့်များက ၃-နာရီ အချိန်တွင် စုပေါင်း၍ ဆရာတော်ကြီးအား အခြေအနေ ကြည့်ကြရန် ရိပ်သာသို့ သွားကြရာ ရိပ်သာ တွင် ဆရာတော်ကြီးသည် သက်သာမှု မရှိသဖြင့် ရန်ကုန် အလုံရပ်ရှိ ဆန်းလိုက် ဆေးကုခန်းသို့ ပင့်ဆောင် သွားကြပါသည်။ ၎င်းဆေးတိုက်တွင် တာဝန်ခံ ဆရာဝန်ကြီး ကိုယ်တိုင် စမ်းသတ်၍ ရန်ကုန် ဗဟိုရ်ဆေးရုံ ကြီးသို့ တင်ခိုင်းသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ညနေ ၆-နာရီတွင် ဆေးရုံသို့ တင်ရပါသည်။ ဆေးရုံတွင်ဆရာဝန် ၃-ဦး စမ်းသတ်စစ်ဆေးပြီး လိုက်ပို့ သူများ ပြန်ခိုင်းသဖြင့် ဆရာတော် ကြီးအား မျက်နှာ တော်ကို ဖူးကြရာ ကြည်လင်နေသဖြင့် တပည့်များ ဆင်းခဲ့ပါသည်။ နံနက် ၃-နာရီခန့်တွင် ဆရာတော်ကြီးသည် သက်သာမှု မရှိသဖြင့် ဆေးရုံမှ နိဗ္ဗာန်လမ်းအိမ်သို့ တယ်လီဖုန်း ဆက်သောကြောင့် ဆေးရုံသို့ သွားကြရာတွင် ဦးစန်းမြင့်၊ ဦးထွန်းအောင်ကျော်၊ ဦးတင်လှ၊ ဦးပါချို၊ ဦးတင်ရွှေတို့ ဆေးရုံသို့ သွားရောက်ရာ ဆေးရုံတွင်

ဆရာတော်ဘုရားသည် ( ဝိပါက်ခန္ဓာချုပ်ငြိမ်း )တော် မူနေပြီ ဖြစ်ပါသည်။ နံနက်၄-နာရီ အချိန်မှာ ချုပ်ငြိမ်းတော်မူသည်။ ဆရာတော်ကြီး၏ ရုပ်ကလပ်ကို ရန်ကုန်ရိပ်သာခွဲ ဆရာတော် ဦးပညာစက္က နှင့် တိုင်ပင်၍ မပုပ်အောင် ကြာရှည် ထားခံ အောင်ဆေးထိုးပြီး ရန်ကုန်ရိပ်သာခွဲသို့ ပင့်ဆောင်ကြပါသည်။

၁၃၂၉ ခု၊ ကဆုန်လဆန်း ၇ရက်နေ့တွင် ဝိပါတ်ခန္ဓာ ချုပ်တော်မူသော အလောင်းတော်ကို ရန်ကုန် ရိပ်သာခွဲတွင် တပည့်အပေါင်းတို့သည် ကဆုန်လဆန်း(၁၃) ရက်အထိ ဖူးမြင် ပူဇော်ကြပြီး ဝင်းနေ့ည (၉) နာရီ စာပို့ ရထားဖြင့် ပင့်ဆောင်တော်မူ၍ ကျောက်ဆည်မြို့ ကျောက်သဘော် ရိပ်သာကြီးတွင် မြန်မာပြည် အနှံ့ အပြားမှ တပည့်များ ဖူးမြင် ပူဇော်ခွင့်ပေးခါ သီတင်းကျွတ်လပြည့်ကျော်(၁၁)ရက်နေ့တွင် ကျင်းပမြဲဖြစ်သော နှစ်ပါတ်လည် ဓမ္မသဘင်ပွဲတော်ကြီးအပြီး နံနက်၇-နာရီအချိန်တွင် ရှေးအရိယာတို့၏ ထုံးတန်းစဉ်လာ အပြုအမူများအတိုင်း မီးသဂြိုလ် အဂ္ဂိ ဈာပန ပြုပြီး၊ အရိုးတော် အကျွင်း ဓါတ်တော် အကျန်များကို စုပေါင်း၍ စေတီငယ်ဖြင့် ဌာပနာ ပြုထားပြီး ထူပါရုံ ဆောက်လုပ်၍ ရုပ်ထုတော်တွင် ဌာပနာကြပါမည်။

---

ကျောက်သဘော် ဆရာတော်ဘုရားကြီး၏ဝိသေသထူးခြားမှုဂုဏ်များမှာ နှစ်စဉ်နှစ်ပါတ်လည် ဓမ္မသသင်ဆင်ယင်စေခြင်း။ ဘုရားဟောရန်ခရီးထွက်ကြတော်မူလျှင် ရရာယဉ်ရထားဖြင့် ကြွခြင်း။တရားရေးမှတပါး ပုဂ္ဂလရေးများကိုဦးစားမပေးခြင်း။ ပကာသနမရှိ ဟန်လုပ်၍မနေခြင်း။ တရားပွဲကျင်းပရာမြို့ရွာများမ ရွှေထီးမိုး ဝေါယဉ် ရထားများဖြင့် ကြိုဆိုရာလက်ခံခြင်းမရှိ။

တရား မေးလျှောက်လိုလျှင် အချိန်အခါ ကန့်သတ်မှုမရှိ ခွင့်ပြုခြင်း။

တရားပွဲ ပင့်လျှောက်လျှင် နီးဝေးမဟူ ဇနပုဒ်,ရွာသိမ်, ရွာငယ်,မရွေး ကြွရောက်ခြင်း။

တပည့်များကို တရားရေးရာမှတပါး ရောဝင်ခြင်းမရှိ အတိုင်းတိုင်း နေတတ်ခြင်း။ တရားရေးနှင့် ပါတ်သက်က ဂိုဏ်းဂဏအဖွဲ့များ မသိပါးခဲ့ခြင်း။ တခြား ဂိုဏ်း အဖွဲ့နှင့် ပုဂ္ဂိုလ်က များ တရားထော်ကို စော်ကားလာသော်လဲ အပြစ်မယူ ပြန်သည် ခြေပခြင်း၊ ကင်းတော်မူခြင်း။

နားလည် သဘောပေါက်လွယ်သော ဝေါဟာရများဖြင့် ပြောဟောဆုံးမတတ်ခြင်း၊ အစရှိသောဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသော ဆရာတော်ဘုရားသည် ဖ ဆ ပ လခေတ် နိုင်ငံတော် သာသနာ သတ်မှတ်စဉ်က သာသနာရေးဌာန အရာရှိနှင့် မြို့နယ် အရာရှိများက သာသနာကို နိုင်ငံတော် သာသနာ သတ်မှတ် ပြဋ္ဌာန်းမည့် အကြောင်း လျှောက်ထားရာ သာသနာက ဘာဖြစ်နေလို့ တုန်း, ဟု ပြန်မေးရာ အရာရှိကြီးများ အဖြေခက်၍ ပြန်သွားကြရဘူးပါသည်၊ ဤသို့ သာသနာရေးနှင့် ပါတ်သက်က ပုဂ္ဂိုလ်ကို မကြည့် သာသနာသည် သာသနာအတိုင်းတိုင်း ရှိနေသည်ကို ဖြေကြားတော် မူပေသည်။

ဦးနန္ဒိယ ရေးသားသော

# စိတ် အတိုင်းတိုင်းတရားတော်

ယခုရေးသားသော တရားတွင် အထက်ထက် သာဝက ကြီးတွေ့ ချန်လှပ်၍ ပကတိ သာဝကလမ်းက သိကြစေရန် ရည်သန်၍ ရေးသားသော ကဏ္ဍဖြစ်သည်၊ သို့ပါ၍ ၎င်းကဏ္ဍပိုင်း သည် စာကြည့်သူတိုင်း နားလည်ကြစေရန် စာစကား များစွာ မဖက်၊ အရပ်နား, နားလည်ရန်အရပ်စကား အသံထွက်နှင့် အများဆုံး ရေးသားသော ကဏ္ဍဖြစ်သည့်-

ပကတိသာဝကလို့ ဘာကြောင့်ခေါ်သလဲလို့ သိဘို့ကတော့ ပကတိ အနေအားဖြင့် တရားတွေချည့်ဘဲလို့ မြင်တဲ့ဉာဏ် ဖြစ်ပေါ်လာခြင်းသည်ပကတိသာဝကဘဲလို့ သိပါ၊ ၎င်းတရားတွေ က ဘယ်သဘော အနေနဲ့ ရှိနေသလဲ ဆိုတော့၊ ဝါ- ဘယ်အ နေနဲ့ ရှိနေသလဲလို့ မေးလျှင် နိဗ္ဗာန်ဆိုတဲ့ တရားကြီးကတော့ (ပကတိ)အနေအားဖြင့် မြဲတဲ့အနေနဲ့ ရှိတယ်လို့ သိပါ၊ ဝိပါက် သင်္ခါရဆိုတဲ့ တရားကတော့ ရှိတော့ ရှိတယ်၊ ရှိသော်လည်း ဖြစ် ချည် ပျက်ချည်နဲ့ ရှိတဲ့တရားလို့ သိပါ၊ ထိုသင်္ခါရတရားကတော့ ဥပါဒ်-ထီ ဘင် သန္တတိအစဉ်နှင့်သွားနေတဲ့တရားဘဲ၊ ထိုဝိပါက် သင်္ခါရ ဖြစ်ပျက် တရားထဲမှာတော့ ကိလေသာ တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ တရားမျိုးတွေ မပါ, မရှိဘူးလို့ သိထားပါ။

ဤကဲ့သို့ ဒိဋ္ဌိ, တဏှာ ကိလေသာ, မပါမရှိတဲ့ ပကတိဝိပါက် တရားကြီးကလဲ တရားဆိုတဲ့အတိုင်း(တရားသားဘဲ)လို့ သိပါ၊ ဘယ်ကဲ့သို့တရားသလဲဆိုတော့ နဂိုပကတိက တရားအပြင်မှ၊ဘာ ရယ် ညာရယ်က မရှိလေတော့ ဘယ်သူ့ကိုမှ မငဲ့ရဘဲ ဖြစ်နေ လိုက်ပုံများကတော့ မြင်စရာနဲ့ တိုက်ဆိုင်တော့ မြင်စိတ်တရား

ဖြစ်တယ်၊ ကြားစရာနဲ့ တိုက်ဆိုင်တော့ ကြားစိတ်တရား ဖြစ်တယ်၊ နံ့စရာနဲ့ တိုက်ဆိုင်တော့ နံ့စိတ်တရားဖြစ်တယ်၊ ၎င်းပြင် (အလိုလေး) လို့ အောင်နေတဲ့ တရားတွေ ဖြစ်ခနတယ်၊ (အမယ်လေး) နာလှချည့်၊ မူးလှချည့်၊ ဝေလှချည့် စသည်ဖြင့် မချိဟင်ကဲ အလူးအလဲတရားတွေမို့ တရားလမ်းအတိုင်းတိုင်း ဖြစ်နေတာမှန်တယ်၊ အဲ သို့ကလို သူ့ အလုပ် သူလုပ် နေတဲ့ ထိုတရားကို ဘုရားက နာမည် အမျိုးမျိုး ပေးပြီးတော့ ဟော ခဲ့တယ်လို့ နားလယ်ပါ။

ဘယ်ကဲ့သို့ အမည်အမျိုးမျိုးပေး ဟောခဲ့သလဲဆိုတော့ ရုပ်တရားလို့လဲ ဟောတယ်၊ နာမ်တရားလို့လဲ ဟောတယ်၊ ခန္ဓာတရားလို့လဲ ဟောတယ်၊ အနိစ္စ၊ ဒုက္ခ တရားလို့လဲ ဟောတယ်။ တနည်း(အဗျာကတ)တရားလို့လဲဟောတယ်၊အိုခြင်း,နာခြင်း, သေခြင်းတရား လို့လဲ ဟောတယ်။ အမည်ပေးဟောခဲ့ ပုံတွေ ရေးနေလျှင် စာမျက်နှာ များမည် ကြောင့် မရေးတော့ဘူး၊ အဓိက သိဘို့ကတော့ တရားချည်းဘဲလို့ သိလျှင်ပြီးတယ်လို့ မြင်ပါ။

ဒါကြောင့် နာခြင်းတရားကလဲ တရားအတိုင်းနာတယ်၊ အိုခြင်းတရားကလဲတရားအတိုင်းအိုတယ်၊ သေခြင်းတရားကလဲ တရားအတိုင်း သေတယ်၊ အဲဒါကြောင့် သင်တို့လည်း တရားအချင်းချင်း အနိုင်ယူပြီးတော့ (ဟဲ့ သေနာပေါ်ရဲ့) လို့ ဆဲဆိုနေကြတယ် မဟုတ်လား မှန်ပါတယ်၊ သေနာပေါ်တရား တခုကနေပြီး သေနာပေါ် တရားတခုကိုဘဲ ဆိုကြတာပါဘဲ၊ နောက်ပြီးတော့ (ဟဲ့ သေခြင်းဆိုးကလေးရဲ့) ဟု ဆိုကြတယ် မဟုတ်

လား၊ ဒါလဲ မှန်တယ်၊ (သေခြင်းဆိုး) တရားမတွေ့ဘဲ ရှိတာ မဟုတ်လား။

အဲဒီကဲ့သို့ ယခုရေးပြခဲ့တဲ့ တရားကတော့ အတိတ်က ပုရိမ တဏှာ, ဒိဋ္ဌိ, နှင့် မရောတဲ့ ပကတိဝိပါက် အဗျာကတာသဘော တရားတွေ ဖြစ်နေလို့ (သီးသန့်မြင်ပါ) ကုသိုလ်, အကုသိုလ် တဏှာ,မာန,ဒိဋ္ဌိ,ဆိုတော့ မာဂဓစကား ဖြစ်နေတယ်၊ နားလည် သူမှ နားလည်မယ်၊ ဗမာစကားသက်သက်နဲ့ ရေးလျှင် အထက် က ရေးပြခဲ့တဲ့ နာမှု, ကြင်မှု, ကိုက်မှု, မူးမှု, ဝေမှု, တရားထဲမှာ ဝါ- အိုတရား, နာတရား, သေတရား, ထဲမှာ ထင်မှားထောင် လွှားတဲ့ မုန်းခြင်း, ချစ်ခြင်း, ဆိုတဲ့ တရားတွေ၊ ဝါ- တောင့်တ ပူဆွေး ငိုကြွေး စိုးရိမ် တဲ့ တရား နဲ့ မရောဘူးလို့ သိပါ၊ ဘာကြောင့် မရောဘူးလဲဆိုတော့ ၎င်း ဒိဋ္ဌိ,တဏှာ, ကိလေသာ တရားတွေက နဂိုပကတိ ရှိနေတဲ့တရား မဟုတ်ဘူးလို့ မြင်ပါ၊ ဒါကြောင့် ပပဉ္စတရား သုံးပါးလို့ ဘုရားက ဟောခဲ့တာပေါ့၊ အဲဒီ ပပဉ္စ တရားက မဗာလို ပြန်လိုက်လျှင် ပကတိက မရှိဘဲနှင့် အကြောင်းရှိလျှင် ကလေကာဝ ရ ဖန်ရ ခါ အပမှ လာ ပြီး မှီတဲ့ ကိလေသာ ခန္ဓာတရားလို့ သိပါ။

အဲဒါကြောင့် အထက်က ဘတ်ခဲ့တာထက် တရားကို အလိုက် သင့် မြင်သွားအောင် အထူးဂရုထားပြီး ဘတ်ပါ၊ ဘာ့ကြောင့် လဲဆိုတော့ (တရားကို တရားအတိုင်း) အလိုက်သင့် မြင်တဲ့ဉာဏ် မဖြစ်လေတော့ ကိုယ်အား, စိတ်အား, စိုက်ပြီး အားထုတ်လိုက် မယ်ဆိုတဲ့ ရည်ရွယ်ချက် စိတ်တွေက အပက မှီမှီလာတယ် မဟုတ် လား၊ ဒါလဲဘဲ (တရားကို တရားအတိုင်း) အလိုက်သင့် မြင် တဲ့

ဉာဏ် မဖြစ်သေးလျှင်တော့ ဇ ချိန်ကျ ဒီ စိတ် ဖြစ်ရမှာ မှန်ပါ တယ်၊ အဲဒါကြောင့် စဉ်စားဘတ်ပါ၊ စဉ်စားတာ တရား အ လုပ်ဘဲလို့ သိပါ၊ အဲဒါကြောင့် အထက်က ရေးပြခဲ့တဲ့ ပကတိ **အ**နေအ**ား**ဖြင့် ဒိဋ္ဌိ ကိလေသာ မပါမရော သူ့ သဘောတရား အတိုင်း မြင်စိတ်တရား၊ ကြားစိတ်တရား၊ နံစိတ်တရား၊ ပဌမ ရှေးဦးစွာ ငါးဒွါရမှာ သိတဲ့စိတ် ဖြစ်လာတာ မှန်တယ်၊ ထို့ပြင် လူရယ်၊ ခွေးရယ်၊ နွားရယ်၊ အမည် အမျိုးမျိုး၊ ဘာရယ် ညာ ရယ် အမှတ်တွေပေါ်လာတာကလဲ ပညတ်သိ သညာစိတ်ပါဘဲ။

ဤကဲ့သို့ အထက်က ရေးပြခဲ့ဘဲ့ စိတ်တရားအပေါင်းတို့သည် မုန်းတတ်၊ ချစ်တတ်၊ သာယာစွဲလမ်းတတ် တဲ့ တရားမျိုး မဟုတ် ပါဘူး၊ လူကောင်းသဘွယ် ရိုးသားစွာဖြင့် သူ့ လမ်းသူ သွား နေတဲ့လူကဲ့သို့ပါဘဲ၊ ဒါဖြင့် ၎င်းတရားတွေကတော့ ချမ်းသာ နေတဲ့ တရားလားလို့ မေးလျှင် ဖြစ်ချည်ပျက်ချည် မရပ်မနား နိုင်ဘဲ သွားလာနေမှာတော့ ရိုးသားစွာနှင့်ဘဲ အကျိုးတရား အနေနဲ့ ဆင်းရဲရဟဲ့ ဒုက္ခတရားလို့ သိပါ၊ ဒါဖြင့် သူခိုးအလား ကဲ့သို့ မရိုးသားဘဲ ဆိုးဝါးနေတဲ့ တရားက သူ့နာမည်က ဘယ် လိုခေါ်သလဲဆိုလျှင် စာလိုကတော့ ဒိဋ္ဌိ၊ တဏှာ၊ မာနလို့ ခေါ် တယ်၊ ဗမာလိုကတော့ တရားအမြင် တခြားထင်ပြီး နှစ်သက် တွယ်တာ သာယာ စွဲလန်းတတ်တဲ့ စိတ်တရားလို့ သိပါ၊ ဤကဲ့ သို့ ဆိုးဝါးတဲ့ တရားတွေက ဘယ်အချိန် ဘယ်အခါ ဘယ်မှာ ဖြစ်တာလဲ ဆိုတော့ အဲဒီ ဆိုးဝါးတဲ့ တရားက သန္တတိအစဉ်နဲ့ သွားနေတာ မဟုတ်လို့ အချိန်အခါနဲ့ မပြောနိုင်ဘူး၊ ဒါဖြင့် ထိုဆိုးဝါးကြမ်းတန်းတဲ့ စိတ်တရားက သူ့ချည့်ဘဲ ဖြစ်လာနိုင်

သလားဆိုလျှင် သူ့ချည့်ဘဲတော့ မဖြစ်နိုင်ဘူး။ (ဖြစ်တတ်တာ) ကတော့ မနေ့က စိတ်ဦးလှည့်ခါ အရာရာ သညာ ဆိုတဲ့ အမှတ်တရား ဖြစ်လာတယ်၊ အဲဒီ သညာ, နာမ်, ဖြစ်ပေါ်လာတဲ့အခါ တရားချည်းဘဲလို့ မြင်တဲ့ ပညာ ဉာဏ်က ဦးစီးပြဋ္ဌာန်းမထားလေတော့ ၎င်းသညာကို မှီပြီး ငါ, ဆိုတဲ့ ထင်မှားမှု ဒိဋ္ဌိ, စိတ်တရားဆိုးကြီး ကပ်ရောက်လာခြင်းကြောင့် အမျိုးမျိုး အမည်မည် ထိုထို ဤဤ အလီလီ အဖြာဖြာ, ဖြစ်ပေါ်၍ လာရတယ်လို့ သိပါ။

ဘယ်ကဲ့သို့ ဖြစ်ပေါ် လာသလဲဆိုတော့ တရားဘက် စိတ်ဦးမလှည့် သေးတဲ့ လောကီရေး သမား အသာ ထားပါအုံး၊ လောကုတ္တရာ ရေးဘက် အားတက်သရော လိုက် နေ ကြ တဲ့ (တရားသမား)တွေတောင် ပကတိက တရားချည့်ဘဲလို့ မြင်တဲ့ ဉာဏ် မဖြစ်ပေါ်သေးလျှင် သညာ ပေါ်မှာ သညာ ဆင့်ပြီး သညာရောဂါ တိုးနေကြသေးတယ် မဟုတ်လား၊ ဘယ်ကဲ့သို့ တိုးနေသလဲဆိုတော့ (ခြေအစခေါင်းအဆုံး) ရုပ်တုံး, ခန္ဓာကြီး သည် သန္တတိ အစဉ်အားဖြင့် ဖြစ်ပျက်နေတဲ့ ပကတိ ဝိပါက် တရားကြီးနဲ့ နိဗ္ဗာန်မြင်ရေးနဲ့ မဆိုင်တာကိုလည်းမသိ၊ ၎င်း-ဖြစ်ပျက်တရားထဲက ထွက်ပြီးနိဗ္ဗာန် ယူသူ, စံသူ, မရှိတာကိုလဲ မမြင်သေးလေတော့ မိမိနဲ့မဆိုင်တဲ့ သူ့ဘူတာမှာ သူ့ရထားနဲ့ သူထွက်, ဝင် သွားလာနေတာကို ကြားထဲက အလကား စောင့်မှတ်နေသကဲ့သို့ ဒီမှာလဲ ခြောက်ဒွါရ ဘူတာရုံမှာ ကိလေသာ မပါ ဝိပါက်စိတ်ရထားတွေလို သူ့ ဘာသာ ဆိုက်ရောက် ဖြစ်ပျက်နေတာကို ပကတိက ငါမရှိလို့ ငါနဲ့ မဆိုင်ပါကလားလို့

သိဘဲ့ဥာဏ်က မဖြစ်သေးတော့- ၎င်းဖြစ်ပျက်ကို စောင့်မှတ်နေတဲ့ သညာ,ဝေဒနာ,တရားတွေ တိုးနေသေးတယ် မဟုတ်လား စင်စစ်မြင်ရမှာကတော့ ကိလေသာမပါ ပကတိ သူ့ဘာသာတရားတွေဟာ လုံ့လပယောဂ မစိုက်ရဘဲနဲ့ တရားအတိုင်း ဖြစ်ပျက်နေတာပါကလားလို့ ၎င်းဖြစ်ပျက်တရားတွေက ဘယ်လိုပင် မှတ်မှတ်၊ မှတ်တဲ့ သညာတရားသာ အသစ်အသစ် အဖန်တလဲလဲ ထပ်ထပ်ဖြစ်လို့ ထပ်ပြီးပျက်နေတဲ့ တရားပါကလား၊ အရှု အမှတ်ခံတဲ့ တရားကလဲ နိဗ္ဗာန်ကို မြင်နိုင်တဲ့တရား မဟုတ်ပါလားလို့ သိရမယ်၊ အပျက်ကိုမှတ်တဲ့အဖြစ် သညာတရားကလဲ ငြိမ်းတဲ့နိဗ္ဗာန်ကို မမြင်တာသိသဖြင့်၊ ဝါ၊ ငါဘို့သူ့ဘို့ဆိုတာလဲ ဒီသညာ အမှတ်တရား, ဖြစ်ပျက်နေတာဘဲလို့ သိသောအားဖြင့် သညာတရား အပေါ်မှာ ပညာတရားကဦးစီးလာတယ် အဲဒီကဲ့သို့ ဦးစီးလာတော့ ရှုမှတ်မှု သညာ တရားတွေသာ ဒုက္ခဖြစ်နေပါကလားလို့ သိတယ်။ ထိုဒုက္ခ တရားပြင်မှ သူရယ်, ငါရယ်,နိဗ္ဗာန်မြင်မည့်လူရယ် အလျှင်းမရှိဘူးလို့ သိတယ်။

ဤကဲ့သို့ ရှုမှတ်မှု သညာ, ဒုက္ခတွေက ရှုမှတ်မှု ဖြစ်ပေါ်လာတာလို့လဲ သိဘယ်၊ မရှုမမှတ်ခင်က ၎င်းရှုမှတ်မှု သညာ ဒုက္ခ (ပကတိ)ကမရှိတာကိုလဲ သိတယ်၊ဒီရှုမှတ်မှုသညာဒုက္ခတရားပြင်မှာ (ငါ) အလျှင်း မရှိတာ မြင်ပါ၊ (ငါ) မရှိတာ မြင်တော့ (ငါ) အတွက်နဲ့ ထင်မှတ်မှု ပြုလုပ်ခဲ့လေသမျှ အချည်းနှီးအလဟဿ ဒုက္ခဘဲလို့ မြင်ပါ။ ဤကဲ့သို့ သိတော့မှ ရှုမှတ်လျှင် ရှုမှတ်မှု ဒုက္ခ ဖြစ်လာမှာ သိလေတော့ ရှုမှတ်လိုတဲ့အလို မဖြစ်တော့ဘူး၊ ဤကဲ့သို့ အလိုမဖြစ်တော့မှ ပကတိကအလိုကုန်ရာ

ဝါ၊ ပကတိကအဖြစ် ရောမြင်တဲ့ဉာဏ် ပွင့်လင်း ပေါ်ပေါက်လာရတယ်၊ အဲသို့ကလို အလိုစိတ်တွေ မဖြစ်လို့ ပကတိက အဖြစ်ခပ်သိမ်း ကင်းငြိမ်းရာ မြင်တဲ့ဉာဏ် ဖြစ်ပေါ်လာခြင်းသည် (ပကတိသာဝကဉာဏ်) လို့ ခေါ်ချင်ခေါ် (မဂ်ဉာဏ်)လို့လဲ ခေါ်ချင်ခေါ် (ဝိဇ္ဇာဉာဏ်) လို့ဘဲ ခေါ်ချင်ခေါ် (သန္တိပဒဉာဏ်)လို့ဘဲ ခေါ်ချင်ခေါ်ပါ။ ပကတိက အဖြစ်ကင်းလျက် အမြင်ခံနေတာက နိဗ္ဗာန်ခေါ်တယ်။

စကားချပ်။ ။ဟောဒီ အောက်နားက အထူးသတိထားကြရန် ရေးသားလိုက်တယ်။

တို့ဗမာပြည်မှာ ဗုဒ္ဓဘာသာတွေဆိုပြီး အစက သဿတဒိဋ္ဌိတွေ ဖြစ်လာပြီး ဝိပဿနာတရား လိုက်တယ်ဆိုမှဘဲ ဥစ္ဆေဒစိတ် ပြောင်းဖြစ်ရသေးတယ်။ ဖြစ်ပုံက ဖြစ်,ဖြစ်သမျှ စိတ်တွေ၊ ဝါ၊ ဓါတ်တွေဖြစ်လျှင် ပျက်တာဘဲ။ ငါလဲမပါဘူး။ (လုပ်ချင်တာလုပ် ဘာမှမဖြစ်ဘူး)ဆိုတဲ့ အယူစိတ်တွေ ဖြစ်ပြီး ပူမိပူရာပူရဲနေတယ်လို့ ကြားရသေးတယ်၊ သတိပြုဘို့ကတော့ မဖြစ်ဘူးလို့ ယူတဲ့စိတ်ဖြစ်တာဘဲ။ ဖြစ်တယ်လို့ ယူတဲ့စိတ်ကလဲ ဖြစ်ပေါ်လာရတာဘဲ။ အဖြစ်ရှိက,ပျက်မှာကလဲ မှန်တယ်။ ဒီတော့ သင်တို့သည် မဖြစ်ရာ မပျက်ရာ နိဗ္ဗာန်ကိုအမြင်ဉာဏ် မရောက်သေးပါကလား။ ဤကဲ့သို့ မဖြစ်ဘူး, ဖြစ်တယ် အယူစိတ်ဖြစ်မှုတို့ရဲ့ လွတ်ရာ၊ ဝါ၊ မဖြစ်ခင်က မဖြစ်ရာကို အမြင်ဉာဏ်ရောက်ပြီး ဖိုလ်စိတ်အနေနဲ့ မနားရသဖြင့် သံသရာခရီး သွားနေတာဘဲလို့ မှတ်ပါ။ ဘာကြောင့်လဲဆိုတော့(လုပ်ချင်ရာလုပ် ဘာမှမဖြစ်ဘူး) အယူဖြစ်နေတာ

မသိလေတော့ လုပ်ကျင့်ပြုကျင့်တွေ ပါနေပါရော။ အဲဒီအကျင့် ပါနေပါသဖြင့် ဥပမာ=ခိုးစားနေတဲ့သူသည် ခိုးကျင့်ပါနေတော့ ခိုးစရာနဲ့ မတိုက်ဆိုင်သေးလျှင် နေသေးရော့။ ခိုးစရာနဲ့ တိုက်ဆိုင်ခဲ့လျှင် နဂိုကအကျင့်သတ္တိကြောင့် ထ,ခိုးလိုက်တယ်။ ခိုးပြီးပြန်လျှင်လဲ နောင်ခိုးစရာနဲ့တွေ့ပါက ခိုးအုံးမဲ့သဘောရှိနေတာ၊ ကေန်မှန်တယ်။ ဤအကျင့်မပြတ်သမျှ တရက်ကျလျှင် ထောင်ကျရမှာကလဲ ကေန်မှန်တယ်။

အဲဒီ အထက်က ဥပမာကဲ့သို့ ဥစ္စာဒဗ္ဗ အနေနဲ့ အဘာဝပညတ် မရှိတာအပေါ်ကို အရှိအနေထားပြီး လှည့်စားနေတဲ့ စိတ်ကို မသိပါသဖြင့် ပြုမိပြုရာ လုပ်ချင်ရာလုပ်,ဆိုတဲ့ အကြမ်းစား ကိလေသာ ဖြစ်ကျင့်တွေ ပါနေပါက အထက်က သူခိုးဥပမာကဲ့သို့ သင်တို့လဲ ပြုစရာလုပ်စရာ မတွေ့လျှင် နေသေးရော့၊ တွေ့ခဲ့လျှင် ပြုကျင့်တွေပါနေလို့ ပြုမှာကလဲ ကေန်မှန်တယ်၊ ပြုလုပ်တဲ့ ကိလေသာကတော့ ဖြစ်ပြီးက ပျက်သွားတာ မှန်ပါတယ်၊ နောင်တွေ့ခဲ့လျှင် တွေ့တဲ့အခါမှာ ဖြစ်အုံးမဲ့သတ္တိကြောင့် ပြုမှုတွေ ဖြစ်လာမှာက ကေန်မှန်တယ်။ ဒါကြောင့် သတိထား ဘတ်ပါ၊ အမှန်ကတော့ ဒိဋ္ဌိ ကိလေသာ တဏှာ လောဘ,ဆိုတဲ့ သမုဒယသစ္စာဟာ ရှိတဲ့ဘရားကို ရှိတဲ့အတိုင်း မြင်ပြီး ဖြစ်ရတဲ့ တရားမဟုတ်ဘူး။ မရှိတာ အရှိထားတဲ့ အသိမှားစိတ်ကြောင့် ဖြစ်တယ်လို့ သိပါ

အဲဒါကြောင့် အထူးသိဘို့ကတော့ အရိယာ ဖြစ်တယ်ဆိုတာ ဘယ်သဘော ထင်ကြသလဲ၊ အရိယာဖြစ်ဆိုတာကတော့

မှန်တာကို မှန်တဲ့တရားအတိုင်း မြင်တဲ့ဉာဏ် ဖြစ်လာတယ်လို့ လွယ်လွယ်သိပါ။ မှန်တာကို ဘယ်လို မြင်သလဲလို့၊ တိုတိုသိ ဘို့ကတော့ ဖြစ်ဖြစ်သမျှတရားတွေ ဖြစ်ပြီးတရားတွေ ပျက်ကြ တာ မှန်တယ်လို့သိပါ၊ ဘာကြောင့်လဲ တရားပြင်မှာ ဘာမှ မရှိလို့ ဘာမှမဖြစ်ဘူးလို့ သိပါ၊ တရားဘဲရှိလို့ တရားဘဲ ဖြစ်ပြီး တရားဘဲ ပျက်နေတာဘဲလို့ မြင်ပါ။

ဒါကြောင့် တရားထဲ သူမပါ၊ငါမရှိတာ သိလေတော့ ငါ့အတွက် သူ့အတွက်နဲ့ မရှိ၊ ဟုတ်မှန်နေတာကို ငါအရှိ၊ သူအရှိအနေနဲ့ လုပ်ကြံဖန်ဆင်းပြီး ဘာမှမရှိတဲ့ လာဟာပြင် ကြီးထဲကို နှစ်သက်တွယ်တာ သာယာမုန်းထား ဖြစ်မှားစွဲ လန်းတဲ့ စိတ်တွေ၊ စိတ်နဲ့ဖြစ်ပေးနေရတာ အလကား အ ချည်းနှီးဒုက္ခဘဲလို့ သိသောအားဖြင့်၊ ဝါ၊ ဖြစ်ဖြစ်ပေးချင် စရာ မဟုတ်တာကို သိကြသဖြင့်၊ တနည်း ဖြစ်ပြီးက ပျက် သွားတာဘဲလို့ မင်္ဂလာမရှိတဲ့ ဖြစ်ပျက်ကို အသားမယူကြ တော့ဘဲ၊ ဖြစ်မပေးမှိက ပကတိအတိုင်း (ဖြစ်) ဆိုတဲ့ တ ရားနဲ့ မရောဘဲလျက် ဒီအတိုင်း ရော့ နိဗ္ဗာန်ကို မြင်တဲ့ ဉာဏ်ရောက်ပြီး အခေါက်ခေါက် အခါခါ၊ ဖိုလ်စိတ်အနေ နဲ့ ရေိပ်သာ နိဗ္ဗာန်ကို စိတ်နားခါဖြင့် မဖြစ်ရာ၊မဖြစ် ကြောင်း၊အကျင့်ကောင်းကို ကျင့်ကြပါလို့ သတိပေး ရေး လိုက်ခြင်းဖြစ်သည်။

ယခု ရေးလိုက်ခြင်းသည် ကိုယ့်သဘော အနေနဲ့ချည်း ရေးလိုက်သည် မဟုတ်ပါ၊ စဉ်းလဲစဉ်းစားပါ၊ ဆင်ခြင်ပါဘုန်း အဆူဆူ ပွင့်လာရခြင်းဟာ ဖြစ်ကြောင်းအကျင့်၊ ကျင့်တတ်

အောင် ဘုရားပွင့်ပြီး တရားဟောရခြင်း မဟုတ်ပါဘူး။ ဖြစ်ကြောင်း အကျင့်ကတော့ ဘုရားမပွင့်မီကလဲ ကျင့်နေကြတာပါဘဲ။ တိုတိုကတော့ ၎င်းဖြစ်ကြောင်း အကျင့်တွေကို အပြစ်ပြခါ မဖြစ်ရာ နိဗ္ဗာန်မြင်ပြီး၊ မဖြစ်ကြောင်းအကျင့် ကျင့်ကြစေရန် ရည်သန်ပြီး ဘုရားပွင့်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လဲအင်္ဂုတ္တရပါဠိတော်မှာ-

သေယျာထာပိ ဘိက္ခဝေ အပ္ပ မတ္တာကော၊
ပိဂ္ဂူထော၊ ဒုဂ္ဂန္ဓော ဟောတိ၊ ဝေ မေဝ ခေါ၊
အဟံ ဘိက္ခဝေ အပ္ပမတ္တံ ကမ္ပိ ဘဝံ နဝဏ္ဏေမိ၊
အန္တမသော အစ္ဆရာ သင်္ဃာတ မတ္တံ ပိ။ ။လို့

ဟောခဲ့ပါတယ်။

အဲဒါကြောင့် ၎င်းပါဠိတော် အဓိပ္ပါယ် လွယ်လွယ် ရှင်းပြရလျှင် (အိုချစ်သားတို့ မစင်တို့သည် နဲနဲလူးလဲနံတာဘဲ။ များများလူးလဲ နံတာဘဲ)တဲ့။ ၎င်း ဥပမာကဲ့သို့ တို့တတွေရဲ့ မနောစိတ်က လဟာပြင်ကြီးထဲမှာ ထင်တာတွေ ဘာမှမရှိဘဲနဲ့ ဘာဘာ,ညာညာ,ရယ်လို့ ဖန်ဆင်းပြီး တွယ်တာနှစ်သက်မစွန့်ရက် မပြစ်ရက်အောင် အခက်အခဲ ဖြစ်ရတာတွေဟာ နဲနဲဖြစ်လဲ,နဲနဲမို့၊ ဆင်းရဲတာဘဲ။ များများဖြစ်လဲ များများမို့ ဆင်းရဲတာဘဲလို့ ဟောခဲ့တယ်။

ရှင်းမျှင်းကတော့ တရားကို တရားအတိုင်း မမြင်ဘဲနဲ့ တခြားဆင်ပြီး အဖြစ်တရားအပေါ် နဲနဲကလေးတော့ ကောင်းအုံးတန်အုံးမှာဘဲလို့ ထင်ဆဲဖြစ်သည့်စိတ်(တဏှာစိတ်) ဘဝဖြစ်တာတောင် ငါ့ဘုရား မချီးမွမ်းဘူးလို့ ဟောထားပါလျက်နှင့်

ဖြစ်ကြောင်းဘက် မနော‌စိတ်က စည်းကမ်းတကျတက် လာတာ ကတော့ ဖြစ်ပေါ်မှုတရားကို အဖြစ်ကောင်းကောင်းမမြင် သေးလို့ ဖြစ်ကျင့်တွေ့ပါနေတာဘဲဆိုတာ မိမိအဖြစ် မိမိမြင်သင့် ပါတယ်။

အဲဒါကြောင့်-

ဒုက္ခဒီသု အညာဏေန အာရဘော ဒုက္ခ ဟေ

တဝေါ နိရောဓာဒိ အညာ ဏေန သညာ မယတ

ပါဒီကေ အပိစ မရုပ္ပ ပါတံဒီပ္ပစ္စ မဓုလိတ္တာသ

လေဟန် ဓူထကိင္ဇ ဝိသံခါဒ ပိသာ စ နဂရံ ယထာ

ဗာလော ကရောတိ သခ်ါရေ တိဝိဓေဒုက္ခ

ဟေတု ကေ တသ္မာ သတိ အဝိဇ္ဇာယ ဘာဝတော

ပစ္စယော မတော။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ယခုပါဠိတော် အာဘော်ကို အဓိပ္ပါယ်ရှင်းပြရလျှင် သစ္စာ လေးပါးတရားကို ပိုင်းခြားထင်ထင် မမြင်ခဲ့ပါလျှင် ဆင်းရဲမှု ဖြစ်ကြောင်း အကျင့်ရှိသေးတယ်လို့ သိပါ။ တနည်းအားဖြင့် လဲ ပိုး, ဖလံသည် မီး, အကောင်းထင်ပြီး တိုးနေတာနဲ့ အ လားတူတယ်တဲ့၊ နတ်သမီးကို အလိုရှိလို့ ချောက်ထဲသို့ခုံချ သောသူနဲ့ အလားတူတယ်တဲ့၊ နောက်ဆုံးကတော့ မျက်စေ့ လှည့်ရှုပ် ဖန်ဆင်းလုပ်ထားသော မြေပုပ်မြို့လမ်းသို့ လိုက်မှား သောသူနဲ့ တူတယ်လို့ ဟောပါတယ်၊ ဤကဲ့သို့ပါဠိတော်အ ကိုးအကားနဲ့ ရေးသား ပြရတဲ့ သဘောထား ဆိုလိုရင်းက တော့ ပကတိတရားထဲမှာ ဒိဋ္ဌိမပါ, တဏှာမရော သူ့သဘော အတိုင်းဖြစ်ပျက်နေတဲ့ ဝိပါက်တရားတခုကို ဗျာပါဒတရားတခု

နဲ့ ထပ်ရှုနေလျှင်လဲ ရှုစိတ်တွေ ဖြစ်နေရသေးလို့ ဖြစ်ကြောင်းအကျင့်ရှိသေးတယ်လို့ သိပါ။

ဟောဒီ အောက်နားက (လုပ်ချင်ရာလုပ် ဘာမှမဖြစ်ဘူး) ဆိုသူကလဲ အထက်ကတရားထက် ဆိုးနေခြင်းကြောင့် လုပ်ထာတွေ၊ ၀ါ- အပါယ်ခလေးပါးတရားအထိ ဖြစ်နေလို့ဖြစ်ကြောင်းမှန်ပါတယ်၊ ဒါကြောင့် မယုတ်၊ မလွန်၊ မဈ္ဈိမပဋိပဒါ (မဖြစ်ကြောင်း) အကျင့်မြတ်ကို ကျင့်တတ်ကြစေရန် ရည်သန်သောအားဖြင့် ရေးသားလိုက်ခြင်း ဖြစ်သည်။

ဘာကြောင့်လဲဆိုတော့ တရားကို လှည့်စားလို့ ရတာမဟုတ်ဘူး၊ ဖြစ်ကြောင်းကျင့်က ဖြစ်တာမှန်တယ်၊ မဖြစ်ကြောင်းကျင့်က မဖြစ်တာမှန်တယ်၊ မဖြစ်တာမှန်လို့ မဖြစ်ရာ မြင်နေတာကလဲ မှန်တယ်၊ အထူးသိဘို့ကတော့ ပဋိပဒါအကျင့်ဆိုတာ စိတ်အားစိုက်ပြီး ကျင့်ရတဲ့အကျင်မျိုး မဟုတ်ဘူးလို့ သိပါ။

ဒီကြတော့မေးသူတွေများလာပြီ၊ (မေးချင်လျှင်မေးပါစေ) လွယ်ကူစွာဖြေဘို့သိကြဘို့ပါဘဲ၊ အထက်က ရေးပြခဲ့တာကတော့ တရားဘက် အားတက်သရော လိုက်သူများ အတွက် မယုတ်၊ မလွန် သိကြ မြင်ကြ စေရန်ဆိုပြီး ရေးခဲ့ခြင်းဖြစ်တယ်။

ယခု ရှေ့ပိုင်း ရေးမှာကတော့ တရားဘက် မလိုက်သေးသူရော မလုပ်သေးသူပါ ၎င်း စာအုပ်ကို ကောက်ကြည့်ပါက ပဋိပဒါ တခါထဲ မြင်သွားဘို့ရန် ရေးတော့မယ်။

ဤကဲ့သို့ ရေးသားထားသော စာအုပ်ကို ဘတ်ရှုတဲ့အခါ စူးစူးစိုက်စိုက် ဘတ်ရှုကြပါ၊ ၎င်း ဘတ်ရှုတဲ့အခါမှာလဲ မိမိတို့သင်ကြား မှတ်သားခဲ့တဲ့ စာပေ ပရိယတ်ပေါ်ကို စိတ်အ

ရှင်မပြေးပါနဲ့အုံး၊ မိမိတို့ခန္ဓာအစဉ် စိတ်ဖြစ်အင်ကို အရင်စဉ်းစားကြည့်ပါ၊ ပြီးတော့မှ စာတတ်လျှင်လဲ စာနဲ့တိုက်ကြည့်ပါ။ မရှင်းလင်းပါက ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ကြီး၏ (ဩဝါဒခံ) ဦးပဥ္စင်းတို့နှင့်တွေ့သောအခါ လျှောက်ထားမေးမြန်းရန် မေတ္တာရပ်လိုက်ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ သူ့သူ့ ငါငါ ဆိုတာလို တရားဘက်ဆိုလျှင် မသိတာ သိအောင် မမြင်တာမြင်အောင် လျှောက်ထားခဲ ဆွေးနွေးခဲလွန်းလို့ သတိပေးလိုက်ခြင်း ဖြစ်တယ်၊ မသိလျှင် ဆွေးနွေးလဲ ဆွေးနွေးကြပါ၊ ဒီ့မသာ ဈေးကိုင်ပြီး ကပ်သီးကပ်သပ် လုပ်နေစရာ အခါမဟုတ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုလျှင် ဒီ့မသာဘုံမှာ စုဆုံခိုကပ်နေပါက ဘာအကျိုးနပ်မှာလဲ၊ မသာဘုံမှာ ခိုကပ်နေပါလျှင် မသာ့သာလျှင် တလှည့်စီ ချ့ နေရုံရှိတာပါဘဲ၊ သေမဲ့ရက် အထိ ထမင်းစားပြီး မသာ စောင့်နေရတာ မပြင်းသေးဘူးလား။

သတိ ပေးလိုက်ချင်တာကတော့ (ခေတ်နောက်ကျနေမယ်) ရှေးအရိယာတွေက တို့တတွေဈေးကိုင်နေတဲ့ မသာကို အလကား စွန့်သွားကြပြီ၊ မသာဆိုတာ သင်တို့နားလည်ကြရဲ့လား ထမ်းချတဲ့မသာကိုသာ မသာထင်မနေနဲ့၊ မသာဆိုတဲ့ အဓိပ္ပါယ်စကားကို ဒီလိုနားလည် ထားစမ်းပါ၊ (မသာ) လို့ ဘာကြောင့်ခေါ်သလဲ၊ သာသာယာယာ မဟုတ်လို့ (မသာ) လို့ခေါ်တယ်မှတ်၊ သင်တို့ ငါတို့ တတွေ နေ့စဉ်နှင့်အမျှ လုပ်ကိုင်သွားလာ ပြုပြင်နေရတာ ဘာကြောင့်ထင်သလဲ၊ မသာယာစရာ မသာတရားကြီး ဖြစ်ဖြစ်လာလို့ဘဲလို့ မှန်တဲ့အတိုင်း မြင်ပါ။

၆ ။ ဂ ။

တို့ဘုရား ဝိပါက်တော် ဆိုက်တယ်ဆိုတာ ဒါဘဲလို့ သိပါ၊ တို့ဘုရားတော့ လွတ်သွားပြီ တို့တတွေမှာတော့ မသာနဲ့ နေရ သေးတယ်၊ အများသိတဲ့ ဟိုမသာလဲ အထားမခံလျှင် ပြင်ကြ ရတယ်မဟုတ်လား၊ သို့သော် ဟိုမသာမှ သုံးရက် အထားခံ သေးတယ်၊ ဒီလူရှင်တွေဆိုတဲ့ မသာက သုံးနာရီ အထားမခံ လို့ ခဏခဏပြင်နေရပုံ မှန်တဲ့အတိုင်းသိပါ၊ အတွေ့သိဘို့က တော့ ယောဂီတို့ တနာရီလောက် ထိုင်ကြည့်စမ်း ပါလား၊ ညောင်းညာမှု ဆိုတဲ့ မသာတရားတွေ ဖြစ်လာတယ် မဟုတ် လား၊ အဲဒီ ညောင်းညာမှု မသာ တရားကို ၂- နာရီ ထားမရလို့ ထပြီး,သွား,လာမှုနှင့် မသာပြင်လိုက်ရပြန်တယ်၊ သူ့အချိန်နဲ့သူ စားချိန် မစားရလျှင်ကော ဆာလှချည့်၊နာ လှချည့်ဆိုတဲ့ (မသာ)တရား ဖြစ်လာတယ် မဟုတ်လား။ ဒီမ သာက မင်္ဂလာမရှိတော့စားမှုနဲ့ ပြင်လိုက်ရပြန်တယ်၊ အဲဒါကို တထွာပြက တလန်မြင်ဆိုတာလို သူ့မသာနဲ့သူ ပြင်နေကြရတဲ့ မသာပြင်အလုပ်တွေ ရှုပ်နေပုံကိုရှောက်ကြည့်ပေါ့။ သင်တို့ ငါတို့မှာ အလုပ်တွေကလဲ ရှုပ်လိုက်တာလို့ ညည်းနေကြတယ် မဟုတ်လား။ အဲဒါ စင်စစ်ကတော့ မသာပြင်အလုပ် ရှုပ်နေ တာမဟုတ်လား။ သင်တို့ဒီအတိုင်းဝန်ခံရဲတယ် မဟုတ်လား။ မှားနေတယ်လို့ စဉ်းစားများ နေသေးသလား။

ဤကဲ့သို့ ထာဝစဉ် မသာပြင် လွတ်မြောက်ရေး တရား တော်ကို အသိဉာဏ် ရရေးအတွက် ခေတ်,နောက်ကျသွား မယ် ယခုခေတ်က ဘာခေတ်လဲဆိုလျှင် ဝိမုတ္တိယုဂခေတ်လို့ သိပါ။ ၎င်း ဝိမုတ္တိယုဂခေတ်က ဗုဒ္ဓလိုဆိုတော့ ယခင်ပြခဲ့

တဲ့ မသာပြင်လွှတ်တဲ့ ခေတ်ဘဲ အခါဘဲလို့ သိပါ။ ဒါ ကြောင့် ဘုရားပွင့်ရာ သာသနာတော်ကြီးနဲ့ တွေ့ကြုံဆုံစီး နေလေတော့ ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာနံ အာဒိနဝ နေက္ခမ အာနိသံသ ကထာစတဲ့ကထာ တို့တွင် ဒါနကထာ သီလကထာ သဂ္ဂကထာဆိုတဲ့ကထာသုံး ရပ်ကို ယခုအချိန်ထိ မမှိတ်မသုံ ယုံယုံ ကြည်ကြည် လုံလုံ လောက်လောက် ဆိုတာလို ပြုလုပ်နေကြတာ မြင်သောအား ဖြင့် မရေးသားတော့ပါဘူး။ ၎င်း ကထာသုံးရပ်ကတော့ လောကုတ္တရာဆိုဘဲ့ သိမြင်ရေး မဂ္ဂကထာကို ဖွင့်ဟရေးလိုက် လျှင် သိမြင်ရေးမှန်ပါက ပြုပြင်ရေးဆိုတဲ့ ဒါန၊သီလ၊ဘာဝနာ တွေလဲ (ကျဲကူးရေပါ)ဆိုတာလို တခါတည်း ပါလာရမှာ ကတော့ ကေန်ပါဘဲ။ အဲဒါကြောင့် ခေတ်နောက်မကျစေရန် ဝါ၊ ထာဝစဉ် မသာပြင်ရတဲ့ဘာဝမှ လွှတ်လပ်ရာ သုခပဋိပဒါ အကျင့်ကို ကျင့်တတ်ရန် သတိထား၍ ဘတ်ပါ။ ပဋိပဒါအ ကျင့်သည် စိတ်အားစိုက်ပြီး မကျင့်ရဘူးလို့ အထက်ကရေး ခဲ့တာကို ပေါ်လွင်အောင် ဖြေရေးမယ်။

သုခပဋိပဒါဆိုတာ ဘာကြောင့် စိတ်အားစိုက်ပြီး မကျင့် ရပါသလဲဆိုတော့ တရားအတိုင်း သိမြင်ပြီးတော့ သိမြင်သလို နေ့နေ သွားတာဘဲလို့ နားလည်ပါ။

ဒါဖြင့် (တရားအတိုင်း)သိဘို့ ဘယ်လိုလုပ်သိရမှာလဲလို့ မေးစရာရှိတယ်၊ ဖြေဘို့ကတော့ လွယ်ပါတယ်၊ တရားအတိုင်း သိဘို့ ဘယ်လိုမှ လုပ်မကြည့်နဲ့၊ အဟုတ်သိဘို့ကတော့ သင် တို့ရဲ့စိတ်ကို အလုပ်မပေးဘဲ အလိုက်သင့် စိတ်နားကြည့်ပါ

တော့လား။ စိတ်နားကြည့်တော့ စိတ်တရားတွေ မှားနေတာလဲမရှိ၊ စိတ်လွဲနေတာလဲမရှိ၊ အဲဒီ စိတ်မှား စိတ်လွဲ တရားတွေ အလုံးစုံ အကုန်ကင်းရှင်းနေတာကို သိတဲ့ဉာဏ် ဖြစ်လာလိမ့်မယ်၊ အထူးသိဘို့ကတော့ မနေ့စိတ်က အရာရာ သာယာနေလို့ အဲဒီသာယာတဲ့စိတ်ကြောင့်မှားတယ်လွဲတယ်လို့ တရားဘက်ကပြောရတာပါ။

စိတ်မသာယာတဲ့ စိတ်အသာနားကြည့်ပါက စိတ်မှားစိတ်ရှုပ်အလုပ်တွေ မရှိပုံကတော့ သေးထွက်အောင် မှန်ပါတယ်၊ အတွေ့မှာယုံပါ၊ ခြေအစခေါင်းအဆုံး ရုပ်တုံး ခန္ဓာ တရားကြီးကတော့ မမှား မလွဲဘတ်ပါဘူးလို့ သိပါ၊ မြင်ရုံ ကြားရုံ နံ့ရုံ လျှက်ရုံ ရှေ့ဦးမှာ အရာရာသိရုံ စိတ်ကကွဲလဲ မမှား၊ မလွဲ မရှုပ်မပွေ့ဘတ်ပါဘူး။ အဲဒါကြောင့် ဗမာလိုရေးလျှင် ဘယ်မှ စိတ်တွေမကူးသေးတဲ့ (စိတ်အတိုင်း)နေကြည့်ပါ။ သင်တို (ခြေအစ ခေါင်းအဆုံး) ရုပ်တုံး ခန္ဓာကြီး ဝါ၊ အထက်က ရေးပြခဲ့တဲ့ မသာဘုံးကြီးက ပြင်းလိုက်တာ ပျော်လိုက်တာလို့ ဘယ်တုံးကမှ အနေ့ာက်အရှက် မပေးဘူး ပါဘူး။ ၎င်း ရုပ်တုံးခန္ဓာကြီးက ဓါတ်ရှင်တို့ပွဲတို့အစရှိတဲ့ နေရာများသို့ရင်း၊ တနည်း ဘယ်သူ့ကို မှန်းလိုက်၊ချစ်လိုက်၊ လွမ်းလိုက်၊ ဆွေးလိုက်၊ပူလိုက်၊ပင်လိုက်၊ မခိုင်းဘူး၊ ဒါနဲ့ပါဘာသိ၊ ဒါဖြင့် ခြေအစခေါင်းအဆုံး ရုပ်ဘုံးခန္ဓာကြီးကလဲ စိတ် အသာနား ကြည့်တော့ ဘယ်လိုမှ ပြင်းဘယ် ပျော်တယ် မလုပ်ဘဲ သူ့ဘာသာသူ တရားအတိုင်း နေဘယ်လို့ သိပါ၊ မြင်ရုံ ကြားရုံ ခြေခက်ဒွါရမှာ ရိုးသားခွာ ပေါ်တဲ့ စိတ်ကလဲ ဘယ်သူ့ကိုမှ ပူအောင် ဆွေးအောင် လုပ်

တတ်ထာမဟုတ်ဘူး။ ချုပ်ခန္ဓာကြီးနဲ့ အလားတူပါဘဲ၊ ဒါကြောင့် ပကတိ (တရားအတိုင်းတိုင်း) မြင်အောင် စိတ်နားကြည့်ပါလို့ ရေးသားလိုက်တယ်။စိတ်နားကြည့်တော့ ငါသွားရယ် ငါသွီးရယ် ငါကိုယ်ရယ် ဟိုဟာဒီဟာ အစွဲအယူ စိတ်တရားတွေ ဖြစ်နေတာ မရှိတာကိုလဲ သိတယ်၊ ပကတိအတိုင်းက မဖြစ်ပေါ်ရာ နိဗ္ဗာန်ဆိုတဲ့ တရားကိုလဲ မြင်တယ်။ ဒီတော့ မဖြစ်ပေါ်သေးတဲ့ တရားကိုလဲ ဖြစ်ပေါ်အောင် စိတ်နှင့်အားမစိုက် ပကတိ မဖြစ်ပေါ်ရာ တရားကြီးကိုလဲ ရှိပြီးသားမို့ အထူးမဖြစ်အောင် စိတ်အားမစိုက်ဖြစ်အောင် မဖြစ်အောင် စိတ်အားမစိုက်ဘဲ မဖြစ်ရာတရားမြင်ပြီး အလိုက်သင့် နေသွားတာကို သုခပဋိပဒါအကျင့်ဘဲ၊ တနည်း-ဗမာစကား ပ ိ ပ ိ နဲ့ ရေးလျှင် ချမ်းသာရာမြင်ပြီး ချမ်းသာသလို နေတာဘဲလို့ သိပါ။

အဲဒီ ချမ်းသာရာကလဲ တရားဘဲ၊ ချမ်းသာနေတာကလဲ တရားဘဲလို့ သိပါ။ ၎င်း ချမ်းသာ ရာက ဘာတရားလဲ ဆိုတော့ (နိဗ္ဗာန်) တရားလို့ ခေါ်ပါတယ်။ ချမ်းသာ နေတာကတော့ ဘာတရားလဲဆိုတော့ (စိတ်တရား)လို့ ခေါ်တယ်။ တနည်းအားဖြင့် (ဖိုလ်တရား) လို့ သိပါ။ ပဌမရှေးဦးစွာ မြင်တာက (မဂ်တရား) လို့ သိပါ။ ဤကဲ့သို့ သိခြင်းသည် (ပစ္စဝေက္ခဏာတရား) ဘဲလို့ သိပါ။ ဒီတော့ ယောဂီတို့ သိရန် တိုတိုရှင်းရှင်း ရေးရလျှင် နိဗ္ဗာန်ဆိုတဲ့ တရားကြီးကလဲ ငြိမ်းချမ်းရာတရားအတိုင်း နိဗ္ဗာန်လိုနေတာပါဘဲ။

မဂ်တရားကလဲ မဂ်တရားလို နေတာပါဘဲ၊ ဖိုလ်တရားကလဲ ဖိုလ်တရားလို နေတာပါဘဲ၊ ဝိပါက်တရားကလဲ ဝိပါက်တရားလို

နေတာပါဘဲ၊ ကိလေသာ တရားကလဲ ကိလေသာတရားလို့နေတာပါဘဲ၊ အဲဒါကြောင့် ကျေးဇူးရှင် ကျော်ကျော်သဘော ဆရာတော်ဘုရားကြီးက (တရားကတော့ တရား အတိုင်းတိုင်း) ပါဘဲလို့ ဟောတော်မူတာ တကယ်မှန်တာဘဲ။

ဥပမာ အားဖြင့် နေရိပ်ကြီးကလဲ အရိပ်ကြီး အတိုင်းတိုင်း နေသလို၊ ၎င်းအရိပ်မြင်ပြီး အရိပ်မှာ နားနေတဲ့ လူအတိုင်းလို နေပူကြီးကလဲ နေပူကြီးအတိုင်းတိုင်း နေသလို၊ ၎င်းနေ ပူ ထဲ တဖွားဖွား သွားသူကလဲ သွား၊ သူ့အတိုင်းတိုင်း ပူသလိုပေါ့။

ဒါကြောင့် တရားဆိုတဲ့အတိုင်း တရားနေတယ်၊ နေရိပ်ကြီးကလဲ နေပူထဲသွားနေသူကို လိုက်၍မခေါ်၊ အပူထဲသွားသူ ပူတာမှန်လို့ ပူတာနဲ့ နေရသလို၊ အရိပ်မှာနေတဲ့သူ အပူကမတတ်နိုင်သဖြင့် တရားသဖြင့်တောမှန်လို့ ရောနဲ့နေရဘိသကဲ့သို့စာကြည့်တဲ့ ယောဂီတို့မှာလဲ ပကတိအတိုင်း နေ့ကြည့်ပါက– ဝါ– စိတ်နားကြည့်ပါလျှင် အရိပ်နဲ့တူတဲ့ အေးရာ နိဗ္ဗာန်ကို သူ့အလိုလို အေးနေတဲ့အတိုင်း မြင်ပါတယ်၊ မြင်လျှင် အဲဒီအေးရာနဲ့ နေပါ၊ အရိပ်နေသူ အပူမတတ်နိုင် သကဲ့သို့ အေးရာ ငြိမ်းရာ နိဗ္ဗာန်တရားနဲ့ နေတဲ့စိတ်သည် နေပူ, မီးပူနဲ့တူတဲ့ လောဘစိတ်ပူ၊ ဒေါသစိတ်ပူ၊ သောကစိတ်ပူ အပူခပ်သိမ်း ပကတိအတိုင်း အေးငြိမ်းနေတော့တာ ပါဘဲ၊ ယခုတော့ အေးရာအရိပ်ကြီးနဲ့ နေပြီးသားက ခွါ, ခွါပြီး ပူရာကို ခြေဦး လှည့်သွားတော့ အပူထဲ ရောက်သဖြင့် ပူရာနဲ့နေရသလို ပူလှချည့်သို့ အော်ဟစ်ရသကဲ့သို့ တို့ဘတွေမှာလဲ ရှေ့ရေး, နောက်ရေး, မတွေးသေးမို့က ပကတိက အရိပ်သဘွယ် အေးပြီးသား တရားကြီးရှိနေသားနဲ့ ရှိရာနဲ့

မနေပါဘဲ ပူစရာဘက်ကိုသာ စိတ်ဦးက ထွက်ထွက်ပြီး ရှေ့ရေး, နောက်ရေး, တွေးတော အောက်မေ့လိုက်တယ်၊ တွေးတော အောက်မေ့လိုက်တော့ ပူ ရိပ် ပူနိမိတ်တွေပေါ်ပြီး ပူစိတ်တွေ ဖြစ်လာကုန်ရော၊ ဒီတော့ ပူတာမှန်လို့ ပူရာနဲ့ နေရလို့ ပူတရားတွေ ဖြစ်ဖြစ် နေတော့တာပေါ့ ယောဂီ။ ဒါကြောင့် ဘုရားက တရားဆိုတာ အခြားမှာမရှိဘူး။ စိတ်, ခန္ဓာမှာ ကပ်ကြည့်ကြဲ ရှိပြီးသား နေပြီးသား တရားကို မြင်လိမ့်မယ်လို့ ဟော ခဲ့တာ ပေါ့၊ ဒါကြောင့် ယောဂီ သင့်စိတ်ကို သင့်အသိဆုံး ဖြစ်ရမယ်။ ယခု ပကတိ (စိတ်အတိုင်းတိုင်း) ဟာ လောဘရှိလို့ လောဘ တရားနဲ့ နေသလား၊ သို့မဟုတ် ဒေါသနဲ့ သောက ပရိဒေဝ ခက်ထန်ပူဆွေး ငိုကြွေးဆိုတဲ့ တရားနဲ့နေတာလား၊ သင့် စိတ်ကို သင့်တို့ အသိဆုံးဖြစ်မယ်၊ သင်တို့လဲ ပြောနေကြပါတယ်၊ (ဘယ်သူဟာတရားနဲ့မနေဘူးဘယ်သူကတရားနဲ့နေတယ်)လို့ ပြောနေကြတယ် မဟုတ်လား။

စင်စစ်ကတော့ ပကတိစိတ်ကို လောဘ ဒေါသ လေ့ယှဉ်လျှင် လောဘ ဒေါသ တရားနဲ့နေရမှာဘဲ။ လောဘ, ဒေါသ, တရားတွေ ဖြစ်မှနေလျှင် ၎င်းလောဘ, ဒေါသတရားတွေရဲ့ ကုန်ရာငြိမ်းရာ နိဗ္ဗာန်တရားနဲ့နေပြီးသားဆိုတာ ထင်ရှားနေတယ် မဟုတ်လား၊ သို့သော်တရားထဲ သူသူ, ငါငါ, တော့ ထည့်ပြီး မစဉ်းစားပါနဲ့ တရားဟာ တရားအချင်းချင်း နေတာမှန်တယ် အဘယ်တရားနဲ့နေတယ်လို့ မသိဘဲ တွေဝေနေတာ မေ့ဟာတရားလို့ခေါ်တယ်။

ဒီတော့ ဘာမှ တွေဝေနေစရာ မဟုတ်ပါဘူး၊ (ဒိဋ္ဌမမွော

ပတ္တမြေမှာ) ဘုရားဟော ရှိသားဘဲ၊ အထက်က ဥပမာလို ပေါ့- ယောဂီ၊ သင့်အိမ်မှာ မီးမလောင်ဘူးဆိုလျှင် သင်တို့ ဘယ် မှာနေသလဲလို့ မေး လျှင် ဘယ်လို ဖြေမလဲ၊ တွေးမနေပါနဲ့ မီးမလောင်တော့ မလောင်ရာ နဂိုအတိုင်းဘိုင်း ချမ်းချမ်းသာ သာ နေတယ်လို့ လွယ်လွယ် ဖြေရုံပါဘဲ၊ ဒါဖြင့် မလောင်တာ က ဘာလဲလို့ မေးလျှင်(မီး)လို့ ဖြေပါ၊ မလောင်ရာကတော့ (နဂိုနေပြီးသား) လို့ ဖြေပါ။

(တာ) နှင့် (ရာ) ကိုတော့ ခြားနားသိပါ၊ အထူး သိဘို့က တော့ မီးမလောင်ရာကြီးက ပကတိက အရင်ရှိရှိနေတာ မှန်ပါ တယ်။ မီးမလောင်တာတွေကတော့ လက်ဆော့လက်ကမြင်းလို့ လောင် ခြင်း ဖြစ်ပါတယ်။ သို့သော် ပကတိ မီးမလောင်ရာနဲ့ နေတာပါလားလို့ အစကတော့ ထင်ရှားစွာ မြင်ချင်မှမြင်မယ်။ ဒါ ကြောင့် ထင် ရှား စွာ မြင်သွားအောင်ကတော့ သင်တို့မလို လားတဲ့ မီးဘေးနဲ့ နှိုင်းယှဉ်ကြည့်မှ မီး, အေးရာနဲ့ ပကတိ အ တိုင်းနေရခြင်းသည် ထင်ရှားစွာ မြင်သွားတယ်။

အထက်က ဥပမာကဲ့သို့ စာကြည့်သော ယောဂီ၊ သင့် စိတ်, ပကတိအတိုင်း နေကြည့်ပါ၊ အေးပြီးသားတရားက အရင် ရှိ သလား၊ သို့မဟုတ် ပူစိတ် တရားက အရင် ရှိသလား- ဆိုတာ သင်, အသိဆုံး ဖြစ်မယ်၊ သူ တ ပါး ချောက်ခြားလို့ မရတာ ဒီတရားဘဲ ယောဂီ၊ ပကတိစိတ် အတိုင်း နေကြည့်မှတော့ ပူတဲ့ ဒုက္ခတရားက အရင် မရှိနိုင်တာ မှန်ဘယ်၊ ပူတာ မရှိလျှင်တော့ ဘာရှိသလဲ၊ ဘာမှ မရှိဘူးလို့ ဆုံလျှင် မှားသွားပြီ၊ စင်စစ်က ပူဘာမရှိတော့ အေးရာ ဆို တဲ့ နိဗ္ဗာန် တရား ကတော့- (ရှိနှင့်

ပြီးသားတရား)မှန်ပါတယ်၊ မရှိတာကဘာလဲ-(ပကတိစိတ် အတိုင်းတိုင်း)နေလို့ ပူတဲ့ စိတ် မရှိတာဘဲ မဟုတ်လား၊ ရှိတာကတော့အေးရာ တရားဘဲ ရှိပါတယ်၊ ဒါဖြင့် သင် သည် မရှိတာနဲ့ နေသလား၊ သို့မဟုတ်ရှိရာနဲ့ နေတာလား လို့ မေးလျှင်ဘယ်လို ဖြေမလဲ၊ (ဒါကတော့အပူစိတ်တရား က ရှိမှမရှိသေးဘဲ အပူတရားနဲ့ ဘယ်ကနေတာ ဟုတ်မှာလဲ) လို့ မှန်တာသိပြီး မှန်သလို ဖြေရမှာပေါ့၊ ဒါဖြင့် ပူတဲ့ တရားနဲ့ မနေလျှင် ပကတိအေးရာနဲ့ နေပြီးသား မှန်တယ် လို့ ယုံကြည်ပါ။

ဤကဲ့သို့ နေပြီးသားအတိုင်း မြင်တဲ့ဉာဏ်က ဖြစ်တော့ ဝါ၊ အမြင်တရားက စွင့်စွင့်ကားကား ပေါ်လှင်လာလေ တော့ ဘယ်သူက မဟုတ်ဘူး ပြောပြော၊အဟုတ်ရှိတဲ့ တရား ကို အဟုတ် မြင်သားသဖြင့် ချောက်ခြား ဖေါက်ပြန်ခြင်း မရှိသဖြင့် တည်သွားခြင်းကို (အရိယာ သစ္စာန ဒဿနံ) ပါ ဘဲ။ သို့သော် ဘာသာလဝါ အမှတ်အမဲ့ဆိုလျှင် ထင်ရှား စွာ မြင်ကြမယ်မဟုတ်ဘူး။ ဒါကြောင့် နှိုင်းယှဉ်ချက် အမျိုး မျိုးနဲ့ ပြရတာ၊ နှိုင်းယှဉ်ချက်ကတော့ စိတ်ထင်သလို တကယ်မဟုတ်ဘဲနဲ့ လဟာပြင်ကို ရေထင်ကူးနေသော သူရူးလို စိတ်ထင်တခုနဲ့ အတိတ် အနာဂါတ် ရှေ့နောက် တွေးပြီး ရေထဲဆင်း သချင်လောက်အောင် အပူကဲခါ အလူးအလဲ စိတ်ကြောင့် စိတ္တဇ ရောဂါစွဲနေသူနဲ့ နှိုင်း ယှဉ် ကြည့်မှ ၎င်းစိတ်ပူ စိတ်ဆွေးတွေမရှိ ပကတိက အေးရာ

ကင်းရာ ရှင်းရာ တရားနဲ့ ပကတိ နေပြီးသားကြီးသည် ထင်ရှားတယ်။

ဒါကြောင့် ကျေးဇူးရှင် ကျောက်သဘော် ဆရာတော် ဘုရားကြီးက (ပင်ကိုယ်ကရှင်း ပင်ကိုယ်ကလင်းတဲ့ တရား) လို့ ဟောနေတာပေါ့၊ ပကတိ နေပြီးသား နေရာကို မြင်တဲ့ဉာဏ် ဖြစ်ပါမှ နေရာအထူး မရှာရမှာလို့ သိပါ၊ နေပြီးသား နေရာ မမြင်တော့ သူ့သူ့ငါငါ၊ အေးငြိမ်းရာကို တရော့သေပါးနဲ့ အဓမ္မသား ရှာနေရတယ် မဟုတ်လား။ ယခုတော့ ပကတိက ရောမြင်ပြီးသား ဖြစ်တော့ စိတ်ပူ စိတ်ဆွေး စိတ်ထွေးမှု အကျင့် မလုပ်တော့ဘဲ ပကတိ ရှိပြီး သား အေးရာကိုသာ စိတ်နား နားသွားရုံဘဲ ရှိတော့တာ ပေါ့၊ ရှင်းရှင်းကတော့ အေးရာနဲ့ နေတို့က (ဘာမှလုပ်ဘွယ် မရှိ၊ ပူစရာမတွေးလျှင် ရောနဲ့ နေပြီးသားဘဲ။) ဒို့တတွေ ပြောနေကျ အရပ်စကားထဲတောင် တရားသံတွေ ပါနေသား ဘဲ။ ဘယ်လိုပါသလဲဆိုတော့ (ဧေ့-မနေလို့ ဒီလို ဖြစ်ရ တာပါ၊ ဒီလိုမှန်း သိရင် မလုပ်ပါဘူး၊ မပြောပါဘူး၊ လုပ်ရ၊ ပြောရပေမဲ့ အလကားပါဘဲ) စသဖြင့် ပြောနေတဲ့ စကားထဲမှာ တရားသား ပါနေတယ် မဟုတ်သား။ ဒါ ကြောင့် (ဧေ့မနေမိလို့ပါ'ဆိုတဲ့ စကားကို ထောက်သော အားဖြင့် နဂိုပကတိက ပြီးသားနဲ့ နေတယ်ဆိုတာ ရှင်းနေ တယ် မဟုတ်လား။ ဦးပဥ္စင်းတို့ ခလေးကထဲက ဒီအသံတွေ ပြောဆိုနေတာ ကြားဘူးပါတယ်။ ဘာတဲ့ (နဂိုလို မနေ မိလို့ ကိုယ်ယိတယ်လေး)ဆိုတာ မှန်နေတာဘဲ။

ဘုရားကလဲ ဒီလို ဆုံးမသွားတာပါဘဲ။ သို့သော် မာဂဓ စကားဆိုတော့ ခန့်ညားနေတာပေါ့၊ တို့အများ မိဘက သားသမီးကလေးတွေကို ဆုံးမတာလို တရား့မိဘ ဖြစ်တော် မူကြတဲ့ ဘုရားရှင်တွေကလဲ ဆုံးမတော်မူတာ သိပါ။ တို့ဘတွေ အများမိဘက ခလေးတွေအပေါ် ဘယ်လိုဆုံးမ သလဲ ဆိုတော့ “ဟဲ့ ခလေးတွေ ငြိမ်ငြိမ်နေစမ်း မဆူစမ်း မပူစမ်းနဲ့ အေးအေးနေပါဆိုတာကို ပြောမရဘူး) စသည် ဖြင့် ဆုံးမကြတက် မဟုတ်လား။

ဤကဲ့သို့ ခလေးတွေကို အများမိဘက ဆုံးမတာနဲ့ မခြားတမူ အသားတူသာလျှင် တရားမိဘ ဘုရားအဆူဆူက လဲ တို့ဘတွေအပေါ် စင်စစ်ဒီအတိုင်း ဆုံးမတော်မူခဲ့တာပါ ဘဲ။ သို့သော် ပါဠိမာဂဓ စကားနဲ့ဆိုလေတော့ နက်နေ တာပေါ့ မာဂဓနှင့် ဘယ်ပုံ ဆုံးမသလဲ ဆိုတော့—

(ယော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော)လို့ ဆုံးမတယ်။ နောက် ဆုံးမချက်ကတော့ (သဗ္ဗကာတဗ္ဗ ဘာဝေတဗ္ဗ)ပေါ့။ ဤကဲ့သို့ ရွတ်ဘတ် ဟောလိုက်တော့ ကိုယ်လဲ နားမလည်လို့ မမြင်လိုက်ဘဲနဲ့ (ဟာဟင်)လို့ အသံတွေ ပေးကုန်ကြတယ်။ ဒီပါဠိတပုဒ် ရွတ်လိုက်တယ် ဆိုလျှင် အနက် ထပ်ရသေးတယ်။ ဒါနဲ့လဲ မပြီးသေးဘူး၊ အဓိပ္ပါယ်ပြန် မြင်လောက်အောင် ပြန်ပေးမှ အများ နား လည်နိုင်တယ်။ ဒါလဲဘဲ အရပ်နားတွေဆိုတော့ ကျိုပ် စကားနဲ့ ပြန်ပြောရတာပါဘဲ။ ဒါကြောင့် အကျူး သော် ပေးလိုက်ချင်ကာကတော့ ဥပမာတခု ရေးပြအုံးမယ်။

အလွန့် အလွန် ရင်းနှီးလို့ သူငယ်ချင်း တယောက်က တယောက်လူကို ရွှေဒင်္ဂါးကြီး အလကား ပေးလိုက်တယ်။ ဒီတော့ ယူသူက မပင်မပန်းနဲ့ အလကားရလို့ အဘိုးမတန်တဲ့ ကြေးပြားကြီးဘဲလို့ ထင်တတ်တယ်။ ဒါ့ မခက်ဘူးလား။ ဒါကြောင့် အထက်နားက ရေးခဲ့တဲ့ ပါဠိကို နဲနဲ အဓိပ္ပါယ် ပြန် ရေးအုံးမယ်။

ယောစာဂေါ၊ အကြောင် စွန့်ရာဖြစ်သော နိဗ္ဗာန်ကို။ ယော ပဋိနိဿဂ္ဂေါ၊ အကြောင် ဝေးစွာစွန့်ရာ ဖြစ်သော နိဗ္ဗာန်ကို။ မုတ္တိ၊ အကြောင်လွတ်ရာ ဖြစ်သော နိဗ္ဗာန်ကို "သစ္ဆိကာတဗ္ဗ့ဆိုတာ မျက်မှောက်ပြုရစ်ကြ။ ဘာဝေတဗ္ဗ့ ဆိုတာက ပွါးရစ်ကြလို့ ခိုင်းခဲ့တာပါဘဲ။ ဒါနဲ့ နားလည်မလားဆိုတော့ မလည်သေးပါဘူး။ အဓိပ္ပါယ် ဆိုတာကတော့ မင်းတို့ရဲ့ ကိလေသာ တဏှာ လောဘစသော တရားတွေ။ ဝါ၊ ချစ်ခြင်း၊ မုန်းခြင်း၊ စိတ်တွေ စွန့်လိုက်ကြ။ ဒီတရားတွေ မစွန့် အာလယ မပြတ်မကုန်ပါက လွတ်လွတ် အေးအေး မနေရဘူး။ မီးကို ကိုင်ထားတော့ အေးရာနဲ့ မနေရတာလိုပေါ့။ အဲတာလို ဘုရားက မင်းတို့ အလကားစိတ်တွေ သိမ်းပိုက်မထားနဲ့ စွန့်လိုက်ကြလို့ ဟောတော်မူခဲ့တာပါ။ စွန့်ပြီး စွန့်ရာဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုရစ်ကြ။ သိသိ့နေကြလို့ ခိုင်းတာပါဘဲလို့ မြင်ပါ။ စွန့်ဆိုတာကလဲ ဖြစ်လာတဲ့ မုန်းစိတ်၊ ဆွေးစိတ်၊ ပူစိတ်တွေ စွန့်ရမှာ မဟုတ်ပါဘူး။ (မဖြစ်သေးတဲ့ လောဘ၊ ဒေါသ တရား)တွေကို ဖြစ်အောင် စိတ် ဦးလှည့်မပေးသေး

တဲ့ (စိတ်၊ အတိုင်းတိုင်း) နေတာလို့ မြင်ပါ။ လွယ်လွယ် သိဘို့ကတော့၊ မပြုမလုပ်သင့်တာကို မလုပ်သေးတဲ့ (စိတ်၊ အတိုင်းတိုင်း) မပြောသေးတဲ့ (စိတ်၊ အတိုင်းတိုင်း) မတွေး သေးတဲ့ (စိတ်၊ အတိုင်းတိုင်း) နေတာပါဘဲ။ စိတ်ကတော့ ပျောက်မသွားဘူး (နိဗ္ဗာန်နဲ့ နေတဲ့စိတ်)ဘဲလို့ သိပါ။

အချို့က (စိတ်၊ အတိုင်းတိုင်း) ထားမရဘူးတဲ့။ မရလျှင် တစ ထွက်လာတော့တာဘဲ။ အဲဒီစိတ်၊ တစကနေပြီး ရစ်ပတ် ကုန်တော့တာပေါ့။ ဒါကြောင့် စိတ်ကို စိတ်နဲ့ သွားမထား နဲ့ အေးအေးဘဲ အေးရာနဲ့ နေကြလို့ ဘုရားဆုံးမခဲ့တာ လို့ (ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီးက ဆုံးမတော်မူတာပေါ့။ ဒါ (ယော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗ) ဆိုတဲ့ မာဂဓ စကား၊ ဗမာလိုပြန်တော့ (အေးအေးနေ)။ ကြာတာ ပါဘဲ။ သဘော မမှီလျှင်ကတော့ အထက်က ဥပမာလို နေသွားတတ်တယ်။

အဲဒါကြောင့် မနေမနား ပါရမီဖြည့်ခဲ့ပေလို့ ပရမ ဘုရားရယ်လို့ ပွင့်ခဲ့ရပါတယ်။ ထိုပရမ ဘုရားက တဆင့် ဟောခဲ့တဲ့ ဓမ္မ တရားအတိုင်းတိုင်း ကျောက်သဘော် ဆရာ တော် ဘုရားကြီးနှင့်တကွ ဦးပဥ္စင်းတို့ပါ မနေမနား ဗမာ စကားနဲ့ ဂရုဏာထားပြီး အလကားဟောတဲ့(မသေသေရား) ကို ရွှေငွေ ရတနာတို့ထက် အဆတသောင်း မကသာအောင် ထူးကဲခွန့်မြတ်လှတဲ့ နိဗ္ဗာန်တရား ရတနာကြီးဘဲလို့ သင်တို့ မြင်လျှင် သိပါလိမ့်မယ်။

အဲဒါကြောင့်လဲ ဗုဒ္ဓဘာသာ အစဉ်အလာအတိုင်း(ဓမ္မ ·နေရာ ဂစ္ဆာမိ)လို့ ဆိုသာ ဘယ်တရားထင်သလဲ။ တရား ·ပေါင်းတို့တွင် ပကတိ အနေအားဖြင့် ပစ္စည်းများထက်(ဝါ) ·ဘိုးမဖြတ်နိုင်တဲ့ အေးတဲ့တရားကြီးဘဲလို့ သိပြီး ဆည်းကပ် ·မည်။ ဆည်းကပ် ဆိုတာကတော့ ပူ့စရာတွေ မတွေးဘဲ ·အေး့ရာနဲ့နေတာကို ဆည်းကပ်တယ်လို့ သိပါ။ အေး ·ရားကလဲ တရား။ အေးတဲ့ စိတ်ကလဲ တရားဘဲ။ လူအေး့ ·သွားအေး့မဟုတ်ဘူးလို့ မြင်ပါ။ တရားတောင်မှ သူ့အမျိုး ·အသားနဲ့သူ ရှိသေးတယ်။ မဂ်တရား၊ ဖိုလ်တရားကသာ ·နိဗ္ဗာန်တရားနဲ့ နေသွားနိုင်တာ။ သမုဒယ သစ္စာတရားနဲ့ ·ဒုက္ခသစ္စာတရားက ဝဋ်တွင်း သစ္စာတရားမို့လို့ နိဗ္ဗာန် ·တရားနဲ့ မနေနိုင်ဘူးလို့ သိပါ။ ၎င်း စိတ်သမုဒယကလဲ ·စိတ်ပူမှ ဖြစ်လာတာပါ။ စိတ်ဒုက္ခသစ္စာကလဲ စိတ်လုပ်မှ ·စိတ်ဒုက္ခဖြစ်လာတာပါ။ ဒီတော့ ဒီစိတ်မလုပ်မိဘာ စိတ် ·သမုဒယ၊ စိတ်ဒုက္ခ၊ ဝဋ်တွင်းသစ္စာမှ လွတ်လပ်ရာ ဝဋ်ကင်း ·နိုးယာဓသစ္စာ နေစရာ နေရာ အကျယ်ကြီး အရှိသားနဲ့ ·လွတ်မလပ် အကြပ်အတည်း ခရီးမဆုံးနိုင်တဲ့ သမုဒယ့ ·ဝဋ်တွင်းဆို စိတ်ဦးလှည့် ဆင်းသေးလျှင်တော့ စိတ်ရဲ့ ·ဆင်ဒီနပ် အဖြစ်၊ တင်းပြည် ကျပ်ပြည့် မသိသေးလို့ပါ။ ·ဒါကြောင့် တရား့ခက်တယ် ဆိုတာကတော့ ရှိပြီးသား ·အေးတရား့ မြင်ပါလျက်နဲ့ အေးသလို၊ အေးအေး မနေနိုင် ·တာ အခက်ဆုံးပါလား။ ဝိဘာခါကို ထောက်ကြည့်ပါ။ ·ဒါဘာကြောင့်လဲလို့ သိဘို့ကတော့ အေး့ရာမြင်ပြီး အေး·

သလိုနေတဲ့ အေးကျင့်ကလဲ မပါသေးတော့ ရံခါဖြစ်တဲ့ စိတ် အပူစိတ်အပြစ်ကိုလဲ မထင်ရှားဘူး။ ၎င်းစိတ်အပြစ်ကို မထင်ရှားတော့ အေးရာကိုလဲ ခဏခဏ သိမသွားဘူး။ အေးသလိုလဲ အနေမများဘူး။ ဤကဲ့သို့ စိတ်အာရုံ အပြစ်ကို မြင်စေခြင်းငှာ ဘုရားက ဘယ်လို ဟောခဲ့သလဲဆိုတော့ ပရေ၊ အကျွမ်းဝင်ခြင်း၊ အမြဲကင်းသည့် သူစိမ်းပြင်ပနဲ့ တူတယ်လို့ အနတ္တလက္ခဏာ ငါးပါး အစရှိသော ဘုရားဟောပုံတွေ သင်တို့ သဘောပေါက်ရဲ့လား။ သူသတ်ယောကျ်ားနဲ့ တနည်း တူတယ်လို့ ဟောခဲ့တာဟာ ဒို့တတွေရဲ့ မနောမှာ ဖြစ်တဲ့စိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟ တရားဆိုး တရားညစ် စိတ်ကို ဟောခဲ့တာဘဲလို့ သိပါ။ ဤကဲ့သို့မသိကြတော့အနီးကပ်ဆုံး စိတ်ရန်သူကိုတော့ မိတ်ဆွေလို့ထားပြီး၊ ဗဟိဒ္ဓကို ကျက်စားခါ ပြောနေကြတယ် မဟုတ်လား။ (တို့ကတော့ မဟုတ်ရာ ဆရာ့လာလာ လုပ်ထာ လုံးလုံးကြိုက်ထာ မဟုတ်ဘူးတဲ့။(ငါ့ကို ဆရာ့လာ မလုပ်စမ်းနဲ့။ တို့က အဘိုးအဓ ဘာမှမရ အချည်းနှီးတော့ မလုပ်နိုင်ဘူးဟေ့) စသည်ဖြင့် တွက်ချေလေးတွေနဲ့ ပြောနေကြတယ် မဟုတ်လား။ အဲတာလဲ သူ့နေရာနဲ့ သူတော့ တွက်ချေ ရှိရတာပေါ့။ လောကီမှာလဲ ဤကဲ့သို့ တွက်ချေရသူများဟာ လူတိုင်းရဲ့ ဆရာ(လုပ်)ခိုင်းတာကို ခိုင်းတိုင်း မလုပ်တော့ သင်တို့မှာ ပကတိက ချမ်းသာရာပြီးနဲ့ နေရတာ မှန်တယ် မဟုတ်လား။

ဤကဲ့သို့ ရုပ်ထဲရှာထဲမှာ လူချင်းလူ၊ တွက်ချေချသလို သင်တို့ စိတ်ချင်းစိတ်၊ ရုပ်မိခါ တွက်ချေ ချနိုင်လျှင် သင်တို့မှာ ချမ်းသာရာနဲ့ အနေများပြီ၊ အနီးကပ်ဆုံး စိတ်ကို တွက်ချေချပြလိုက်အုံးမယ်၊ သတိထားဖတ်ပါ။

သင်တို့ကို သူတပါးက နေရာတိုင်း ဆရာ၊ လုပ်သွားတော့ မကြိုက်ဘူးလို့ ပြောတယ်။ သင်တို့ မနောစိတ်က နေရာတိုင်း တခါခါသောပြီး စိတ်၊ စိတ်ချင်း၊ ဆရာလုပ်နေတာကို သင်တို့ မသိလို့ ကြိုက်နေကြရော့လား။ သို့မဟုတ် သိလျက်သားနဲ့ အရှုံးပေးပြီး ကျွန်ခံနေကြသလား။ စဉ်းစားကြပါ။ သူများ ခိုင်းတာတော့ မလုပ်ချင်ဘူးပေါ့၊ စိတ်ခိုင်းတာကြတော့ စိတ်လုပ်သွေချေလား၊ သတိပြု။ သင်တို့ရဲ့ ဆရာရင်းကို မြင် အောင်ကြည့်ပါ။ အရာရာမှာ ဆရာလုပ်တာ စိတ်အပေါင်း တို့သွင် မနောစိတ်ဘဲလို့ သိပါ၊ ဒီ (စိတ်ဆရာ) ခိုင်းတိုင်း လုပ်လုပ်နေရလို့ ပကတိစိတ်သည် (စိတ်အတိုင်းတိုင်း)မနေ ရတာဘဲလို့ သိပါ။ (စိတ်ဆရာ)က ဘယ်လိုခိုင်းသလဲဆို တော့ ရှေ့ရေးတွေးလိုက်အုံး။ နောက်ရေး တွေးလိုက်အုံး။ ဘယ်သူ့ဆဲလိုက်၊ ဘယ်သူ့မုန်းလိုက်၊ ဘယ်သူ့အတင်းပြော လိုက်၊ အဖျင်းပြောလိုက် စသည်ဖြင့် ရှေ့ပိုင်းက (စိတ်ဆရာ ကြီး)က ခိုင်းလေတော့ နောက်စိတ်တွေက ဆက်ခါဆက်ခါ ကူလီသဘွယ် ကျွန်သဘွယ် စိတ်အလုပ်လုပ်ရတော့ မချိတင်ကဲ အနေအားဖြင့်(နင့်နှယ် မျှော်လိုက်ရတာမော)လို့ ညကလဲ သားသမီးတွေအပေါ် အောင်းမေ့မိတာနဲ့ အိပ်မပျော်ဘူး) စသည်ဖြင့် မချိတင်ကဲ စိတ်မော၊ စိတ်ပန်း၊ စိတ်နွမ်း၊ စိတ်ဒုက္ခ

တွေ ဖြစ်ဖြစ်လာရတာ။ အဲဒါ ဘယ်သူခိုင်းလို့ မောတာ၊ ပန်းတာ၊ နွမ်းတာလဲ။ (စိတ်ဆရာ) က ခိုင်းတိုင်း စိတ်အလုပ်။ လုပ်ရလို့ စိတ်မော ဒုက္ခ၊ စိတ်ပန်း ဒုက္ခတွေ ဖြစ်ရတာမဟုတ်ဘူး စိတ်သာလုပ်ရတယ်။ သက်သာတဲ့အခါ ရ၊မရ မြန်မြန် တွက်ကြပါ၊ အတွက်ချော်သွားလျှင် ဟိုဘက် ပါသွားမယ်။

အဲဒါကြောင့် ယခင်က ပြခဲ့တဲ့ဥပမာလို သင်တို့မှာ ဘယ်သူကမှလာပြီး မခိုင်းတဲ့အခါ အေးဆေးချမ်းသာစွာနဲ့ နေရသကဲ့သို့ သင်တို့ မနောစိတ်က ဘယ်မှ မခိုင်းတဲ့အခါ၊ ဝါ၊ စိတ်ကို သူစိမ်းပြင်ပက လှုဆိုးအပေါ် အပြစ်မြင်သကဲ့သို့၊ စိတ်ရဲ့ အပြစ်မြင်ပြီး စိတ်အခိုင်းမခံတော့ ဒီအတိုင်း အေးဆေးချမ်းသာစွာနဲ့ နိဗ္ဗာန်ကို စိတ်၊နားနေရတယ် မဟုတ်ဘူးလား။ စိတ်နားနေရတော့ စိတ်မော။ စိတ်ပန်းတွေ ပြေနေတယ်လို့ သိပါ။ စာလိုကတော့ ဖိုလ်စိတ်ဆိုတာ ခန့်ညားတယ်။ ကြီးကြယ်တယ်။ ဗမာလိုကတော့ နိဗ္ဗာန် မြင်ပြီးသွားအတိုင်း စိတ်နားနားသွားတာဘဲလို့ သိပါ။ နေရာတိုင်းသူတပါး အခိုင်းမခံတော့ နားနေရတာလိုပေါ့။ နေရာတိုင်းလဲ စိတ်အခိုင်းမခံတော့ စိတ်အကြောင်းကို သိလေတော့ စိတ်အလုပ် မလုပ်တော့ စိတ်တွေလဲ ရှုပ်မနေဘူးပေါ့။ ဒါကြောင့် စိတ်အလုပ် စိတ်၊အရှုပ်မဟုတ်တဲ့ (စိတ်၊အတိုင်းတိုင်း)သည် နိဗ္ဗာန်မှာ နားနားနေရတာပေါ့။

ကဲ ကဲ ဒါလောက်ဆိုလျှင် သဘောမိလောက်ပါပြီ။ သဘောမမိသေးလဲ တွေ့တဲ့အခါ လျှောက်ထား ဆွေးနွေးကြသေးတာပေါ့။ ဗုဒ္ဓ၊အစစ်က နောင် တဖန် ဒုက္ခ အသစ်

အသစ် မဖြစ်စေရန် ဆုံးမရစ်ကြလို့ မှာတမ်းတော်အနေ ရေးပြခဲ့ပါပြီ။

တနည်းအားဖြင့်(မနော) ဘိက္ခဝေ ပုရိသ သမုဒ္ဒေါလို့ ဟောခဲ့တဲ့ပါဠိတော်အတိုင်း။ 'မနော,နာမ်'ကို ဥာဏ်မပြတ် လမ်းသမျှ၊ မနောစိတ်ကသာ ဘဝသစ်ကို ဖြစ်စေတတ်ပါ သဖြင့်——

သူစိမ်းပြင်ပ လူဆိုးနဲ့ အလားတူတဲ့ ကိလေသာစိတ်အဖြစ် ကို မဖြစ်ကြစေရန် ရေးပြခဲ့တဲ့အတိုင်း သိကြပေါ့။ သိရေး မြင်ရေး ကျင့်သုံးပွားရေး တွေ့၊ ဤကဲ့သို့ ယခုရေးပြလိုက် သော ဘုရားအဆုံးအမတွေကို ဘတ်တုန်း။ ကြားတုန်း။ နာတုန်း-ခဏဌ ပွားသုံးရတာ နေရာကြပြီး၊ စိတ်ကိုအရေး လုပ်သမျှ စိတ်တွေရှုပ်ရတဲ့ စိတ်ဘယသိ၍ စိတ်အရေး မလုပ်က စိတ်ဘယာမရှိတဲ့ နိဗ္ဗာန်အမတာကို၊ စိတ်အခါခါ နား၍၊ (စိတ်အတိုင်းတိုင်း) သိမြင်ကျင့်သုံး နိုင်ကြပါစေ ကုန်သတည်း။

# နိဒါန်း

(သဗ္ဗံတံ ကေရသံ ဝိမုတ္တိရသ မေဝ ဟောတိ)

သဗ္ဗံတံ ဗုဒ္ဓဝစနံ၊ ထိုပိဋကတ်သုံးပုံ အလုံးစုံသော မြတ် စွာဘုရား၏ တရား စကားတော်သည်၊ ကေရသံ၊ တခု တည်းသော အရသာရှိသော ဝါ၊ တခုတည်းသော ဝိမုတ္တိ ခေါ်ပြား အေးငြိမ်းရာ နိဗ္ဗာန် တရားတော်မြတ်ကို မြင်ရာ

မြင်ကြောင်း အသိဉာဏ် လမ်းကြောင်း လမ်းမကြီး ဖြစ်သော။ ဝိမုတ္တိ ရသမေဝ။ လွတ်ချုပ်ငြိမ်းရာ ဝိမုတ္တိ ချမ်းသာကြီးကို ခံစားနိုင်စေခြင်း အကျိုးသာလျှင်။ ဟောတိ ဧင်စစ်မသွေ ဖြစ်ပါပေ၏။

(ပါရာဇိကဏ်အဋ္ဌကထာ)

သို့ဖြစ်ပါ၍ ဤစာအုပ်သည် ကြည့်ရှုသူ အပေါင်း သူတော်ကောင်းတို့၏ စိတ်နှလုံးကို ပူဘေးမခ အေးမြ ရွှင်ပြုံး နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိ အမြိုက်အရသာကို သံဒိဋ္ဌိက မြောက် အကာလိကသို့ ရောက်ပြီး အစဉ်သုံးဆောင်နိုင်ပါစေခြင်း အကျိုးငှါ ရည်သန်စိတ်ထား ရေးသားလိုက်ရပါသတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ
ဗုဒ္ဓံ ဓမ္မံ သံဃံ မာတာပိတု အာစရိယံ အဟံဝန္ဒာမိ။

ရှေးဦးစွာ တရားကို ဆင်ခြင်နည်းမှာ၊ မိမိတို့ရဲ့ ခြေအစ ခေါင်းအဆုံး တကိုယ်လုံး ဖြစ်သော ဝိပါက်ရုပ်နာမ် အကျိုး တရားကြီးကို ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ အယူပျောက်အောင် ဆင်ခြင်ရမည်။

## (ဆင်ခြင်ပုံနည်းမှာ)

စိတ်ကလဲ တရား၊ စေတသိက်ကလဲ တရား၊ ရုပ်ကလဲ တရား၊ နိဗ္ဗာန်ကလဲ တရား၊ ဤလေးပါးသာလျှင် ထင်ရှား ရှိ၏။ ဤလေးပါး အပြင်မှတပါး ထင်ရှားရှိသော တရား

ဟူသည် ဘယ်တုံး ဘယ်အခါမှ မရှိပါ။ မြင်ရာမှာလဲ စိတ် စေတသိက်ရုပ်တရားပါသဲ။ကြားရာ၊ နံရာ၊ စားရာ၊တွေ့ထိရာ၊ ကြံစီစိတ်ကူးရာမှာလဲ စိတ်၊စေတသိက်၊ ရုပ်တရားတွေချည့် ပါဘဲ။ ၎င်းစိတ်၊စေတသိက် ရုပ်တရားတွေကို နာမည်အမျိုး မျိုး ပေးပြီး ခေါ်ကြဒါက ထင်ရှားမရှိသော ပညတ် တရားပါ။

ထို့ကြောင့် ထင်ရှားရှိဒါကတော့ တရားတွေချည်းပါဘဲ။ တရားမဟုတ်တဲ့ အရာဝတ္ထု ပစ္စည်းရယ်လို့ မရှိပါ။ ဤကဲ့သို့ သိမြင်ပါလျှင်၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ-ဟူသည် ဟိုတုန်း ကလည်း မရှိ၊ ခုလဲမရှိ၊ နောင်လည်း မရှိ၊ မူလ ပကတိကိုက မရှိဟု ပြောင်ပြောင် စင်၊ စင်၊ ကြောင်ကြောင်ကြီး မြင်ပါ လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ရှိနေဒါကတော့ တရားတွေချည်း ရှိနေပါလျက်ကယ်နှင့် ဘာရားကို (တရားအတိုင်းတိုင်း) တရားတွေ ပါကလား ရယ်လို့ အဘယ်ကြောင့် မသိမမြင်ကြပါသလဲ။ အသိဉာဏ် နည်းလို့လား။ ဗဟုသုတ နည်းပါးလို့လားဟု စဉ်းစား ထင်ခြင်ရန်ရှိ၏။

အသိဉာဏ်နည်းလို့ မဟုတ်ပါဘူး။ မရိုးသားသော လောကီ ဉာဏ်နီ ဉာဏ်နက် ဉာဏ်ကောက် ဉာဏ်ဆွေးတွေက များနေကြ လို့ပါ။ ၎င်းလောကီ အသိ ဉာဏ်တွေက ဖုန်းလျက်၊ဖုန်းလျက် ကွယ်ကာကွယ်ကာ နေကြလို့ (တရား ဘရားအတိုင်းတိုင်း) မသိကြ။ မမြင်ကြဒါပါ။

လောကီ အသိဉာဏ်ဆိုသည်မှာ ဝိပလ္လာသသိလို့ ခေါ်ဆို ရမှာ၊ ဟုတ်မှန်နေတဲ့ (တရား၊ တရားအတိုင်းတိုင်း) ကတော့ ရှိပြီးသား ဖြစ်ပါသည်။

ထိုရှိပြီးသား (တရား အတိုင်းတိုင်း) ကို သိပြီးသား မဖြစ်ကြရသေးလို့ သိပြီးသား ဖြစ်ကြရအောင် ဟောပြော ရေးပြရပါသည်။

# {ရှိပြီးသားတရား} ဆိုသည်မှာ

စာလိုပြောရလျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ ပရမတ္ထတရားလေးပါးသည် မဖေါက်မပြန် ဟုတ်မှန်စွာ မြဲမှန် အပ် မြတ်သောအားဖြင့် ထင်ရှားစွာ ရှိပြီးသား တရားပါ ပေတည်း။

စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်တရား ထင်ရှားရှိပုံမှာ—

(စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် မမြဲသဖြင့် ရှိ၏။) ဝါ၊ (အမြဲမရှိ)။ အကြောင်း တရားတို့ကြောင့် ဖြစ်ခြင်း လည်းရှိ၏။ ဖြစ်ပြန်သော်လည်း ပျက်၏၊ ဖြစ်ကြောင်း မရှိက ဖြစ်မှုတွေ မရှိ။ ဖြစ်မှုတွေမရှိသဖြင့် အဖြစ်တို့မှ (ငြိမ်းချမ်း၏)။ အဖြစ်တို့မှ ငြိမ်းချမ်းသဖြင့်(ငြိမ်းချမ်းရာ)သည် ပကတိ သဘောအားဖြင့် ထင်ရှားရှိ၏။ ထိုထင်ရှားရှိသော (ပကတိ ငြိမ်းချမ်းရာ) တရားကိုသာ နိဗ္ဗာန် ပရမတ်ဟု ခေါ်ဆိုရ၏။ ၎င်းထင်ရှားစွာ ရှိသော ငြိမ်းချမ်းရာကို ထင်ရှားစွာ သိမြင် သော ဉာဏ်ဖြစ်၏၊ ဤကဲ့သို့ ထင်ရှားစွာ သိမြင်ပါလျှင်

သိမြင်ခိုက်ကို ကောင်းမြတ်သော လောကုတ္တရာ မဂ်ဘရား ဖြစ်၏။ ကောင်းမြတ်သော ပရမတ်ဉာဏ်သို့ အသိဉာဏ် ပေါက်ရောက်ပေပြီ။

ဤငြိမ်းချမ်းရာ တရားသည် ရှိပြီးသား တရား ဖြစ်ပါသည်။ ရှိပြီးသား ဖြစ်ပုံမှာ——

စိတ်၊ စေတသိက်၊ ရုပ်တရားတွေက အမြဲ မရှိသော တရားမျိုးတွေ ဖြစ်ကြလို့ မမြဲ၊ မမြဲအနေအားဖြင့် ထင်ရှား ရှိ၏။

အမြဲအားဖြင့် ထင်ရှားရှိနေသော နိဗ္ဗာန် တရားကိုကား စိတ်၊ စေတသိက်၊ ရုပ်တို့၏ မဖြစ်ခင်ဘ မဖြစ်ဆ မပျက်ရာ ပကတိ သဘောဘရားသည် ထင်ရှားစွာ ရှိပြီးသား ဖြစ်၏။ ရှိပြီးသား တရားကို သိပြီးသား ဉာဏ်ဖြစ်ဘို့ တခုသာ လိုအပ် ပါသည်။

မူလပကတိက ငြိမ်းချမ်းရာ ရှိပြီးသားကို ထင်ရှားအောင် ဥပမာ ဆောင်ပြီး ပြရပါလျှင်——

ဝမ်းရေးအတွက် လုပ်ကိုင် စားသောက် နေကြသော်လည်း အလုပ် လုပ်နေသော စိတ်၊ ရှာဖွေသော စိတ်၊ စားသောက်နေသော စိတ်၊ စိတ်ရိုးရိုး သန့်သန့်ပင် လုပ်ကိုင် စားသောက်နေကြသေးသည်၊ ဤသို့ လုပ်ကိုင် စားသောက် နေသော ရိုးရိုးစိတ်တွင် အလိုနှင့်ဖြစ်သော ကိလေသာ (ညစ်ညူးမှု) ဖြစ်သော (မိစ်၊) ဒေါသစိယ်၊ လောဘစိဟ်၊

ငိုရိုပူဆွေး စိတ်-တွေ မရှိပါ။ မသိသမြင့် စိတ်အလိုဖြင့် ပြု၍ ဖြစ်သာသော ကိလေသာ စိတ်တို့သည် ဖြစ်ပြီး ပျက်ကြရသဖြင့် အမြဲမရှိဟု အနိစ္စကို အဓိပ္ပါယ်မှန်မှန် ပြန်ဆိုကြရပါသည်။ ဤသို့ အမြဲမရှိဘာကို သိမြင်ခြင်းသည် (ဝိပဿနာဉာဏ်) အမြဲမရှိဘာသည် ကိလေသာဘာရား၊ ထိုကိလေသာတရားတို့၏ လွတ်ရာချုပ်ရာသည် နိဗ္ဗာန်တရား၊ ထိုနိဗ္ဗာန်ကို သိမြင်သောဉာဏ်၊ မဂ်ဉာဏ်၊ သိမြင်သလို ထိုနိဗ္ဗာန်ကို အာရုံပြုက မျက်မှောက်ပြုသော အကြိမ်တိုင်းကို ဖိုလ်ဉာဏ်ဟူ၍ အသိဉာဏ် အဆုံးအဖြတ်ဖြင့် ရှိပြီးသားကို သိပြီးဖြစ်သော အသိအမြင် ဉာဏ်ဖြင့် ကျင့်သုံး ကြရပါတော့သည်။

လောကမှာ လူအများတို့သည် ပရိယေသန အလုပ်တွေမလုပ်မိက အလုပ်မရှိဘာ အလုပ်ငြိမ်းနေတာ အမှန်ဖြစ်သလိုထို့ အတူပါဘဲ၊ စိတ်အလုပ်တွေ မလုပ်ခင်က စိတ်အလုပ်တွေမရှိဘာ စိတ်အလုပ်တွေငြိမ်းနေတာ အမှန်ရှိပါသည်၊ ဤလိုစိတ်အလုပ်တွေ ငြိမ်းနေတာကို သိဘာက ဝိပဿနာဉာဏ်၊ စိတ်အလုပ်တွေ ငြိမ်းခြင်းကြောင့် ငြိမ်းရာက နိဗ္ဗာန်၊ ငြိမ်းရာကို မျက်မှောက်ပြုဘာက မဂ်ဉာဏ်၊ နောင် အကြိမ်ကြိမ်အာရုံပြုတာ မျက်မှောက်ပြုဘာက ဖိုလ်ဉာဏ်၊ ရှိပြီးသားနိဗ္ဗာန်ကို သိပြီးသားဖြစ်ပုံ တခဏ်းပြီး၏။

# တရားကို တရားအတိုင်းတိုင်း ကိုယ်တွေ့ ဒိဋ္ဌ နေရပုံ

ငြိမ်းချမ်းရေးဆိုတဲ့ နိဗ္ဗာန်တရားကို ရရှိရန် နည်း,အမျိုးမျိုးသော အားဖြင့် ရှာဖွေ အားထုတ်ကြရာ ကမ္မဋ္ဌာန်းတခုခုနှင့် အားထုတ်သူ ယောဂီကချို့ကလဲ ကိုယ်တွေ့ဒိဋ္ဌ အားထုတ်သူ ဖြစ်အောင် အားထုတ်မှဘဲ။ ကိုယ်တွေ့ ဒိဋ္ဌ ဖြစ်နိုင်ပါသည်။

ပြောရုံ၊ ဟောရုံ၊ နာကြားရုံမျှနှင့် ကိုယ်တွေ့ဒိဋ္ဌ မဖြစ်နိုင်ပါဘူးဟု ထင်မြင် ယူဆပြီး ပြောကြပါသည်။

ထိုအပြောသည် မှန်ပါပေ၏။ အားထုတ်မှ ကိုယ်တိုင်ဒိဋ္ဌ တွေ့နိုင်ပါသည်ဟုပြောခြင်းသည်(ဒုက္ခကိုသာ တွေ့ဒါက တော့ မှန်ပါသည်။) (ဒုက္ခငြိမ်းရာတွင် နိဗ္ဗာန်တရားကိုဘော့ မတွေ့ရပါ။) အာဃာယ်ကြောင့်ဆိုလျှင် စိတ်နှင့် အားထုတ်နေ ခိုက်မှာ အားထုတ်နေတဲ့ ဒုက္ခမှတပါး အခြားမရှိပါ။ ဒုက္ခ သာဖြစ်နေလို့ ဒုက္ခဘဲ တွေ့နိုင်ပါသည်။ ဤကား အားထုတ် သူ ယောဂီတို့၏ ကိုယ်တိုင်တွေ့သော တရားပါပေတည်း။

ယထာဘူတ ဟုတ်မှန်နေသည်ကို ဟုတ်မှန်နေတဲ့ အတိုင်း တိုင်း ကိုယ်တိုင် တွေ့ဘိုကတော့-

သတ္တဝါ မှန်သမျှ အနန္တတို့သည် တရားတွေ့နှင့်သာ တရား အတိုင်းတိုင်း တွေ့လျက်သာ နေကြရလေသည်။ (တွေ့နေကြသော်လည်း တွေ့မှန်းမသိကြ)။ တွေ့နေကြပုံမှာ

ဥတုပူတဲ့အခါ ပူတဲ့ တရားနှင့်သာ တွေ့နေ ကြရလေသည်။ အေးတဲ့အခါ အေးတဲ့ တရားနဲ့သာ တွေ့နေကြရပါသည်။ မူးတဲ့ အခါ မူးတဲ့ တရားနဲ့သာ တွေ့နေကြရပါသည်။ မကျန်းမာတဲ့အခါ မကျန်းမာတဲ့ တရားနဲ့သာ တွေ့ရပါသည်။ ညောင်းညာ ကိုက်ခဲတဲ့အခါ ညောင်းညာ ကိုက်ခဲတဲ့ တရားနဲ့သာ တွေ့တွေ့နေရပါသည်။ နာကျင်တဲ့အခါ နာကျင်တဲ့ တရားနဲ့သာ တွေ့တွေ့နေရပါသည်။ သေကြရတဲ့အခါ သေခြင်း တရားနဲ့သာ တွေ့နေကြရပါသည်။

ထို့အတူကဲ့သို့ပါဘဲ၊ လိုချင်တဲ့ လောဘ ဖြစ်တဲ့အခါ လောဘ တရားနဲ့သာ တွေ့နေကြရပါသည်။ စိတ်ဆိုးသဖြင့် ဒေါသ ဖြစ်တဲ့အခါ ဒေါသတရား နဲ့သာ တွေ့နေကြရပါသည် ပူပန်မှု သောက ဖြစ်တဲ့အခါ ပူပန်မှု သောကတရားနဲ့သာ တွေ့နေကြရပါသည်။ ကြောင့်ကြမှု စိုးရိမ်မှု ဖြစ်တဲ့အခါ ကြောင့်ကြမှု စိုးရိမ်မှု များနဲ့သာ တွေ့နေကြရပါသည်။ အဲဒါကို (ဥပါဒါနက္ခန္ဓာ ဓေဘသိက ဒုက္ခ)လို့ ခေါ်ပါသည်။

ထိုလောဘ၊ ဒေါသ၊ သောက ပရိဒေဝ စသော တရားတို့သည် တခါတခါ ဖြစ်ဆဲ အခိုက်အတန့်မှ တွေ့ရပါသည်။ ထိုတရားတွေကို ရှိ၊ မရှိ သိရအောင် သတိဆောင်ပြီး ကြည့်ရှုပါ။

# {ကြည့်ရှုနည်းမှာ}

စိတ်အား မစိုက်ပါဘဲ စိတ်ကို နားရပ်ကြည့်ပါက လောဘ ဒေါသ၊ သောက ပရိဒေဝ စသော တရားတွေတော့ မတွေ့ရပါဘဲ၊ ထင်ရှားရှိသော (ပကတိ ငြိမ်းအေးရာ)ကိုသာ အသိဉာဏ်ဖြင့် သံဒိဋ္ဌိကမြောက် ကိုယ်တိုင် တွေ့နေရပါသည်။

(တရားကို တရားအတိုင်းတိုင်း)တွေ့ပြီဆိုသော စကားသည် မပုံမပြင်ရပါဘဲ ပကတိ ဒီအတိုင်းတိုင်း ငြိမ်းချမ်းရာကိုသာ အသိဉာဏ်ဖြင့် ကိုယ်တိုင် ဒိဋ္ဌ တွေ့နေရပါသည်။

သောကီအာရုံဖြစ်တဲ့ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး ဖြစ်ဖြစ်သမျှ သင်္ခါရတရားတွေက အမြဲမရှိလို့ ရပ်တည် မနေနိုင်လို့ အမြဲရှိရာဖြစ်တဲ့ ပကတိ ငြိမ်းချမ်းရာကိုသာ တွေ့နေရပါသည်။ အသိအမြင် ဉာဏ်ဖြစ်ရပါသည်။ ပကတိ ငြိမ်းချမ်းရာက (နိဗ္ဗာန်တရား၊) အသိဉာဏ်နဲ့ တွေ့ဒါက (မဂ်တရား၊) နောင်အလိုရှိတိုင်း စိတ်နားရပ်ပြီး မရှိသေးတဲ့ သင်္ခါရ တရားတွေကို ထူထောင် မပေးပါဘဲ ပကတိ အရှိ၊ အေးရာတရားနဲ့သာ အေးသလို ငြိမ်းသလို (တွေ့တွေ့သွားဒါက ဖိုလ်တရား။) စိတ်အတိုင်းတိုင်းပါ။

ဤကား တရားကို တရားအတိုင်းတိုင်း ကိုယ်တွေ့ ဒိဋ္ဌ တွေ့နေရပုံ တခန်းပြီး၏။

ယထာဘူတ တွေ့ဘို့ရာ ဆရာလေဘိ။ တိမ်လျက် နက်တယ်။ ကျဉ်းလျက် ကျယ် ဘကာသ်ကျမ်းမှာရှိ။ လွယ်လျက် ခက်တယ်။ သိနိုင်ဘွယ် တကယ်ဆရာရှိ (ဝါ) ဆရာပြမှသိ။

# ဒုက္ခကင်း ချမ်းသာခြင်း

ချမ်းသာလိုလား အချိုးသားတို့သည် ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်သော တရားကို သိကြရန် အရေးကြီး ပေသည်။

ချမ်းသာရာ ချမ်းသာကြောင်း တရားဆိုသည်ကား–

၁။ နိဗ္ဗာန်–တရားနှင့်၊

၂။ မဂ်,ဖိုလ်တရား နှစ်ပါး ပါပေတည်း။

ထိုတရား နှစ်ပါးကို အဘယ်ကြောင့် ချမ်းသာရာ ချမ်းသာကြောင်းဟု ခေါ်ဆိုရပါသနည်း။ ပူပင် သောက စိတ်ဒုက္ခတို့၏ မဖြစ်ရာ မဖြစ်ကြောင်း မှန်သောကြောင့် ချမ်းသာရာ ချမ်းသာကြောင်း တရားဟု ခေါ်ရပါသည်။

ထိုချမ်းသာရာ ချမ်းသာကြောင်း တရားသို့ ဆိုက်ရောက်ကြရန် အကျင့်တရားသည် အရေးကြီးလှပါပေသည်။

အကျင့်ဆိုသည်မှာ—

၁။ ကောင်းမြတ်သော ကိုယ်နှုတ်အကျင့်။

၂။ ကောင်းမြတ် တည်ကြည်သော စိတ်အကျင့်။

၃။ ဟုတ်တိုင်း မှန်စွာ အသိအလိမ္မာ ဉာဏ်အမြင် ဟူသော စိတ်အကျင့် တမျိုး။

ပေါင်း–သို ကိုယ်, နှုတ်, စိတ်, အကျင့် သုံးမျိုးသော အကျင့်ကို လိုအပ်လှပါ၏။ ၎င်း ကိုယ်, နှုတ်, စိတ်, ဉာဏ် အမြင်ကို သီလ–သမာဓိ–ပညာဟု ခေါ်ဆိုရ၏။

သီလ၊ သမာဓိ၊ ပညာဆိုသည်မှာ အဓိသီလ၊ မဖြစ်ပါဘဲ အဓိစိတ္တ မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် မိမိ၏ ကျူးလွန်မိသော အကျင့်သီလကို သံသယ ကုက္ကုစ္စ ဖြစ်နေပြီး ပြန့်လွင့်နေလို့ပါ။ အဓိစိတ္တ မဖြစ်ပါဘဲ၊ အဓိပညာခေါ်တဲ့ မဂ်ပညာ ဖိုလ်ပညာ မဖြစ်နိုင်။ အဘယ်ကြောင့် ဆိုသော် (ပြန့်လွင့်သောစိတ်)က နေရာယူပြီး ကြားခံထားလို့ပါ။

ထိုကောင်းမြတ်သော သီလ၊ သမာဓိ၊ ပညာကို တပေါင်းတည်း တချက်တည်း ဘယ်လို ပြည့်စုံနိုင်ပါသလဲ ဆိုလျှင် ဟုတ်မှန်နေတဲ့ တရားကို ဟုတ်မှန်နေတဲ့ အတိုင်းတိုင်း ဉာဏ်ဖြင့် သိမြင်ပါက တပေါင်းတည်း တချက်တည်း ဧကောဓမ္မော ပြည့်စုံနိုင်ပါသည်။

ဝင်းသီလ၊ သမာဓိ၊ ပညာ၊ တနည်း အဓိသီလ၊ အဓိစိတ္တ အဓိပညာ၊ သိက္ခာတရားတို့ကို လွယ်ကူစွာ ပြည့်စုံရေးအတွက်-

စိတ်တခုကို ပဋ္ဌာနထား၍ သိပါ မြင်ပါ။ ယခုအချိန်မှာ သင်ရဲ့ စိတ်မှာ သူတပါးအသက်ကို သတ်ချင်တဲ့ စိတ်တွေ သူတပါး ပစ္စည်းကို ခိုးဝှက် လုယူချင်တဲ့ စိတ်တွေ ကာမေသုမိစ္ဆာ တရားတွေကို ကျူးလွန် ဖေါက်ပြန်ချင်တဲ့ စိတ်တွေ သူတပါးကို မကောင်းကြောင်း အတင်းပြော အဖျင်းပြော ကုန်းချော ဂုံးတိုက် အုံ့ကျိတ် မျက်စောင်းထိုးချင်တဲ့ စိတ်တွေ မူးယစ်စေတတ်သော သေအရက်ကို သောက်စား ကျူးလွန်ချင်တဲ့ စိတ်တွေ၊ ရဟန်းတော် များမှာလည်း ပါရာဇိကာ [illegible]၊ သံဃာဒိသေသ် ၁၃ ပါး စသည်အားဖြင့် သိက္ခာ

ပုဒ်တော်တွေကို ကျူးလွန်ခြင်တဲ့ စိတ်တွေ၊ ရှိမရှိ ကြည့်ရှုပြီး ဆင်ခြင် သုံးသပ်ကြည့်ပါ။

ထိုကဲ့သို့ ကြည့်ရှုခဲ့ပါလျှင် သင့်တို့၏ စိတ်မှာ အမျိုးမျိုး သော လွန်ကျူး ပြစ်မှားခြင်တဲ့ စိတ်တွေ ခုနေခါ မရှိပါဘူး။ မရှိဘူးဆိုလျှင် လွန်ကျူးမှု အပြစ်တို့မှ စင်ကြယ်ပြီး နေပါ တယ်။

(အဓိတိက္ကမော၊ အဓိသီလံ)။

လွန်ကျူးမှု မရှိဘဲ စင်ကြယ်ပြီး နေဒါကို အဓိသီလ ခေါ်ပါတယ်။

အဓိစိတ္တ သမာဓိ ဆိုသည်မှာ စိတ်၊ စိတ်အတိုင်းတိုင်း ရပ်နားနေခြင်း။ ရပ်တည်နေခြင်းကို ခေါ်ပါသည်။

တနည်း——ဘယ်ကိုမှ ဘယ်သို့မှ မတွေးတောဘဲ (စိတ်၊ စိတ်အတိုင်းတိုင်း) နားရပ်ပြီး တည်ကြည်စွာ နေတတ်ခြင်း သဘောကို စိတ်တည်ကြည်တဲ့ သမာဓိလို့ ခေါ်ရပါတယ်။

(အဓိစိတ္တ) (သီလအစ သမာဓိ၂ဌမ ၊သညာဇရှေ့ဦးစွာ)

ထိုကဲ့သို့ (စိတ်၊ စိတ်အတိုင်းတိုင်း) တည်ကြည်စွာ မနေ တတ်ကြပါဘဲ မိမိတို့၏ အိမ်ကိုလှည့်ပြီး တွေးတဲ့ခါ အိမ် တွေးတဲ့ စိတ်တွေဖြစ်ပြီး အိမ်တွေးတဲ့ စိတ်တွေဘဲ များနေပါ တယ်။ သားသမီးတွေကို လှည့်ပြီး တွေးတဲ့အခါ သားသမီး တွေကို တွေးတဲ့စိတ်တွေဘဲ ဖြစ်ပြီး များရပါတယ်။ ကိုယ်တိုင် ဒိဋ္ဌ သိကြရအောင် ရုံဖန်ရံခါ ဆရာဆု တခုခုကို လှည့်ပြီး တွေးကြည့်ပါ။ တွေ့ စိတ်တွေ ဖြစ်ပြီး တွေးစိတ်တွေဘဲ များ ရပါတယ်။ အလွန်သင်ရှားပါသည်။

ပူစရာတွေးမိလို့ ပူစိတ်တွေဖြစ်ထား၊ ပူစိတ်တွေ ပျက်ထား လဲ မှန်ပါသည်။ မုန်းစရာ တွေးမိလို့ မုန်းစိတ်တွေဖြစ်ထား မုန်းစိတ်တွေပျက်တာလဲ မှန်ပါသည်။ လွမ်းစရာ တွေးမိလို့ လွမ်းစိတ်တွေဖြစ်ထား လွမ်းစိတ်တွေပျက်တာလဲ မှန်ပါသည်။ အရာရာ တွေးမိလျှင် တွေးစိတ်တွေဖြစ်ထား ပျက်တာလဲ မှန်ပါသည်။ ဘာကိုမှ မတွေးဘူးဆိုလျှင် ဘာစိတ်တွေမှ မဖြစ် မပျက်ပါဘဲ၊ (စိတ်၊ စိတ်အတိုင်းတိုင်း) မပြန့်လွင့်ဘဲ တည်ငြိမ် နေဒါလဲ မှန်ပါတယ်။

## { အဝိက္ခေပဗ္ဗော၊ အဝိစိတ္တံ }

မပြန့်လွင့်တဲ့ (စိတ်အတိုင်းတိုင်း) တည်ကြည် နေဒါကို (အဝိစိတ္တ သမာဓိ)လို့ ခေါ်ပါတယ်။ အတိုင်းတိုင်း တည်ကြည်နေတဲ့ စိတ်ကို ဉာဏ်ကပ်ပြီး ကြည့်ပါက ပကတိ စင်ကြယ် တည်ကြည်နေသော စိတ်သည် တည်ရာ ကြည်ရာဆိုတဲ့ အေးငြိမ်းရာ (ရောက်ပြီးသား) ဖြစ်နေသဖြင့် (စိတ်အတိုင်းတိုင်း) ဖြစ်သော အသိအမြင်ကို ဒိဋ္ဌိသိမြင် ယုံကြည်သဖြင့် ယုံကြည်မှု (သဒ္ဓါ) ပိုင်းဖြစ်သော (ပညာ)ကို (အဓိပညာ) လောကုတ္တရာ ပညာဖြစ်ပါသည်။ ဤစိတ် ကြည်လင် တည်တန့်နေသော အမြင်ဉာဏ် ယုံကြည် ဆုံးဖြတ်ချက်ကို အဓိပညာ (သီလအာဓ၊ သမာဓိ ပဉ္စမ ပညာရှေးဦးစွာ) တည်းဟူသော (အမိုးရ ဘဒ္ဒေဝ ဂဝေ ဧကော ဓမ္မော) ကိုသာလျှင် ဧကော ဓမ္မော ဘက္ခဝေ ဘာဝေဟိတော၊ ဗဟုလီကတော

အာဘိဉာဏ၊ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။ဟု ရှင်တော် ဘုရား ဟောတော်မူသည် အတိုင်း သိက္ခာ သုံးပါး ပြည့်စုံသော အကျင့်တရားကို သိမြင်သည့် စိတ် အတိုင်းတိုင်း ကျင့်သုံး ပွားများကြရပေမည်။

ဒိဋ္ဌ သိမြင်ရသော အသိဥာဏ်ဖြင့် သိက္ခာသုံးပါး အကျင့် တရားပြီး၏။

# {ငြိမ်းပြီးသား}

ငြိမ်းချမ်းမှုဟာ အစကရှိနေဒါပါ။ မငြိမ်းချမ်းဒါတွေက နောက်မှ နောက်မှ ဖြစ်ဖြစ်လာတာပါ။

မိမိတို့၏ စိတ်မှာ အစက ရှင်းနေပါတယ်။ မရှိသော ဒါတွေကို ကြံစည် စိတ်ကူး တွေးတောလိုက်မှ ကောင်း ကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တွေ ထွေထွေ လာ လာ ဘာဘာ ညာညာဆိုတဲ့ စိတ်တွေ။ ထိုထို ဤဤ အလီလီ ကြံစည်တဲ့ စိတ်တွေက ဖြစ်ဖြစ်လာရတာပါ။ ဖြစ်လာ တော့လဲ ပျက်ပျက်သွားကြဒါပါ။

ယခု သတိစိုက်ပြီး ကြည့်လိုက်ပါလျှင် ၎င်းစိတ်တွေသည် အမြဲမရှိပါ။ မရှိခိုက်ဘဲ တွေ့ရပါတယ်။ ရှင်းနေဒါကို မြင်ရပါ တယ်။ ထိုရှင်းနေမှုကို မြင်ခြင်း၊ သိခြင်းသည် (အနိမိတ္တ)ကို မြင်ခြင်း၊ သိခြင်းပါဘဲ။ ဤလို အသိအမြင်ကို အနိမိတ္တ နုပဿနာဉာဏ်လို့ ခေါ်ပါတယ်။

အဲဒီလို လောကီစိတ်တွေ အပြစ်တင်း ချမ်းသာရာ ချမ်း သာကြောင်းသည် လမ်းနှစ်လမ်းရှိ၏။

၁။ ဥစ္စာခနေ စီးပွားလမ်း။

၂။ သမ္ပရာယိကမ္ပ စီးပွားလမ်း ဟူ၍ ဤလမ်း နှစ်သမ်း ရှိ၏။

၁။ ဥစ္စာခနေ စီးပွားလမ်းဆိုသည်မှာ ကာယကံ ဝစီကံ မနောကံ တို့ဖြင့် မနေမနား မရရှိသေးသော ပစ္စည်းဥစ္စာ ရာထူး ဌာနန္တရတို့ကို ရရှိအောင် ပြုလုပ် အားထုတ်ရခြင်း။ လောကီ ပြုပြင်ရေး လုပ်ငန်း။

ရရှိပြီးသော ပစ္စည်း ဥစ္စာ ရာထူးဌာနန္တရတို့ကို သိမ်းပိုက် ခံစား ပွားများ တိုးတက်အောင် စောင့်ရှောက် ပြုလုပ် အားထုတ်ရခြင်းသည် ဥစ္စာခနေ စီးပွားလမ်း မည်၏။

သမ္ပရာယိကမ္ပ စီးပွားလမ်းဟူသည်မှာ အဆင့်ဆင့် မြင့်မြတ်သော အတ္တသီလမှ အနုတ္တသီလမျိုး၊ အတ္တသမာဓိမှ အနုတ္တသမာဓိမျိုး၊ လောကီပညာ အမျိုးမျိုးတို့မှ လောကုတ္တရာ ပညာမျိုးတို့ကို သိရှိသွားရအောင် ဆရာသမားထံ နာယူ မှတ်သား သိမြင် သဘောပေါက်အောင် ခံယူ ဆောက်တည်ရခြင်း။

သိမြင် သဘောပေါက် ရရှိပြီးသော သီလ သမာဓိ ပညာမျိုးတို့ကို တနေ့ တခြား ရင့်သန်အောင် လေ့လာ ပွားများရခြင်းသည် သမ္ပရာယိကမ္ပ စီးပွားလမ်းမည်၏။

ဥစ္စာခနေ စီးပွားလမ်းသည် သံသရာ၌ စုံသမ်း၊ မျောလမ်း လယ်လမ်း ဖြစ်၏။

သမ္ပရာယိကမ္ပ စီးပွားလမ်းသည် သံသရာဖြတ်သမ်း၊ ထွက်မြောက်ရာ လမ်းကြောင်းဖြစ်၏။

၃၁ ဘုံတွင် ဖြစ်လိုလျှင် ဓမ္မဒါကံလမ်း့လိုက်။
၃၁ ဘုံတွင် လွတ်လိုလျှင် သာသနာဥာဏ်လမ်း့လိုက်။
တနည်း။ ။လောကီ ချမ်းသာနှင့် လောကုတ္တရာ ချမ်းသာ လောကီ ချမ်းသာဆိုဒါက ပြုပြင်မှု ရသည်။ လောကုတ္တရာ ချမ်းသာ ဆိုဒါက မပြုပြင်ရပြီ ဆန့်ကျင်ဘက် ဖြစ်၏။

ယခု ရေးပြ ဟောပြမှာက လောကုတ္တရာ ချမ်းသာလမ်း ဖြစ်သည်။ သတိမူပါ။

လောကုတ္တရာ ချမ်းသာဖြစ်တဲ့ ပင်ကိုယ်မူသ နိဗ္ဗာန တရားသည် နဂိုအတိုင်းက ငြိမ်းချမ်းသာယာ မင်္ဂလာ ကြက် သရေ ဂုဏ်ရှိသော တရားပါပေတည်း့ဟု သိမြင်ပြီး ဆည်း ကပ် ကိုးစားလို့ အလွန် ကောင်းသပါ၏၊ လူအများ အပေါင်းတို့သည် သတိမမူ အရေးမယူဘဲ နမော် နမဲ့ နေခဲ့ ကြမိ၍ ငြိမ်းအေးမှုရ ကြက်သရေ မင်္ဂလာမရှိကြသော အပူ ဒုက္ခနှင့်သာ နေကြရရှာတော့၏။

(ပကတိအတိုင်းတိုင်း) ငြိမ်းချမ်းမှု ထင်ရှားအောင်က တော့ မငြိမ်းချမ်းတာဘေးနှင့် နှိုင်းယှဉ်ကြည့်ပါ။ စာကြည့် ပါ။

ဥပမာအားဖြင့် ဘယ်လို ကြည့်မလဲဆိုလျှင် မီးဘေးမှု လောင်မြိုက်ခြင်း ခံရသော မြို့ရွာနှင့် မီးဘေးမှ လွတ်အေး ချမ်းသာသော မြို့ရွာနှစ်ခုနှင့် နှိုင်းယှဉ်ပြီး ကြည့်ပါက မီး ဘေးလွတ်သော မြို့ရွာသည် အေးချမ်း သာယာ ငြိမ်းချမ်း စွာ နေဘိသကဲ့သို့—

သိမြင်အောင် အဟောခက်တဲ့ လောကုတ္တရာဖြစ်တဲ့ ပင်ကိုယ် မူလ နိရောဓ အချက်ကို ဒီးရိယာ သူတော်ကောင်းတို့ သိမြင်ပုံမှာ——

သူတပါးတို့၏ စိတ်၌ ရာဂမီး၊ ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီး စသည့် ကိလေသာ မီးကို တောက်လောင်ခြင်း ခံကြရသဖြင့် စိတ်ဆင်းရဲမှုတွေ ဖြစ်ကြရတယ်။

ငါတို့မှာ ထိုကဲ့သို့ ကိလေသာစိတ် မီးဘေးမှ လွတ်အေး ရာနှင့် နေရပေတယ်လို့ နှိုင်းယှဉ်ပြီး သိမြင်တော်မူကြတယ်။

(ပကတိ ပင်ကိုယ် မူလနိရောဓ)ခေါ်တဲ့ ချုပ်ရာကို မသိ မှုကြောင့် သာယာခြင်း၊ စွဲလမ်းခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း အစရှိသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်၊ ထွေထွေ လာလာ ဘာဘာ ညာညာ ဆိုတဲ့စိတ်၊ ထိုထို ဤဤ အလီလီ ကြံစည်တတ်တဲ့ စိတ်တွေ ဖြစ်ဖြစ်လာကြပါ ရော။

ထိုစိတ်တို့၏ မဖြစ်ခင်က မရှိရာ ပကတိချုပ်ရာကို မသိ မမြင်မှုကြောင့် ချာချာပါတ်ရစ် တဖြစ်လဲဖြစ်သော ဖြစ်သိုင်း ကြီးကလဲ တလိုင်း။

ပကတိချုပ်ရာကို သိမြင်မှုကြောင့် ထိုမသိစိတ်၊ သာယာ စွဲလန်း ချစ်ခြင်း၊ မုန်းခြင်း၊ စိတ်စသည်တို့ မဖြစ်ပါဘဲ နေခြင်းကြောင့် မဖြစ်လိုင်းကြီးကလဲ တလိုင်း၊ လိုင်းနှစ် လိုင်းရှိ၏။

မဖြစ်လိုင်း၊ ငြိမ်းလိုင်း၊ လိုက်လိုသော ယောဂီများ မှာလဲ-

မဖြစ်အောင် ငြိမ်းအောင်ကတော့ မလုပ်ရပါဘူး။ အမှန်ကတော့ မဖြစ်မပျက်ရာ ငြိမ်းရာကို မြင်မှ ငြိမ်းပါတယ်။ အချို့သောယောဂီတို့သည် ဒုက္ခမရှိလို့ ဒုက္ခရှာလို့ နေကြသည်။ စိတ်မှာဖြစ်သော စေတသိက်က ဒုက္ခ၊ စိုးရိမ်ကြောင့်ကြ တောင့်တပူပန် ညှိုးမှိန် ငိုကြွေး ပူဆွေးဆင်းရဲဒုက္ခတို့ ချုပ်ငြိမ်းမှန်လှ။ ပင်ကိုမူသ နိရောဓ)ကို မသိမမြင်ကြ၍ စေတသိက ဒုက္ခတွေ ရှိဘယ်ထင်ပြီး ဒုက္ခတွေမရှိအောင် ကုန်အောင် ချုပ်အောင် ပြုလုပ်ခြင်းအမှုနှင့်တကွ ပြုလုပ်နေကြပါတယ်။

ပြုလုပ်လိုမှုက- သမုဒယသစ္စာ။

ပြုလုပ်မှုက- ဒုက္ခသစ္စာ။

အဲဒါ ဖြစ်လိုင်းပါဘဲ။

အမှန်မှာတော့ စေတသိက ဒုက္ခတွေက ဖြစ်ပျက်မို့ အမြဲအမြဲ ရှိမနေပါဘူး။ ဒုက္ခဖြစ်စရာ တွေးမိဘဲ့အခါမှ စိတ် ဒုက္ခတွေ ဖြစ်ပေါ် လာရပါတယ်။ ၎င်းကလေကာ၀ စိတ် ဒုက္ခတို့သည် အခြေမကြလို့ နေရာဌာန တကယ်မပြနိုင်တဲ့ စိတ်ဒုက္ခမို့ အမြဲမရှိ။ ဖြစ်ပြီး ပျက်စီးရသို့ ဘယ်နည်းနဲ့မှ ရှာလို့မတွေ့၊ ဖြစ်ပေါ်လာခြင်းတွေ ဗလာရှင်းလေတော့ ရှင်းရာ၊ ကင်းရာဆိုတဲ့ (ပင်ကိုယ်မူလ နိရောဓ သစ္စာ၊) မြတ်ဓမ္မာကို အသိဉာဏ်ဖြစ်၍ မျက်မှောက်သာ ပြု၍ နေရပါတော့သည်။

ပင်ကိုယ်မူလ ငြိမ်းချမ်းရာက- နိရောဓသစ္စာ
သိမြင်ဒါက- မဂ္ဂသစ္စာ။
ပြုလုပ်လို့မှုက- သမုဒယသစ္စာ။
ပြုလုပ်မှုက- ဒုက္ခသစ္စာ။

၁။ သိအပ်သောတရား၊ ၂။ ပယ်အပ်သော တရား၊ ၃။ မျက်မှောက်ပြုအပ်သော တရား၊ ၄။ ပွားအပ်သော တရား လေးပါးရှိ၏။

ရှေးဦးစွာ သိအပ်သော တရားကို သိသင့်ပေသည်။ သိအောင်ပြုရမည်။ ဘာကို ဘယ်လို သိရမည်နည်း။ ဘာကို ဖြစ်ဖြစ် သူ့ရဲ့အနေအတိုင်း သိရှိသာ သိရမည်။

အမြင်မှန်သဖြင့် ပြုပြင်၍ ရသမျှမှာ ဒုက္ခချည်းသာ ဖြစ်၏ဟု မြင်သဖြင့် တောင့်တခြင်းမှ လွတ်၏။ ဒုက္ခသစ္စာချည်း ဖြစ်လာသည်ဟု မသိမမြင်ကြပါသဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်သည်ဟု အထင်မှားမှုကြောင့် တောင့်တခြင်းနှင့် တကွ၊ ပြုခြင်းသည် သမုဒယနှင့်တကွ ဖြစ်သော ဥပါဒါန် ဒုက္ခဖြစ်၏။ ထိုသမုဒယနှင့်တကွ ဖြစ်သော ဥပါဒါန် ဒုက္ခတို့သည် ဖြစ်စရာရှိလို့ ဖြစ်ကြသည်မဟုတ်။ ဖြစ်စရာမရှိဘဲ မိမိမနေသောစိတ်က မဟုတ်မမှန် လုပ်ကြံ၍ ဖြစ်သည်ကို ဥပါဒါန် နက္ခန္ဓာ ဒုက္ခလို့ ခေါ်သည်။

ဥပါဒါနက္ခန္ဓာဟု ပြောရလျှင် စာစကားဖြစ်၍ အရပ်သားတွေ နားမလည်ပါဘူး။

အရပ်သား အရပ်နားတွေ နားလည်အောင် အရပ်စကားနှင့် ရေးပြမည်။ ဒုက္ခသစ္စာ တရားကို ငါပိုင်၊ ငါဟာ

ငါ့ကိုယ်သာ ဟုတ်တယ်လို့ မှတ်ထင်ကြသော မိမိတို့စိတ်၊ လိုချင်မှုကြောင့် အစဉ်ဖြစ်တဲ့စိတ်၊ မခံချင်မှုကြောင့် အစဉ်ဖြစ်တဲ့စိတ်၊ စွဲလမ်းခြင်းကြောင့် အစဉ်ဖြစ်တဲ့စိတ် စသည်ကို ဥပါဒါ နက္ခန္ဓာ လောကမည်၏။ ထိုမှာပါး ဒုက္ခသစ္စာ သက်သက်ကို ငါမှုဆင်းရဲတယ်။ ငါ့မဆင်းရဲခြင်ဘူး ငါ့ ချမ်းသာခြင်တယ်၊ ငါ့နိဗ္ဗာန်ရခြင်တယ်၊ နိဗ္ဗာန်ရမှ ငါ့မှာ အေးမယ်စသည်ဖြင့် တွေးထင်ယူဆသော စိတ်သည် (ဥပါဒါ နက္ခန္ဓာ လောက) မည်၏။

ထိုသမုဒယနှင့် တကွဖြစ်သော ဥပါဒါနက္ခာသည် အရှိ တရားမဟုတ်၊ အဖြစ် တရားမျှသာ ဖြစ်သည်။ အရှိထားပြီး ရှုခဲ့ပါလျှင် မမှန်ပါဘူး။ နှလုံးသွင်းမှားသော အကြောင်းရှိမှ ဖြစ်သည်။ ဖျစ်ကပျက်သည်။ အဖြစ်တရား အပျက်တရားသာ မှန်ပါသည်။

ဇင်းသမုဒယနှင့် တကွဖြစ်သော ဥပါဒါနက္ခန္ဓာသည် အာရုံပြုခိုက်၊ ၎င်းအာရုံမှာ ဖြစ်ပေါ်ရသည်။ ဘာကိုမှ အာရုံမပြုလျှင် ဥပါဒါနက္ခန္ဓာ လောကသည် ဆုံးနေပါသည်။ ဆုံးနေပါက၊ ဆုံးရာ ရောက်ပါသည်။ ဆုံးရာ ရောက်နေသည် ဟု သိတဲ့ဉာဏ် ဖြစ်ပေါ်ရပါသည်။

ဆုံးရာက ဒုက္ခနိရောဓ အရိယာသစ္စာ၊ မျက်မှောက်ပြုအပ် သော တရား။

ထိုဆုံးရာကို သိမြင်ဒါက ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ မဂ္ဂ အရိယာသစ္စာ။ ပွားများအပ်သော တရား။

ဥပါဒါနက္ခန္ဓာက ဒုက္ခာအရိယာ သစ္စာ။ သူရဲ့သဘော ဘရားကို သိရှိသိအပ်သော တရား။

ဒုက္ခသစ္စာ၊ လုပ်မှုဖြစ်တာ။
သမုဒယသစ္စာ၊ ပြုမှုဖြစ်တာ။
နိရောဓသစ္စာ၊ သူ့သဘောအတိုင်း ရှိဒါ။
မဂ္ဂသစ္စာ၊ အချက်ကြမြင်ဒါ။
စိတ်ပြုပြင်သမျှ၊ ဒုက္ခသစ္စာ။
ပြုပြင်လိုမှု-သမုဒယသစ္စာ။
အလိုငြိမ်းရာ၊ နိရောဓသစ္စာ။
ငြိမ်းရာသိဒါ၊ မဂ္ဂသစ္စာ။
လိုချင်မှု တောင့်တမှု အကောင်းထင်၍ သာယာ စွဲငြိစိတ်က ဒုက္ခသမုဒယ အရိယာသစ္စာ ပယ် အပ်သောတရား။ သမုဒယကို ပယ်တယ် ဆိုငြားသော်လည်း အရှိလားပြီး ပါယ်ရမှာမဟုတ်ပါဘူး။

ဥပမာ-ခေါင်းပေါ် ပခုံးပေါ်မှာ ဝန်ထုပ် ဝန်ပိုးတွေ မရှိသေးပါဘဲ ရှိလာအောင် ကောက်ပြီး မတင်ဘဲ နေခြင်းသဘောကို ဝန်ထုပ် ဝန်ပိုးကို စွန့်ချထားပြီး စွန့်ပယ်ထားပြီဟု ပြောရသလိုပါဘဲ။ မူလပကတိ စင်ကြယ်သောစိတ်မှာ မရှိသေးသော လိုခြင်မှု တောင့်တမှု အကောင်းထင်၍ သာယာစွဲငြိစိတ်ကို ရှိလာအောင် ထူထောင်မပေးဘဲ တွေးတောမပေးဘဲ ထိုစိတ်တို့၏ မဖြစ်ခင်က မူလပကတိ အရှိအေးရာကို မျက်မှောက်ပြုပြီး ပွားများပါက ပယ်အပ်သော သမုဒယ တရားကို ပယ်ပြီးဖြစ်လျက် ဖြစ်လျက်နေပါသည်။

၁။ သိအပ်သော တရားက- ဒုက္ခသစ္စာ။
၂။ ပယ်အပ်သော တရားကား- သမုဒယသစ္စာ။
၃။ မျက်မှောက် ပြုအပ်သောတရားက- နိရောဓ သစ္စာ။
၄။ ပွားအပ်သော တရားကား- မဂ္ဂသစ္စာ။

"ဘေးဖြစ်ထာ၊ လေးသစ္စာ မမြင်ထန်းသော်ကြောင့် ပင်ပန်းရှာသူတချို့မှာ ပူလို့မဆုံး။ သနားလေသနော် တရားအရေဖျော်လို့၊ တဇွန်းနော် သွန်းကော်လို့ တိုက်ခြင်ရဲ့ မပြုလာ သူ့နာမိုက်တုံ့မှာ မောဟိုက်ရှိုက်ချုံး။ သံသရာ တောတဝိုက်မှာ မျှော်လိုက်ကြအုံး။"

သိအပ်သော တရားကို သိရုံမျှသာ သိရပါသည်။ ပွားအပ်သော တရားမဟုတ်ခြင်းကြောင့် ထပ်ခါထပ်ခါ (မပွားအပ်ပါ၊) သိရုံသိပြီး ဘာလုပ်ရမလဲ။ မျက်မှောက် ပြုအပ်သောတရားကို ထပ်ခါထပ်ခါ မျက်မှောက် ပြုခြင်းအားဖြင့် (ပွားများရမည်)။ ဤကဲ့သို့ ထပ်ခါထပ်ခါ မျက်မှောက် ပြုခြင်းသည် ပွားအပ်သော တရားကို ပွားများသည်မည်၏။

ဤသို့ မျက်မှောက်ပြုပြီး ပွားများပါက ပယ်အပ်သော တရားကို ပယ်ပြီးဖြစ်လျက် ဖြစ်လျက်နေ၏။

# သစ္စာလေးချက် တချက်တည်းပြီးပုံ

ဥပမာ–လောကမှာ ရန်သူကို ကြောက်သဖြင့် ရန်သူမှ လွတ်ရာ ပုံးအောင်း နေသည်ပါတဲ့။ ရန်သူမှ လွတ်ရာ ပုံးအောင်းနေသူသည် ရန်သူကို သိပြီးသား ရန်သူနှင့် နေလို့မှ

အလိုကို ပယ်ပြီးသား ရန်သူလွတ်ရာ၌ ပုံးအောင်းလျက် နေပြီးသား ဖြစ်သလို ထိုအတူပါဘဲ။

၁။ နိရောဓသစ္စာ။

ဒုက္ခလွတ်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုရာမှာလဲ။

၂။ ဒုက္ခသစ္စာကို သိပြီးသား။

၃။ သမုဒယသစ္စာ အလိုကိုသိပြီး ပယ်ပြီးသား။

၄။ မဂ္ဂသစ္စာသည် နိရောဓသစ္စာကို မျက်မှောက်ပြု ပြီး ပွားပြီးသား တချက်တည်း ပြီးပါသည်။

၁။ ဒုက္ခသစ္စာ ကော မှန်တာ မနေ့ာမှာ ဖြစ်လာသမျှ ပေါ်ပေါက်သမျှ ဒုက္ခသစ္စာ မှန်တယ်လို့ သိမြင်တာ။

၂။ ဖြစ်လာသမျှ အကောင်းထင်ပြီး သာယာစွဲငြိဒါက၊ သမုဒယသစ္စာ ကော်မှန်တာ မနေ့ာမှာ၊

၃။ ဖြစ်သမျှ အကောင်း မထင် အကောင်းမမြင်၊ အကောင်းကင်း အကောင်း ရှင်းခြင်းကြောင့် ဖြစ်တတ်သော တောင့်တမှုတွေ အကုန်ငြိမ်းနေတာ ဖြစ်လို့ ငြိမ်းရာ ခုည်းသည် နိရောဓသစ္စာ ကော မှန်တာ မနေ့ာမှာ။

၄။ ငြိမ်းတဲ့ အတိုင်းတိုင်း မျက်မှောက်ပြုနေတာ မဂ္ဂ သစ္စာ ကော်မှန်တာ။ မနေ့ာမှာ ဉာဏ်ကပ်ပြီး သိမြင်တာ။

သမုဒယသစ္စာ တရားနှင့် ဒုက္ခသစ္စာတရား နှစ်ပါးက သံသရာဖြင်ရာ ဖြစ်ကြောင်း လယ်ရာ လယ်ကြောင်းလမ်း ဖြစ်လိုင်းကြီးဖြစ်၏။

နိရောဓသစ္စာ တရားနှင့် မဂ္ဂသစ္စာတရား နှင်ပါးက သံသရာမှ ထွက်ရာ ထွက်ကြောင်း လွတ်ရာ လွတ်ကြောင်း ပြတ်ရာ

ပြတ်ကြောင်း ချုပ်ရာချုပ်ကြောင်း မဖြစ်လိုင်းလမ်းကောင်းကြီး ဖြစ်၏။

ဤကဲ့သို့ သစ္စာလေးဖြာ မြတ်ရတနာကို ကောင်းစွာ သိမြင်ကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

ဤတား လောကီ လောကုတ္တရာ ချမ်းသာရာ လမ်းနှစ်သွယ်နှင့် သစ္စာလေးပါး အခဏ်းပြီး၏။

# တရားနဲ့ကနေပြီးသား

တရား ရှာနေကြတဲ့ ယောဂီတွေမှာ တရားနဲ့ကတော့ နေပြီးသားပါဘဲ၊ နေပြီးသား တရားကို သိမြင်တတ်တဲ့ အသိဉာဏ် တခုရဘို့ အရေးကြီးပါသည်။ တရားဟာ တခြားမှာ ရှာနေရမှာ မဟုတ်ပါဘူး။ နေတဲ့အတိုင်းဟာ တရားတွေပါဘဲ။ တရားနဲ့သာ နေပြီးသားပါ။ နေပြီးသား တရားအတိုင်းတိုင်း သိမြင်ဘို့ ဉာဏ်ဘာခုဘဲလိုပါသည်။

ဘယ်လိုနေနေ နေတဲ့အတိုင်းဟာ တရားချည်း ဖြစ်ပါသည်။ မိမိတို့၏ ခြေအစ ခေါင်းအဆုံး ခန္ဓာကိုယ် တကိုယ်လုံးသည် တရားတွေဘဲ ဖြစ်ပါသည်။ ခန္ဓာကိုယ်မှ ဖြစ်ပေါ်သမျှကလဲ တရားချည်း ဖြစ်ပါသည်။ စိတ်က ဖြစ်ပေါ်သမျှကလဲ တရားချည်း ဖြစ်ပါသည်။ ဖြစ်သလို တရားနှင့်သာ နေကြရပါသည်၊

စိတ်မှာ ဘာမှမဖြစ်ပါဘဲ အပြစ်တို့မှ ငြိမ်းချမ်းရင်လဲ ငြိမ်းချမ်းရေး တရားနှင့်သာ နေကြရပါသည်။

ရုပ်တရားကလဲ ဘယ်လို ပြနေသလဲဆိုလျှင်၊ အိုပြတယ်၊ နာပြတယ်၊ သေပြကြပါတယ်။

တနည်း-မူးပြတယ်၊ ဝေပြတယ်၊ ညောင်းပြတယ်၊ ကိုက်ပြတယ်၊ ခဲပြတယ်၊ ဆာလောင်ပြတယ်။ ခုဘမျိုး-ခု တမျိုး၊ ဖေါက်ပြန် ပြပါတယ်အစရှိသဖြင့် ပြတဲ့ တရားတွေ နဲ့ ကဘော့ နေပြီးသားပါ။ တရားတွေ ပြနေပါကသားလို့ သိဘို့ လိုပါတယ်။

မိမိတို့မှာ နေဘဲ့ တရားအဘိုင်းဘိုင်း သိမြင်ဘို့ အရေး ကြီးပါသည်။ သိမြင် သွားအောင် သတိဆောင်ပြီး ကြည့်ပါ။

ခြေအစ ခေါင်းအဆုံး တကိုယ်လုံး ဖြစ်တဲ့ မိမိတို့၏ ခန္ဓာကိုယ် တရားကြီးကတော့ ဝိပါက်ဘရားမျိုးမို့ ရိုးရိုး သားသားနှင့် ဆိုးဝါးစွာ ဖြစ်ပြနေတဲ့ တရားမျိုးပါ။

## ခန္ဓာနှစ်မျိုး

ပဘာတိ စိတ်တို့၏ သဘောတရားဆာလည်း ကြည်လင်နေ ပါတယ် (ကြည်လင်ပြီးသားပါ)။

ဒါကြောင့် လယ်ထီ ဆရာတော် ဘုရားကြီးကလဲ ပဋိစ္စ သမုပ္ပါတ် လင်္ကာမှာ (တည်တုံနာမ်ရုပ် ကိုယ်သမုတ်သား၊ အသုပ်အသယ် ကြီးငယ်ကာယ ပေါ်ပြန်ကသည်း၊ ဒွါရ တွင်မည်၊ ဘိတ်ဘိတ်သည်သည်၊ အကြည်ခြောက်ချိုး ကိုယ် လုံးဖြိုးလျက်၊ အရိုးစိုင်၊ အမြင်စက္ခု၊ ကြားမှုသောတ၊

ဃာနအနံ့ လျှက်ရန်ဇိဝှာ၊ ကာယတွေ့ထိ၊ အသိမနော၊ မရောမရှက်၊ တလက်လက်လျှင်၊ အပျက်စိန်ရည်၊ လဲ့လဲ့ ကြည်သို့၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ် နိမိတ်အသွင်၊ အကုန်ထင်ပါ၊)ဟု စသဖြင့် မိန့်ဆိုတော်မူခဲ့ ပါသည်။

(စိတ်အတိုင်းတိုင်း)ဆိုသည်မှာ မနော အကြည်ဘပါးကို ဆို၏။ မနော အကြည် တပါးဖြစ်၏။ မနောအကြည် အတိုင်းတိုင်း နေသည်ကို စိတ်,စိတ်အတိုင်းတိုင်း ဆို၏။

စိတ် အတိုင်းတိုင်းဆိုလျှင် ကြည်လင်အောင်ကတော့ မလုပ်ရပါဘူး။ ကြည်လင်ပြီးသားပါဘဲ။

ကေဂုတ္တရ ပါဠိတော်မှာလဲ ပကတိစိတ်သည် ကြည်လင် ပြီးသားဟူ တိုက်ရိုက် ဟောထားပါသည်။

ဟောပုံမှာ ပကတိဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤပကတိစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက်၊ လက်လက် ပြောင်ပြောင် အရောင်မမှေး ဖြူဖွေးသန့်ရှင်း ညစ်ကြေးကင်း၏။ တဉ္စခေါ ပြိုးပြိုး ပြက်ပြက် လက်လက် ပြောင်ပြောင် အရောင်မမှေး ဖြူဖွေးသန့်ရှင်း ညစ်ကြေးကင်းသော ထိုစိတ်သည်လည်း။ အာဂန္တုကေဟိ၊ ဥပက္ကိလေသေဟိ၊ မကြာခဏ ပူးယှဉ် လာသော တဏှာ,မာန,လောဘ,ရစ်မှေး အညစ်အကြေး တို့ကြောင့် ဥပက္ကိလိဋ္ဌံ၊ မဖြူမဖွေး အညစ်အကြေးဖြင့် ရစ်မှေး ညစ်ပေ ညစ်ညူးရလေတော့၏၊

(မကတိ နဂို စိတ် အတိုင်းတိုင်း) ကတော့ ကြည်လင်နေပါတယ်၊ တခါတရံ တဏှာ မာန လောဘ ဒေါသ ပရိဒေဝဆိုတဲ့ အပိုစိတ်တွေ ပူ ယှဉ်လာလို့ ညစ်နွမ်း ဆင်းရဲရပါတယ်။

ပယောဂ ဝင်ပူးလို့ အရူးဖြစ်သလိုပါဘဲ၊ ပုထုဇဉ်တို့သည် တခါတရံ အပိုစိတ် ကိလေသာ ပယောဂ ပူးကပ်သို့ ရူးမတတ် ဖြစ်ကြတာတွေကိုလဲ မျက်မြင်၊ နားကြားပါဘဲ၊ စာလိုကတော့ ပဉ္စက္ခန္ဓာနှင့် ပဥ္စုပါဒါနက္ခန္ဓာလို့ ခေါ်ပါသည်။ အရပ်သားတွေ အရပ်စကားနဲ့ နားလယ်အောင်--

အပိုခန္ဓာနှင့် နဂိုခန္ဓာ။
အပိုဒုက္ခနှင့် နဂိုဒုက္ခ။
အပိုအိမ်နှင့် နဂိုအိမ်။
အပိုသားနှင့် နဂိုသား။
အပိုသမီးနှင့် နဂိုသမီး။
အပိုပစ္စည်းနှင့် နဂိုပစ္စည်း။
အပိုစိတ်နှင့် နဂိုစိတ်။ ။ စသည်ဖြင့် ပါယ်အပ်တဲ့တရားနှင့် မပါယ်အပ်တဲ့တရားကို ခွဲခြား ဟောလေတော့ အချို့ကလဲ စိတ်က နှစ်ခုရှိလို့လားတဲ့ မေးကြပါတယ်။

ဥပမာ ကောင်းမွန် ရိုးသားစွာ နေတိုင်ကြသော ရပ်သူရွာသားများကို မရိုးမသား သူခိုး၊ ဓားပြများသည် ဆိုးဝါးရက်စက် ကြမ်းကြုတ်စွာ နှိပ်စက်သဖြင့် ရပ်သူရွာသားလူအများသည် ကောင်းမွန် ချမ်းသာစွာ မနေကြရပါဘဲ အတိဒုက္ခဖြစ်ကြသဖြင့်၊မရိုးမသားဆိုးဝါးသော သူခိုး၊ဓားမြ

လူဆိုးကိုသာ၊ သုဘ်သင်ပယ်ရှား ဖြစ်သလို၊ ချပ်သူရှ၊ သား လူကောင်းနှင့်တူသော နဂိုရ် ခန္ဓာကိုယ်ကြီးကို မညှဉ်းဆဲပါဘဲ၊ သူခိုး၊ ဓါးမြနှင့် တူသော နောင်အခါ ဘဝ အသစ်အသစ်တို့ကို ဖြစ်စေတတ်သော ကိလေသာ ခန္ဓာ ဥပါဒါန်ခန္ဓာ လောဘ ဒေါသ တဏှာ မာန ဒိဋ္ဌိ စသော အပိုစိတ်တို့ကိုသာ သုတ်သင် သတ်ဖြတ် ပယ်ရှားဖြစ်ရ၏။

ခါတ်လေးပါး အခြေခံပြီး တည်ဆောက်ထားသော ခြေအစ ခေါင်းအဆုံး ရုပ်လုံးခန္ဓာကြီးနှင့် မြင်၊ကြား၊နံ၊လျက်၊ထိ၊သိ၊ဟူသော သဘောတရားတွေကတော့ နဂိုဒုက္ခခန္ဓာ၊ နဂိုစိတ်တွေပါ။

မရှိးမသားဘဲ ဆိုးဝါးစွာ နှိပ်စက်နေကြတဲ့ အပိုခန္ဓာ အပိုစိတ် ဆိုတာကတော့၊ မိမိတို့၏ ပကတိ နဂိုစိတ် မနေရာ အကြည်မှာအာရုံ နှလုံးသွင်းမှားမှု၊ ပူးယှဉ်ပြီး၊ သူ့ဟာသူ နေတဲ့ နဂိုအိမ်၊ နဂိုသားသမီး၊ နဂိုမယား၊ နဂိုသင်သား၊ နဂိုပစ္စည်းတွေ၊ နဂို ကျောင်းကံအပေါ်မှာ စွဲလမ်းကပ်ငြိသော စိတ်အစဉ်တဖန်တလဲလဲ ဖြစ်၍ဖြစ်၍ နေသော စိတ်ကို အပိုခန္ဓာ အပိုစိတ်လို့ ဆိုရပါတယ်။

ဒါကတော့ အရပ်သားတွေ နားလည်တဲ့နည်းနဲ့ ဆိုလျှင်တော့-

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ သူ့ဟာ သူနေတဲ့ တရားတွေ အပေါ်၌ မိမိတို့၏ ပကတိနဂိုစိတ်က စိတ်အတိုင်းတိုင်း ဖြူစင်စွာ မနေပါဘဲ နှလုံးသွင်းမှားပြီး ငါမြင်တယ်၊ ငါကြားတယ် စသည်ဖြင့်ရင်း၊ တခါ

တလေ သာယာတယ်၊ တခါတလေ စွဲလမ်းငြိကပ်တယ်၊ တခါ တလေ ဒေါသဖြစ်တယ်၊ တခါတလေ အထင်ကြီးပြီး ဘဝင် မြင့်တယ် စသဖြင့် အလိုကြမှု အလိုမကြမှု ဖြစ်ကြတဲ့ စိတ် အစဉ်ကို မရိုးသားဘဲ ဆိုးဝါးနေတဲ့ အပိုခန္ဓာ အပိုစိတ်ဒုက္ခ လို့ ဆိုရပါတယ်။

ရင်းအပိုခန္ဓာ အပိုစိတ် ဒုက္ခတို့သည် အမြဲမရှိပါဘူး။ ဘာကြောင့်လဲ ဆိုလျှင်၊ (အနိစ္စမျိုး) မို့ အမြဲမရှိပါဘူး အနိယောနိသော လို့ ခေါ်တဲ့နှလုံးသွင်း မှားတဲ့ အကြောင်း ရှိမှ ဖြစ်ပေါ်လာရတာမျိုး ဖြစ်၍ ဖြစ်ပြီးကပျက်စီးသွားလို့ ဖြစ်ပြီး တည်ရှိ နေတာမျိုး မဟုတ်ပါဘူး။

ဒါကြောင့် ထိုအပိုစိတ်ဒုက္ခ အပိုခန္ဓာတရားကို ပစ္စုပ္ပန်၌ ဖြစ်ပျက်ရှာစရာ မရှိပါ။ ရှုလို့မဖြစ်ပါ၊ ဖြစ်ပျက်ရှုလျှင် အတိတ်အနာဂါတ်သာ ဖြစ်၍ဖြစ်၍ နေပါသည်။

ပစ္စုပ္ပန် ဆတ်ဆတ်ကို စိတ်နားရပ်ပြီး ကြည့်ပါလျှင် အပိုစိတ် အပိုခန္ဓာတို့သည် ဖြစ်ပေါ်ခြင်း မတွေ့ပါဘဲ အဖြစ် တို့မှ ငြိမ်းနေတာကိုသာ သိမြင်ရပါသည်။ ရင်းအပိုခန္ဓာ အပိုစိတ်ဒုက္ခတွေ ငြိမ်းဒါကိုသိမြင်ပြီး ပကတိက ငြိမ်းရာ ကိုသာ မျက်မှောက်ပြုပြီး နေရခြင်းပါဘဲ။

အဲဒါကို ငြိမ်းတဲ့ (စိတ်အတိုင်းတိုင်း) ဟု ဆိုရပါတယ်။ ငြိမ်းဒါကိုလဲ သိမြင်ဒါက ဝိပဿနာဉာဏ်၊ ငြိမ်းရာကို ရှေးဦး စွာ မျက်မှောက်ပြုတတ် တာက မဂ်ဉာဏ် ရင်းငြိမ်းရာကို နောင်အလိုရှိတိုင်း မျက်မှောက်ပြုပြီး ငြိမ်းတဲ့ (စိတ်အတိုင်း တိုင်း) နေတတ် သွားတတ်တာက ဖိုလ်စိတ် ဖိုလ်ဉာဏ်။

ဤကဲ့သို့ (စိတ်၊ စိတ်အတိုင်းတိုင်းထား) မြတ်တရားကို သိမြင်ကြ၍ လောကီ အပိုစိတ်တွေကို ကြံစီမတွေး စိတ်နား ပေးပြီး အေးရာကို သိမြင်ပြီး အေးသလို ငြိမ်းသလို ကျင့်သုံး ပွား များ နိုင်ကြပါစေကုန်သတည်း။

# နိဗ္ဗာနာယ

# ဓမ္မသာကစ္ဆာ

## ရတနာအစဉ်ဆွေးနွေးခန်း

ဆွေးနွေးရာဌာန။ ။ဦးထွန်းအောင်ကျော်၊ ၆၅ နိဗ္ဗာန် လမ်း၊ ကြည့်မြင်တိုင်။

မေးသူ။ ။ဦးတင်လှ။

ဖြေကြားသူ။ ။ဦးစန်းမြင့်။

ဦးထွန်းအောင်ကျော်၏ အိမ်တွင် တနင်္ဂနွေနေ့တိုင်း တရားဆွေးနွေးကြပါသည်။ ရုံးပိတ်ရက်နှင့်ဆိုသော လပြည့် လကွယ်နေ့များလည်း ဆွေးနွေးကြပါသည်။ ၎င်းအိမ်မှ ကျောက်သင်္ဘောဆရာတော်၏ တရားတိတ်ခွေများကိုလည်း တရားတိတ်ခွေ နာကြားလိုသူများထံ လိုက်လံဖွင့်လှစ်ပြီး ဆွေးနွေးလိုလျှင်လည်း လိုအပ်ချက် အဓိကရတရားတွေကို ဆွေးနွေးကြပါသည်။ ယနေ့ဤဆွေးနွေးခန်းကို ရေးရခြင်းမှာ ဆွေးနွေးပွဲများ၏ လမ်းညွှန်သဖွယ် ဖြစ်ရေးကို ရည်ရွယ် ပါသည်။

ကဲကဲ လူလဲစုံပြီ အားလုံး ဆိတ်ဆိတ်နေပြီး ဆွေးနွေးချက်တွေကို ယောနိသောမနသိကာယ ဖြစ်အောင် ဂရုစိုက်ကြပါ။ ကျွန်တော်တို့ ဆွေးနွေးပိုင်းရဲ့ အဓိကကတော့ သိမြင်ရေးဆိုတဲ့ သိရေး မြင်ရေး ကျင့်တတ်ရေး ပါဘဲ ဟု ဦးစန်းမြင့်က အနည်းငယ် ပြောပါသည်။

ဦးစန်းမြင့်။ ။ကဲတရားရေး မေးချင်သူရှိက မေးကြပါ။

ဦးတင်လှ။ ။ဟုတ်ကဲ့ ကျွန်တော်ကဘဲ စမေးပါမယ်၊ ကျောက်သဘော်က(စိတ်စိတ်အတိုင်းတိုင်း)ဟောပါသလား၊ ကျွန်တော်မေးတာ ထမင်းစားပြီးပြီလား မေးရင်၊ စားပြီးရင် စားပြီးပြီ၊ မပြီးသေးရင် မပြီးသေးဘူး လို့ဘဲဖြေပါ။စားပြီးပြီ ငါးဟင်းနဲ့ ငါးက ငါးရန့်ဆီပြန် ဘာညာနဲ့ အဓိပ္ပါယ မချဲ့ဘဲ တပုဒ်မေး တပုဒ်ဖြေ ဖြေစေချင်ပါတယ်။

မြင့်။ ။ဟုတ်ကဲ့ အချိန်အပိုမကုန်ဘူးပေါ့။လိုရင်းဖြေပါမယ်။ (စိတ်-စိတ်အတိုင်းတိုင်းလို့) ဟောပါတယ်။

လှ။ ။ဘာ့အတွက် ဒီလိုဟောပါသလဲ။

မြင့်။ ။သိရေး မြင်ရေး ကျင့်တတ်ရေး အတွက်ပါ။

လှ။ ။စိတ်အတိုင်းတိုင်း ဆိုတာ ဘာကိုအခြေခံပါသလဲ။

မြင့်။ ။မူလ ပကတိ ပင်ကိုယ် အစ ပဌမ ကိုအခြေခံပါတယ်။

လှ။ ။ဒါဖြင့် ခင်ဗျားတို့နည်း အခြေခံ ဘာကိုဆိုဘာသရှင်းပြပါ။

မြင့်။ ။ခင်ဗျားက တရားလို သိ‌ရေး မြင်ရေး ကျင့်တော်ရေး အတွက်လား တရား လာစစ်ဆေးတာလား။

လှ။ ။သီးခံပါ ကျွန်တော့စကားက စစ်ဆေးသံ မာကျောသွားပါတယ် ဝသီဖြစ်လို့ပါ ကျကျနန အသိအမြင် ဖြစ်လိုလို့ မေးတာပါ။

မြင့်။ ။အသိ အမြင်လောက်တော့ ထူးခြားမှု သိပ်မရှိပါဘူး။ တရားထူး ရတယ် သိတယ် မြင်တယ် ဆိုတာအကျင့် သိက္ခာကို သိမြင်ဘို့ အဓိက ဖြစ်ပါတယ်။ စကား ပြည့်စုံအောင် အကျင့်ကို သိမြင်ခြင်တာလား။

လှ။ ။ဟုတ်ပါတယ် ဟုတ်ပါတယ် အကျင့်ဆိုတဲ့စကား ကျွန်သွားလို့ပါ။

မြင့်။ ။ဒါဖြင့် အကျင့်မှန်ကို အသိမှန် အမြင်မှန် ဖြစ်ရေး ပဏာမ အနေနဲ့ တရားစပ်ရှင်းပြပါမယ်။ နောက်မှ မေးလိုတာ ဆက်မေးကြပါ။

# မဇ္ဈိမပဋိပဒါ

ရှေးဦးစွာ တရားဖြစ်တဲ့ ဓမ္မစကြာ မဟာမိမှာ မြတ်စွာဘုရားက တရားရှာနည်း စပြတော်မူတယ်။ ဒွေမဘိက္ခဝေ အစချီတဲ့ စိတ်အလေလိုက်မှုဆိုတဲ့ ကာမသုခ်လ္လိကာနုယောဂေါ အကျင့် စိတ်အလိုဘော စိတ်အထင်တွေနဲ့ အပျော်ကြူး မေ့လျော့ပေါ့ဆ အာသဝတွေနှင့် နေတဲ့အကျင့်ဟာ အချိုးနှိမ်း ဒုက္ခပါဘဲတဲ့ ဒါလဲအကျင့်ဘဲတဲ့ ဒါတွေကိုရှောင်ပြီး တရားသိအောင် တရားရအောင် တရားအလုပ် တရားအားထုတ်

ဆိုတဲ့စိတ်အစွမ်း တွေကိုသုံးပြီး လုံးနေကြမယ်ဆိုရင် စိတ်စွမ်း "သဉ်း"မှုနဲ့ ဆန့်ကျင်လို့ အချိးနှိးဒုက္ခဖြစ်တဲ့ အကျင့်မှား ဒီနှစ်ခုနဲ့ မကပ်မယှဉ်တဲ့ (ပဋ္ဋမမဋ္ဋိပဒါ) ဆိုတဲ့ နည်းလမ်း နဲ့မှ သာ ဟောတော်မူတယ်။ အဲဒီနည်းလမ်း (အစရှာ ရမှာ) ဒါမှအစ၏ကောင်းခြင်း အလယ်အဆုံး ကောင်းခြင်း တို့ဖြစ်မှာ (ထို-မဇ္ဈိမပဋိပဒါ) ဆိုတာ များသောအားဖြင့် အလယ်အလပ်လမ်း အလယ်လမ်းလို့ ဘာသာပြန်တယ်။ (မဂ္ဂင်ရှစ်ပါးကို) မဇ္ဈိမပဋိပဒါလို့ ဗုဒ္ဓက အတိအလင်း ဆို ထားတယ်။ အဲဒါ အကျင့်တရားဘဲ အဲဒီ မဂ္ဂင်ရှစ်ပါးဟာ တရားမသိသူတွေမှာ မိစ္ဆာမဂ္ဂင် ဖြစ်နေတယ်။ မဂ္ဂင်တော့ မဂ္ဂင်ကြီးပါဘဲ။ ကာမသုခ်လ္လိက အကျင့်လဲ မိစ္ဆာမဂ္ဂင်ဘဲ အတ္တကိလမထာလဲ မိစ္ဆာမဂ္ဂင်ဘဲ အဲဒီမိစ္ဆာဆိုဘာကအမှား ကိုဆိုတာဘဲ မမှန်သမျှအမှား တွေပေါ့။ နိဗ္ဗာန် မဂ်ဉာဏ် ဖိုလ်ဉာဏ် ကလွဲရင်အမှား တွေကြီးဘဲ အဲဒီအမှားတွေကို မိစ္ဆာမဂ္ဂင် (ယထာဘူတဉာဏ်နဲ့ ဟုတ်နေတာတွေကို ဟုတ် တယ် မဟုတ်တာတွေကို မဟုတ်ဘူး လို့ တဲ့တဲ့မှန်မှန် သိမြင် တာကိုဉာဏ်) အဲဒီဉာဏ်မျိုးကို ဟုတ်တိုင်းမှန်စွာ သိမြင်လို့ ယထာဘူတဉာဏ်လို့ ဆိုတာပါ။

ဦးတင်လှ။ ။ဟုတ်ကဲ့ရှင်းပါပြီ။ ဒါဖြင့် တရားကို ဘာ ဏာ စသိရမှာလဲ လိုရင်းလောက် ရှင်းပြပါ။

ဦးစန်းမြင်။ ။ဟုတ်ကဲ့ မကျဉ်းမကျယ်ပေါ့ ဘေးကလူ စိမ်းများလဲနားကြားရအောင် တရားကိုဒီလိုသိပါ။

# ဇာတိပိဒုက္ခာ

ဓမ္မစကြာ နည်းနဲ့က (ဇာတိပိဒုက္ခာ)တဲ့ တရားခါးဖြတ် မလိုက်ကြနဲ့ ဇာတိက စသိပေါ့၊ ဇာတိဆိုတာ အစ၊ စဖြစ်ခြင်းတဲ့ ပတ္တမြား ရွှေကြုတ် နတ်ငုံ့တော် ဇာတိ တော့မဟုတ်ဘူး ကာလာသ ရေကြည် အစရှိတာတွေနဲ့ ဆိုရင် ဓမ္မစကြာ တန်ဘိုး ပြောက်သွား လိမ့်မယ် ဇာတိရှာ ရင် ဒီဝမ်းဗိုက် ဇာတိကို နိဗ္ဗာန် သိမြင်ရေးက ဖယ်ထား၊ (ဉပါဒါန်ဇာတိ) ဗမာလို လွယ်လွယ် အပိုစိတ် ဇာတိလို့ သိ စိတ်မှာ ဘာတွေ ညာတွေ စဖြစ်တာ သိ လွယ်လွယ် သိမြင်ဘို့ ဂရုဏာ ရှေ့ထားပြီး ဆရာတော်ဘုရား ဟော ကြားခဲ့တာဘဲ။ စိတ်မှာ ဉပါဒါန် ဇာတိ ဖြစ်လာပြီဆိုရင် အဖြစ်ကြတာ (ဇရာ) နာကျည်းမှုတွေ ဖြစ်ဘာ ငိုရိုပူဆွေး မှုတွေဖြစ်ဘာ (ဗျာတိ)ဘယ်လိုဖြစ်ဖြဲ ဘယ်လောက်ဖြစ်ဖြစ် ပျက်ရတာက(မရဏ)အဲဒါကို (အဖန်ဖန်အို အဖန်ဖန်နာ အဖန်ဖန်သေ တယ်လို့ဆိုဘာ)ပြောတာ ဟောဘာပါ၊ဒါကို လွယ်လွယ်ကူကူ သဘောပေါက် ဉာဏ်မြင်ပါစေဆိုတဲ့ စေ တနာနဲ့ စိတ်ကိုပရိကံပြု ဟောတော်မူပါဘယ် လွယ်ကူစွာ သိဘို့မြင်ဘို့သာ အရေးကြီး ပါဘယ် ခင်ဗျားတို့လဲ ဓမ္မ စကြာတရား တော်တွေ သိကြမှာပေါ့။

လူ။ ။သိပါတယ် ကျွန်တော်တို့ ငယ်စဉ်ကထဲက ဓမ္မစကြာ ရွတ်လာခဲ့ကြသူတွေပါ။

မြင့်။ ။ဟုတ်ပါတယ် ဟုတ်ပါတယ် အဲဒါက စဉ်လို ခဲ့ကြတာဘဲ၊ ဓမ္မစကြာက ရှတ်ဘို့မှ မဟုတ်ဘဲ ထင်ရှားစွာ ဟောထားသားဘဲ။ ရှတ်တတ်တော့ပိုကောင်းတာပေါ့။

စက္ခုတရဏီ ဥဒ္ဒကာရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ လို့ပြထားသားဘဲ ရှတ်ရုံနဲ့ မကြေနပ်နဲ့ အဓိပ္ပါယ် လိုရင်း အဓိကရ ကို သိမြင်အောင် ကြိုးစားပါ။

လှ။ ။ဟုတ်ကဲ့ အခုလိုဆိုရင်၊ စိတ်ကို အဓိကထား သိရမှာလား၊

မြင့်။ ။ဗမာပြည် ဗမာလူမျိုး လို့ဆိုရတဲ့ တိုင်းရင်း သား တွေအနေနဲ့ စိတ်ကိုပြရင် သိလွယ် မြင်လွယ် ပါတယ်။ သိမြင်ရင် ကျင့်သုံးတတ်ပါတယ်။ စတုသစ္စာ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ သစ္စာလေးပါးမှ လွတ်သော တရား မရှိဘူးပါတဲ့။ စိတ်မှာ (ဇာတိ)ဆိုတဲ့ကောင်းဆိုး ဖုံဖုံ ဖြစ်လာရင် သိဘို့ပါဘဲ အဲဒီစိတ်မှာ ဘာဘာ ညာညာ ဆိုတာတွေ ဘာ့ကြောင့် ဖြစ်သလဲ ကျောက်သင်္ဘော ဟော နည်းကတော့

(တွေးလို့ ကြံလို့ စိတ်ကူးလို့ စိတ်မှာ ငိုရီ ပူဆွေး မအေး တရားတွေ ဖြစ်လာတယ်)

ဖြစ်လာတဲ့ အဖြစ် တွေ စိတ်မှာ ဖြစ်တာမို့ (ဒုက္ခအရိယ သစ္စာ)

ဖြစ်အောင် ကြံစည်တွေးတော ဒါက(သမုဒယသစ္စာ)

စိတ်က မတွေးတောမှီ မဖြစ်မှီက (နိရောဓအရိယသစ္စာ)

အဲဒီ နိရောဓ အရိယသစ္စာ ကို သိမြင်တာက (မဂ္ဂအရိယ သစ္စာ)

အဲဒီ အရိယသစ္စာ လေးပါးကို သိမြင်တာ ဝိဇ္ဇာ

သိမြင်သလို ကျင့်သုံးတာက စရဏ

ဒီအသိ အမြင် အကျင့် ကို ချဲ့ပြောရရင် အများကြီး ချဲ့လို့ရတယ် လို့ရင်း မေးနိုင်ပါဘယ်။

လှ။ ။ဟုတ်ကဲ့ မေးပါရစေ အဲဒီ သစ္စာလေးပါး နဲ့၊ စိတ်အတိုင်းတိုင်း နဲ့၊ ဘယ်လို ဆိုင်သလဲ သက်ဝင် သလဲ။

မြင့်။ ။အခု ပြောခဲ့တာမှာ အရှင်းသားပါ သို့သော် လဲ အကျယ်နည်း လူပြိန်း နားသယ်လွယ်တဲ့နည်း ရှင်းပြ ပါမယ်။

ဒုက္ခသစ္စာလို့ ဆိုတဲ့အထဲမှာ ဒုက္ခကဘာခု သိသူက တယောက် မဟုတ်ဘူး သူ့ဒုက္ခ၊ ငါ့ဒုက္ခလဲမဟုတ်ဘူး စိတ် မှာ ငိုရီ ပူဆွေး မအေး မငြိမ်း ညစ်ငြူးမှုတွေဖြစ်တာ (ဒုက္ခအရိယသစ္စာ) ဒုက္ခသစ္စာ ပရိညာ တဲ့ အဲဒီဒုက္ခကို ခွဲခြား လိုက်တော့ ဒုက္ခ နှစ်မျိုး ကွဲပြား လာဘယ်၊ ကာ ယိကဒုက္ခ စေတသိကဒုက္ခ (ကိုယ်မှာဖြစ်တဲ့ ဒုက္ခ၊ ကာယ ဖြစ်တဲ့ဒုက္ခပေါ့၊ ဒီဒုက္ခက ပယ်လို့မရ ဖယ်လို့မရ စွန့်လို့ မရတဲ့ ဒုက္ခ အဲ့ဒီ ဒုက္ခဟာ တပိုင်း) နိမိတ်နဲ့မို့၊ ဒီနိမိတ် မပြောက်ဘူး (စေတသိက)ဒုက္ခဆိုတာက တပိုင်း၊ အဲ့ဒီ ဒုက္ခ ကိုသိရမှာ အဲဒီ စိတ်ဖြစ်တဲ့ ဒုက္ခဟာ အလိုအလျောက် ဖြစ် တာ မဟုတ်ဘူးရှိ နေတဲ့မျိုးလဲ မဟုတ်ဘူး အနိစ္စမျိုး အနတ္တ

မျိုး လို့ဆိုတယ် အဲဒီ စိတ် ဒုက္ခ က ပြုပြင်လို့ ပြုပြင် ဆိုတာ တွေးတော ကြံစီ စိတ်ကူး အကောင်း ထင်မှု တွေ စသလိုက်တော့(သမုဒယအရိယသစ္စာတဲ့)

အဲဒီ သမုဒယ ဆိုက်တာ တွေက ကာမ တဏှာ ဘဝ တဏှာ ဝိဘဝ တဏှာ တွေပါတဲ့၊ ကာမတဏှာ၊ ကာမဂုဏ် အာရုံ ခံစားကပ်ငြိ နေတာ စိတ်က ကာမ ဝတ္ထု တွေ အပေါ် ကပ်ငြိ ကပ်ငြိ တာကို (ကာမဘဏှာ)။ (ဘဝ တဏှာ)က စိတ်အဖြစ်ရောက် နေတာကို ကပ်ငြိတာ (ဘဝ တဏှာ)။ (ဝိဘဝတဏှာ)ကစိတ်အဖြစ် ရောက်ရှိနေတာကို မကြိုက်ပါဘူး မလိုခြင် ပါဘူး လို့ကပ်ငြိတာ(ဝိဘဝတဏှာ) စိတ်ဖြစ်တယ် ဆိုတာ တခု ဖြစ်တာပါ။ ကာမ-ဘဝ-ဝိဘဝ အပေါ် သန်ရာ နှစ်သက်ရာ ကပ်ငြိမှု ကို (သမုဒယအရိယ သစ္စာ)အဲဒါ စိတ် အလို အကြံ အတွေး စိတ်ကူး စိတ်ဆက် စိတ်ပြန့် စိတ်ထင် တွေကို၊ တဏှာ ဉပါဒါန် ဒီဘရား ထွေ့ သစ္စာဖွဲ့တော့ (သမုဒယအရိယသစ္စာ)အဲဒီသမုဒယသစ္စာ ကြောင့် ဖြစ်ဖြစ် နေရတာ။ လူတွေ နတ်တွေ ဗြဟ္မာတွေ မဟုတ်ပါဘူး (ဒုက္ခသစ္စာ)အဲဒီသစ္စာ နှစ်ပါးကို ကိလေသာ လို့ သခ်ါရလို့ ခေါ်ရ ဆိုရ လို့ သခ်ါရကို အနိစ္စ အမြဲမရှိ အဲဒီ သခါရ အမြဲမရှိ ဘယ်မှာ မရှိဘာလဲ (စိတ်မှာ)၊ အဲ ဒီလို ဟောရ ပြောရတာ အသိ အမြင် မြန်တယ်၊ ဗုဒ္ဓလို သန့်သန့် က

စိတ်မှာ ဖြစ်လာတာ-ဒုက္ခအရိယသစ္စာ

ဖြစ်အောင် ပြုပြင် ပေးတာက-သမုဒသအရိယ သစ္စာ

ပြုလိုမှု နဲ့ဖြစ်မှု မရှိသေးဘော့ အရှိအေးရာ က-နိရောဓ အရိယသစ္စာ

မရှိသေးတာ မြင်တာက-ဝိပဿနာဉာဏ် အနိမိတ္တ အနိမိတ္တာနုပဿနာ

အရှိအေးရာကိုသိမြင်တာက-မဂ္ဂအရိယသစ္စာ

သိသလို နေထိုင် ကျင့်သုံး သွားတာ မဂ္ဂင်အကျင့်တရား ကျင့်သုံးမှုပါဘဲ။

ဘယ်လို အကျင့်လဲ ဒုက္ခတွေ မရှိသေးတော့ မရှိအောင်လဲ မလုပ်၊ ရှိအောင် လဲမလုပ် ပကတိချုပ်မို့ ချုပ်တဲ့ အတိုင်းတိုင်း အဲဒါကို ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အကျင့်။



အကျင့်ကို သိမြင်ပြီး သိမြင်သလို နေတာ အကျင့် အဲ့ဒီ အကျင့်ကို စိတ်အတိုင်းတိုင်း လို့ ဗမာလို ပြောတာ ကဲမေး လိုရာ မေးပေတော့။

လှ။ ။ဟုတ်ကဲ့ အဲဒီ စိတ်အဘိုင်းတိုင်း စိတ် စိတ် အတိုင်းတိုင်း ထား ဆိုတာတရားရေး လောကမှာ ပွက်လော ရိုက်နေတာဘဲ ဘာကြောင့်လဲ။

မြင့်။ ။ဒါကတော့ ဓမ္မဘာနည်း လောက် သိကြတဲ့ ကောင်းတဲ့ စိတ်ကိုမွေး၊ မကောင်းတဲ့ စိတ်ကိုပါယ် မမွေးနဲ့ လို့ လောကမှာ ပြောဆိုကြတဲ့ အသံလောက် ကြားခဲ့ကြ တော့ (စိတ် စိတ်အတိုင်းတိုင်းထား) ဆိုတာ မကြားဘူး ခဲ့ကြလို့ပါ။ ဒီလိုကြားရင် ဓိယ်ဘယ်လို့ထားနည်းလဲ ထား နည်းတော့ ရှိမှာဘဲ၊ ဒီလိုရိုးရိုး သားသား တွေးဆကြည့် ပေါ့၊ လှာ နာကြားကြည့်ရင် သိမြင်ခွင့် ရကြမှာ နာကြား ကြည့်တဲ့အခါလဲ ကိုယ့်အယူနဲ့ မတိုက်ဘဲ မူအရ ကြည့်ရင် လွယ်ပါတယ်။

ကဲ ခင်ဗျားကိုဘဲ မေးပါမယ်၊ ပင်ကိုယ်တရား နဂိုဘရား ပကတိတရား ဆိုတာ နဂို ပင်ကိုယ် ပကတိ မဟုယ်တဲ့အခါနဲ့ နှိုင်းယှဥ်ကြည့်ပေါ့ ဒေါသ ဖြစ်နေတဲ့စိတ်ကို ဘာစိတ်လို့ ခေါ်မလဲ ဒေါသ စိတ်ဘဲ မဟုတ်သား။

လှ။ ။ဟုတ်ပါဘယ်၊ ဒေါသစိတ်ပါ။

မြင့်။ ။ဒါဖြင့် ဒီစိတ် အမြဲဖြစ် နေပါ့မလား။

လှ။ ။မဖြစ်ပါဘူး ဖြစ်တဲ့အခါ ဖြစ်တာပေါ့။

မြင့်။ ။အမြဲ မဖြစ်လို့ ဘုရားကလဲ အနိစ္စလို့ ဝိသေသ လက္ခဏာနဲ့ ဟောတာ ဖြစ်လာရင် မမြဲတဲ့ အဲဒါ သာမည လက္ခဏာ၊ အမြဲလဲမရှိ၊ ကြည့်လိုက်တော့အမြဲ မရှိတာသွား တွေ့တော့ အနိစ္စ ခယဋ္ဌေန ဒေါသစိတ်ဖြစ်လာ ဒုက္ခ ယာဘ ဋ္ဌေန၊ ဒီဒေါသ လောဘ တရားတွေ ဖြစ်ခြင် တိုင်း ဖြစ်ဖြစ် နေရပြီး ပျက်စီး ပျက်စီးသွား ရလို့ အနှစ် သာရလဲ မရှိလို့ အနတ္တ။ အနတ္တာ အသာရကဋ္ဌေနလို့ ဟောတာပါ။ အဲဒီ ကျတော့ အနတ္တမှာ နှင်မျိုးထွက်လာ ပါရော အနှစ်သာရ မရှိတဲ့ အနတ္တက (သင်္ခတ သင်္ခါရ)။

အနှစ်သာရ ရှိတဲ့ အနတ္တက အသင်္ခတ စိတ်အတိုင်းတိုင်း ကိုကြည့်ပေါ့။

စိတ်မှာ ညစ်ကြူမှု ဖြစ်လာတာ သင်္ခါရ။
စိတ်မှာ ညစ်ကြူမှု ဖြစ်မည့်သဘော သင်္ခတ။
စိတ်မှာ ညစ်ကြူမှု ချုပ်နေတဲ့သဘော သင်္ခတ၊
ညစ်ကြူမှုတို့၏ ကင်းရာ ချုပ်ရာ အသင်္ခတ။

ညစ်ကြူမှု ကင်းရာနှင့် နေပြီးသား (စိတ် စိတ်အတိုင်း တိုင်း)။

ကိလေသာ မဖြစ်ခြင်ရင် သူ့အတိုင်းတိုင်းထား
ကိလေသာ ဖြစ်ခြင်ရင် ပြုပြင်ပေး ဒါပါဘဲ။

လှ။ ။ဒါဖြင့် အဲဒီ (စိတ်အတိုင်းတိုင်း)ဆိုတာကို ဘယ် ပါဠိ၊ ဘယ်ဒေသနာမှာ ရှာရမလဲ၊ ပြနိုင်ပါသလား။

မြင့်။ ။ဒါကတော့ ပါဠိတော်တွေ ဒေသနာတွေ ကိုး ပြရရင်တော့ ရှိပါတယ်။ ဘာသာပြန်ပုံခြင်း မတူဘူး။ ကျွန် တော်တို့ ဉပနိဿယ ဆရာတော် ဘုရားက သဘောပေါက် သိမြင် ကျင့်သုံးမှု ကိုဘာသာပြန်တာ ပဋိဝေဒ ဘာသာပြန် လို့ ခေါ်တယ်၊ တွဲတွဲပြန်နည်း။ ဥပမာ အားလုံးက ထမင်း ချက်သို့ ပြောဆို သုံးနှုံးတယ် တကယ်တော့ ထမင်းကို ချက်တာလား၊ ဆန်ကို ချက်တာလား၊ ဆန် ချက်ရတာပါ။ ကျုပ်တို့ကဆန်ချက် ဆန်ချက် ဆိုတာကို အခိပ္ပါယ် မှန်ပေမဲ့ အများသုံးနဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်၊ ဒီသဘောလို ပါဘဲ။

စိတ်အတိုင်းတိုင်းကို

ဆန့်ကျင်ခြင်သူကတော့ ဘယ်ပါဠိ ဘယ်ဒေသနာ ပြပေ မဲ့လဲ ဆန့်ကျင်မြဲ ဆန့်ကျင်မှာဘဲ၊ ဗုဒ္ဓဝစနာ ဉဒါန်းကြူးတဲ့ အနေက (ဇာတိ)မှာ ပါသွားဘဲ။

ဝိသင်္ခါရဂတံ စိတ္တံ တဏှာနံ ခယမဇ္ဈဂါတဲ့ သင်္ခါရ တွေ မပြုဘဲ စိတ်သည် ကပ်ငြိမှုကိုဆုရပြီ ရောက်ပြီ (ကပ်ငြိမှု) ကိုရာ ရောက်နေတဲ့ စိတ်ဟာ ဘယ်သင်္ခါရနဲ့ ပေါင်းနေအုံး မှာလဲ၊ (စိဘ်စိတ်အတိုင်းတိုင်း) ပါ။ ဘုရား သိတဲ့အသိ ဘုရား မြင်တဲ့အမြင် (တရားအမြင်) ဘုရား ကျင့်တဲ့ အကျင့် တရားမျိုး ဟာ သာဝကတွေ ရကောင်း ရောက်ကောင်း သိမြင် ကျင့်သုံး ကောင်းတဲ့ တရားပါ။ သမ္မာသုတဉာဏ် သာ ဘယ်ကမ္ဘာမှာမှ မရနိုင်တာ ရကောင်းတဲ့ ဟာမျိုး မို့ ဩဝါဒပေးထားတဲ့ ပါတိမောက် မှာက—

# သမ္ဗပ္ပါပဿ အကရဏံ

အလုံးစုံသော မကောင်းမှုတွေ မပြုနဲ့တဲ့၊ ဘယ်လိုနေမလဲ ကျင့်မလဲ၊ (စိတ်အတိုင်းတိုင်း) ပေါ့။

**ကုသလဿုပ သမ္ပဒါ**

သမ္ပဒါတရားပြည့်စုံတဲ့ ကုသိုလ်၊မဂ်ကုသိုလ် ဖိုလ်ကုသိုလ် ဖြစ်အောင် ဘယ်လိုကျင့် မလဲ ငြိမ်းရာ မျက်မှောက်ပြုပြီး ငြိမ်းသလို နေလိုက်ဘာ အဲဒီလို နေတာကို မဂ်ကုသိုလ် ဖိုလ်ကုသိုလ် ဖြစ်နေပါတယ်။

**သစိတ္တ ပရိယော ဒါပနံ**

စိတ်အတိုင်းတိုင်း နေတတ်လို့ နေပြီးသားမို့ နေနေသွားတဲ့ အကျင့်မို့

စိတ် ထက်ဝန်းကျင် ဖြူစင်နေတယ် ဓေါ ဤသို့သာလျှင် **ဗုဒ္ဓာန သာသနံ** အဆူဆူသော ဗုဒ္ဓ တို့၏ ဆုံးမခြင်း ဖြစ်သည် တဲ့။

လု။ ။ဆက်မေး ပါရစေအုံး၊ ကျောက်သဘော်က တချို့ နေရာတွေမှာ တရားဟောတာ တာမြစ်ခံရတယ် ဆိုတာ ဘာ့ကြောင့်လဲ။

မြင့်။ ။ဒါကတော့ရှင်းပါတယ် အစိုးရက ဘာသာရေး လွတ်လပ်ခွင့် ပေးထားကာ မသိဘာလဲရှိတယ်၊ (ဘာဖြစ်ရင် ဘာဖြစ်) ဆိုတဲ့ တရားနဲ့ တူဘယ်လို့ စွတ်စွဲ ထားတာလဲ ရှိတယ်၊ တချို့ကလဲ ကုသာ မိစ္ဆာရိယ ဦးစားပေး ကြတာလဲ

ရှိတယ်။ ကျွန်တော်တို့ ကျောက်သဘော် သာဝကတွေမှာ မူလ ဒီတရား သဘော မပေါက်ခင် က အပါဒါန် ကန် ကျောက် တရားတွေ လက်ခံထား သူတွေက ဒီတရားသန့်သန့် (တရား တရားအတိုင်းတိုင်း) ကျင့်သုံး ဆွေးနွေးခြင်း မဟုတ် တဲ့ ဒါန ပုတ်ခတ် သီလ အပြောမှား ဘာဝနာ လက်လွှတ် တွေရှိကြတော့ ရပ်ရွာ နယ်ပါယ် တရားရေး ခေါင်းဆောင် ပိုင်း သံဃာပိုင်း တွေနဲ့ ဆန့်ကျင်ဘက် ဖြစ်လိုဖြစ် တွေ ရှိကြလို့ပါ။ ကျောက်သဘော်ကို ထိခိုက်မှုခံရပါတယ်။

လှ။ ။ဒါဖြင့် ဒါတွေကို အသိပေးတို့ မသင့်လျော် ဘူးလား။

မြင့်။ ။ဆရာတော် ဘုရားကြီး ဆုံးမသွားတဲ့ ဒုတိယ ဩဝါဒ ဆယ်ချက်တွေ ရိုက်နှိပ်ဝေငှပြီး အသိပေး ရမှာဘဲ၊ ဓမ္မကထိက ဆရာတော် တွေကလဲ ဩဝါဒ ဂရုစိုက်ကြဘို့ သတိပေး ဟောရမှာဘဲ၊ ဒီလိုဘဲပြုပြင်ရမှာပေါ့။

လှ။ ။တချို့က အာဃာတနဲ့ တားမြစ်တာ ကြတော့ ကောဗျ။

မြင့်။ ။ဒါကတော့ တရားအတိုင်းတိုင်းဘဲ။

လှ။ ။ကဲလေ ဟိုလူပြန်တော် ဓမ္မာစရိယ ဆရာကြီး ကလဲ မေးပါအုံးဗျ။

စရိယ။ ။မေးရအောင်က ပါဠိ မေးရရင်လဲ ဘာသာ ပြန်ပုံက ခြားနားတယ်။ စာနည်းနဲ့သာ ကျုပ်က နားလည် တော့ မေးစရာ သိပ်မရှိ ပါဘူး။ ခင်ဗျားတို့ ဆရာတော် ပြောတယ်ဆိုလားဘဲ။ လူဘာယောက် မိတ်ဆွေ တယောက်

ပြောဘူးတယ်၊ အဲဒီမိတ်ဆွေက အရှင်ဘုရား ကျမ်းစာအုပ် မထုတ်ဘူးလား လို့ လျှောက်တယ်တဲ့၊ ဆရာတော်က အေး ငါ့ကျမ်းစာအုပ်က စျေးထဲက ဗလာစာအုပ် တွေဘဲလို့ ပြောတယ်ဆို၊ အဲဒါ မှန်ပါသလား ဘယ်လို အဓိပ္ပါယ် ပါသလဲ။

ဦးစန်းမြင့်။ ။မှန်ပါတယ်၊ အဲဒီ ဗလာ စာအုပ်ထဲမှာ ဘာစာ တွေ တွေ့မလဲ ဗသာက စတွေ့ရမှာ ပေါ့၊ အဲဒီလို ပါဘဲ၊ ဗလာရှင်းနေတဲ့ ရှင်းရာ နိဗ္ဗာန် က အရင် စတာမို့ ဆရာတင်ကြီး ဟောပြော ရမှာလဲ ဆုံးရာက စဟောကြ စို့လို့ ရှေးဦး ဟောလေ့ရှိတယ်။

ဆရာတော်ကြီး ကျမ်း ရေးသားလေ့ မရှိပါဘူး မတတ် လို့တော့ မဟုတ် တပည့်တွေက ရေးကြတာကို ပြုပြင် တည်းဖြတ် ပေးပါတယ်။

စရိယ။ ။မင်္ဂလာပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် စာအုပ်ထဲက စာမျက်နှာ ၂၂ မှာ (ဝဋ်ထဲ လယ်ချင်လျှင် ဒုက္ခနှင့် သမု ဒယ သစ္စာ နှစ်ပါးကို ကြိုးစား၍ အားထုတ်လေ၊ ဝဋ်အတွင်း က လွတ်ကင်း လိုလျှင် နိရောဓ နှင့် မဂ္ဂသစ္စာ နှစ်ပါးကို ကြိုးစား အားထုပ်လေ) လို့ ရေးထားပါတယ်။

တချို့ ဒေသနာတွေ ဟောပြော ကြတာတွေက ဒုက္ခ သမုဒယကို ပွား လို့ ဆိုကြတယ်၊ မဆန့်ကျင်ဘူးလား။

မြင့်။ ။ဆန့်ကျင်ပါယ်၊ တမင် ဘဲ တိုက်တာမှ မဟုတ် ပါဘဲ၊ တရားရေး ရှုဒေါင့်ခြင်း မတူကြပါဘူး။ အဲဒီ ဒုက္ခ သမုဒယ သစ္စာ ရဲ့ ကိစ္စက (ပရိညေယျနဲ့) (ပဟာတဗ္ဗ)

ကိစ္စပါ။ ဘာဝေတဗ္ဗ လို့မှမဆိုဘဲ၊ ပွားကြမယ်ဆိုရင် ပွားမှားကြီး ပေါ့။ ဒါကို သိစေခြင်လို့ ခွဲခြား ဟောတာ ကြိုးစား အားထုတ် လို့ဆိုတာ တိုက်တွန်းတာ (သိမြင်ဘို့ ပါဘဲ)။

သံသာရ ဝဋ္ဋဒုက္ခ တော မောစနာ ထာဃ လို့ဆိုတယ် ဒုက္ခ ပွားနေရင် လွတ်မြောက်ကြောင်းလား၊ အဲဒါ ဆင်ခြင် ကြည့်၊ ဆရာတော် ဘုရားက ပွားခိုင်းတာ အေးသဘော အေးရာ ပွားခိုင်းတယ်၊ ခင်ဗျားတို့ကို ဝေငှထားတဲ့ စာရွက် ထဲမှာ ဆရာတော်ဘုရားက တရား ဆင်ခြင်နည်း ပွားများ ရမည့်နည်း တွေကို ရှင်းရှင်း ဟောပြ ထားတာဘဲ၊ ပကတိ တရားကို ဖေါ်ပြထားတယ်။

ရှေ့ရေး နောက်ရေး မတွေး မကြံ
ပစ္စုပ္ပန်ရေး အေး အေး နေပြန်
ပကတိက အေးပြနေဟန်
အေးပြမှု ပွားရှု အဖန်ဖန်။

နောက်တမျိုးက–

ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စ ဖြစ်လိုမှုက သမုဒယ
အလိုသိမ်းမှ ငြိမ်းအေး နိဗ္ဗာန်
ငြိမ်း အေးမှု၊ ပွားရှု မဂ်သစ္စ

အလိုတွေ ပြုမပေးဘူး ဆိုတာ သိမ်းဆည်း ပြီးသား ဖြစ် တယ်။ ဒီလို လွယ်လွယ် သိ မြင် ကျင့်သုံး တတ်ကြပါစေလို့ ဟောတော်မူခဲ့ တာပါ။ သိကြ မြင်ကြ တာတွေမှာ ရုပ် အဗျာကတ ကြီး ရဲ့ဖြစ် ပျက်တဲ့ မြင်ကြား နံစား ထိသိ

တွေလောက် ဖြစ်ပျက် သိတာ များတယ် တရား ရေမှာ မထိရောက်ဘူး၊ ပဋ္ဌာန မကျဘူး၊ သမုဒယလို့ ဆိုရတဲ့ စိတ်မှာငြိမှု တဏှာ စိတ်စွဲလမ်းမှု ဥပါဒါန် အဲဒါတွေက သာ သမုဒယ သစ္စာ ထိုက်လို့ (အကြောင်း) အဲဒီအကြောင်း သတ်ရမှာ အဲဒီအကြောင်း သိမ်းဆီး ရမယ် အဲဒီ သိမ်းဆီး နည်းကို သိမြင် ကျင့်သုံးရမယ်တဲ့ ဘယ်လို သိမ်းဆီး မလဲ။

လှ။ ။သမုဒယ ဒုက္ခ မဖြစ်အောင် စိတ်ကိုစောင့်ရှောက် ထားမှာပေါ့။

မြင့်။ ။ဟုတ်ပါတယ်။ ဘာသာ အနေနဲ့ သူတော် ကောင်း အလုပ်တော့ ဟုတ်ပါတယ်။ (သာသနာ အကျွမ်း မဝင်သေးဘူး) မသက်ရောက်သေးဘူး။ ဘာသာတိုင်း တွင်၏ အပြုအမူဘဲ လိုရင်း မကျ နိရောဓ မဂ္ဂ မသန်း မယှဉ်လို့ မဂ္ဂင် အကျင့် (ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အကျင့်) မဖြစ် ဘူး မဇ္ဈိမ ပဋိပဒါ မဖြစ်ဘူး။ နှိုင်းယှဉ်ကြည့်ပေါ့၊ စိတ် အဖြစ် တွေသာယာ နေတာ ကြေနပ် နေတာ ပျော်နေတာ မေ့နေတာ တွေဟာ ကာမတဏှာ၊ ဘဝတဏှာ၊ ဒီအဖြစ်တွေ မကောင်းဘူး၊ မလေ့လာ မလိုက်စားဘူး သံသရာမှာ မြူတ် မည့် တရားတွေဘဲ ဒီစိတ်အဖြစ် ဒုက္ခ စိတ်ဖြစ်လိုမှု သမုဒယ တွေ မဖြစ်အောင်ဆိုတော့ မလိုခြင်တာ မနှစ်သက်တာတွေက (ဝိဘဝတဏှာ) အငြိဘာရား က မလွတ်ဘူးဗျ ငြိနေသေး တယ်။

လှ။ ။ဒါဖြင့် ဘယ်လိုလဲ မဖြစ်အောင်၊ ဆိုတာ ငြိရင်) မငြိအောင်က ဘယ်လိုပါလဲ။

မြင့်။ ။သမုဒယ ဒုက္ခ မဖြစ်သေးမှီ ဒီအတိုင်းတိုင်းက ချုပ်နေ ကင်းနေတာမို့ ကင်းရာ ရှင်းရာ က နိရောဓ အရိယ သစ္စာ ကင်းရာရှင်းရာ ကို ဉာဏ်သိ ဉာဏ်မြင် ဖြစ်တာ မဂ္ဂ အရိယသစ္စာ၊ သိဉာဏ် မြင်ဉာဏ် ဖြစ်သလို နေ နေ သွားတာ မဂ္ဂဘာဝနာ အဲဒီ ဘာဝနာ ကို ပွားရမှာပါ။

လှ။ ။ဒီလို ဗမာ။ နားသယ် လွယ်တဲ့ ဗမာစကားနဲ့ ဟောပြော ရှင်းလင်း ပြတော့ ကြေနပ်ပါပြီ။ နားလည် သဘောပေါက် ပါပြီ။ ကျွန်တော်တို့က ရုပ်တွေ နာမ်တွေ ခန္ဓာတွေ ပဋ္ဌာန်းတွေ ပရမတ်တွေ ပ,ဝ,ါ,အာ,တေ, မြင်ကြား နံ့စား တွေ ရှောက် သိရအုံးမယ် မှတ်လို့ ရှာလိုက် ရတာဘဲ။

ဦးအေးမောင်။ ။ရှာတာလဲ မမှားပါဘူး ဗဟုသုတ ပေါ့ လိုရင်းကတော့ ဒီအသိ အမြင် အကျင့် ပဋ္ဌာန အဓိ က ပါဘဲ ဒီအကျင့်မျိုး ဟောတတ် ပြတတ် ဆုံးမတတ် သူတွေ ပေါပေါက် နေပေမဲ့ နာကြားကြတဲ့အခါမှာ လွယ်လွယ်နဲ့ သိမြင် ယုံကြည် နိုင်ခဲ့တာကို ခက်တယ် နက် တယ် လို့ဆိုကြတာ။

ဦ ဖိုးလှ။ ။တရားတွေက အတူတူပါဘဲ ရွှေတိဂုံဘုရား ပေါ် သယ်မုဒ်က တက်တက် ရောက်တာပါဘဲ ဘယ်တရား ကမှ ပိုမထူးပါဘူး။

လှ။ ။ဟိုးဟိုး-ဆရာဖိုး၊တရား တွေတော့ ရောမမွှေပါ နဲ့ တရား တွေဟာ မတူဘာလဲ ရှိတယ် တူတာလဲ ရှိတယ်၊ တရား တွေကိုတူတယ်လို့ ရောထားရင် ခင်ဗျား (ရကောက် နဲ့ ရောတဲ့ ရောဂါ)ဖြစ်နေမယ်။

မြင့်။ ။ဒီလိုပါ မတူဘူး ဆိုတာ သင်္ခါရ မှာလဲဝိကာရ ကွဲနေပါတယ် လက္ခဏာ ကလဲ ဝိကာရ နိဗ္ဗာန်သာ တခုထဲ ရှိပြီး အဲဒါတွေကို သမုဒ် ပြောဆိုသုံးနှုန်းရလို့ ပညတ်တဲ့ မတူတာလဲရှိတယ် တူတာလဲရှိပါတယ် ရှင်တော်ဘုရားကလဲ-

ဉေယျ ဓမ္မလို့ ဟောတော်မူခဲ့ပါတယ်။ သိစရာ တရား တဲ့ လုပ်စရာလို့ မဟောပါဘူး၊ လုပ်မှရမယ် ဆိုတာကို ကျွန်တော်တို့ ထောက်ခံပါတယ်။ သင်္ခါရတွေ ရမှာသေချာ ပါတယ်၊ ကျွန်တော်တို့လဲ ဒီလိုဘဲ ဟစ်ကြွေးခဲ့တာ ကျွန် တော်တို့ရဲ့ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး လဲ ပဋိဝေဒ အသိအမြင်အကျင့် ဉာဏ်မြင် မရှင်း ခင်က ဂူ အတွင်းမှာ တပါးတည်း အတ္တသမ်းစဉ် နဲ့ လုပ်ခဲ့ဘူးပါ တယ်။ ခန္ဓာကိုယ်မှာ ကျမ်းပိုး(ဂျိုး)တွေဘမွမွ တက်နေပြီး အောက်က အအေးဒါဏ် ကြောင့် သွက်ချာပါဒ လေငန်း ရောဂါ ကပ်ရောက်ခဲ့တယ်။

နောက် ရောဂါ ပြောက်ပေမဲ့ မသန်တဲ့လက်တွေကို လှုပ်ရှား ပေးရင်းကသက်မောင်း လက်မောင်းလို့ သိတဲ့စိတ် ဖြစ်လာပြီး ပျက်တာလဲ သိတော်မူတယ်။ အထူး သိတာက မဖြစ်မီ မပျက်မီက လက်မောင်းဆိုတဲ့ အသိမရှိနှင့် တာကို အစရပြီး ခုလို တရားဟောပြော ဆုမ္မတော် မူတဲ့ အထိ ဆင်ခြင် ကျင့်သုံး ပွားများ လျက်မှု (ဝိဘက်ခန္ဓာ) ချုပ်တော်မူသည့် အထိပါဘဲ ခက်တာက ဘာသာ ပြန်ပုံ

ခြင်း အမျိုးမျိုး တွေထဲမှာ စွန်းလွန်းဆရာတော်ဘုရား ကလဲ-

ထိမှုသိမှုထိုနှစ်ခုသတိကျပ်ကျပ်ပြုတဲ့-

မဟာစည်ဆရာတော်ဘုရားကြီးတော့လဲ-

ကမ္မဋ္ဌာန်းတရားကိုပိန်ဖေါင်းနဲ့ ဘာသာပြန်ယှဉ်ပြတော် မူပါတယ်။

သဲအင်းဂူဆရာတော်ဘုရားကလဲ-

အမြဲလင်းဇွတင်းသဲအင်းလာပြီလို့ ခေါင်းစဉ်တပ် ဝိသုဒ္ဓိ နှာ ကမ္မဋ္ဌာန်း တရားတော်တွေချီးမြှင့်တော်မူတာဘဲ။

မိုးကုတ်ဆရာတော်ဘုရားကြီးကလဲ

ဖြစ်ပျက်ရှုခိုင်းတော်မူပြီး

ဝေဘူဆရာတော်ဘုရား-

မိုးညှင်းဆရာတော်ဘုရား-

ကသစ်ဝိုင်ဆရာတော်ဘုရား-

ရေးရရင် ကမ္မဋ္ဌာန်း ရိပ်သာတွေ အများကြီး ပါဘဲ၊ နည်းမျိုးစုံနဲ့ ဟောပြောတဲ့အပိုင်း။ တရား ထိုင် တရား နည်းမျိုးစုံနဲ့ ဟောပြောတဲ့ အပိုင်း တရားထိုင် တရားပြတဲ့ အပိုင်း ကြိုက်ရာရှာဖွေ သိမြင် ကျင့်သုံး ကြဘို့ဘဲ ခက်တာက တရားတွေ နည်းမျိုးစုံမှ မိမိနှင့် ဥာဏ်ယှဉ်သလောက် သိကြသူတွေ အချင်းချင်း တဌာနနဲ့ တဌာန ပုပ်ခပ်စွပ်စွဲ ပြင်တင်ကဲ့ရဲ့မှုတွေ ဖြစ်ကြတာ ရှက်ဘို့ကောင်းတယ်။

လှ။ ။ဟုတ်ပါတယ် ဒါတွေဟာလဲ မသိကြလို့ပါ၊ ဓမ္မရဲ့အဋ္ဌရာယ် မသိကြလို့ပါဘဲ၊ ဒါနဲ့စကားဖြတ်လို့ဗျာ ခင်ဗျားအရင်ပေးထားတဲ့လက်ာ စာရွက်ကလေး တောင် အင်္ကျီ လျှော်တဲ့အထဲ ပါသွားလို့ အဲဒီလက်ာ စာရွက် ရှိရင် ပေးပါအုံး အလိုကိုရှေ့ထားလို့ဆိုတဲ့လက်ာကိုပါ။

မြင့်။ ။အော်-အဲဒီစာရွက်က ဓမ္မာစရိယ ဆရာတော် တပါး ရေးစပ်ထားတာ၊ ဘွဲ့တောင်မေ့နေပြီ ဆရာတော် ဘုရားရဲ့ သာဝကပါဘဲ။

၁။ (အလိုကို ရှေ့ထား)လို့ တရားကိုတဲ့ ဖွေရှာ ဒုက္ခ သာ အမှန်တွေ့မယ် မေ့နဲ့ သေချာ အမှန်ရှိပါတဲ့ သန္တိတဲ့ နိဗ္ဗာန်ရောဓါ ငြိမ်းရာကွဲ့ ရှိသား ရှိမဂ္ဂင် ထိုတရား ပွားပါတော့လား။

၂။ ပွားနည်းက အလွယ်ပါ၊ သူ့ဟာသူ(ငြိမ်းရာဓါတ်) သိအပ်သေချာ အဲဒါဘဲ နိဗ္ဗာတာ စိတ်ဖြူစွာ မှတ်သား မသိသူ ကျော်ခါသွား သေဘ်လဲ၊ သိတဲ့သူ ဖေါ်ခါ စားရ အောင် ဟောပြတရား။

၃။ (လုပ်သမျှ ဒုက္ခ)တဲ့ အမူပွေ၊ မသိသူ 'ယောဂီ'များ ပွားရှုကြပေ။ ရှုမဆုံး ပြုအုံးကွဲ့ ထင်ရာတွေ သင်္ခါရေလို့ မှတ်ထား ဖြစ်ပျက် မှာ နှစ်သက် စရာ တကယ်မရှိဘယ် သိပါတောသား။

၄။ (ပဏ္ဏတိချုပ်) ဝိမုတ်တဲ့ မြတ်နိဗ္ဗာန် ဉာဏ်ဖြစ်သူ အစဉ်ပြုံး သုံးဘော့ အမှန် (မပြုလုပ်ရပါဘူး)ရှုဒုက္ခ ကင်း စင်ပြန် လွန်မှန်တဲ့တရား သူ့ဖသဘာ နဂိုရှိကို သိပါတော့ လား။

အဲဒီ လင်္ကာကို သဘောပေါက်ရင်လဲ လွယ်ပါတယ်၊ ပကတိချုပ် နဲ့ ပင်ကိုယ်ရှိ နဂိုရှိကိုသိတို့ အဓိပ္ပါယ် ပါတဲ၊ ရှိပြီးသား ကပကတိ ငြိမ်းရာ ငြိမ်းရာ တရားကို သိမြင်၍ ငြိမ်းသလို နေနေ သွားပါက၊ ဓမ္မသရဏံ ဂစ္ဆာမိ ငြိမ်း ရာတရားကို ကိုးသဖြင့်၊ ကွယ်ပ ဘေးဘယာ ကင်းလွတ် ကွာသဖြင့် ဓမ္မော မေသရဏံ အင်ညာနိတ္တံ ကိုးကွယ်ရာ ငြိမ်းရာ တရားမှတပါး တခြား မရှိဟူ၍ တရား တော်ကို သိမြင်ယုံကြည်၍ ကျင့်သုံး ကြရသဖြင့် ဟောဖေါ်ပြသ ဆိုဆုံးမ တော်မူသော ဗုဒ္ဓကို

(ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)

သိစရာမြင်စရာတရားကို- (ဓမ္မံ သရဏံ ဂစ္ဆာမိ)

အကျင့်မှန်ဖြင့်ကျင့်သုံး၍- (သံဃံ သရဏံ ဂစ္ဆာမိ)

ဟူ၍(ရတနာသုံးပါး)အသိ အမြင် အကျင့် တို့နှင့်ပြည့်စုံ သော သက္ကာတောဘဂဝါသာ ဓမ္မ သံဒိဋ္ဌိက၊ အကာလိက၊ ဧဟိပဿိက၊ ဩပနေယိက ပစ္စတ္တံဝေဒိတဗ္ဗဝိညူဟိဟူ၍ ယုံကြည် ဆုံးဖြတ် ကျင့်သုံး ရသော ရတနာမြတ် သုံးပါး တို့ ပြည့်စုံကြသည် ဖြစ်သတည်း။

ကဲ အချိန်လဲနည်းပြီ။ ဝိုင်းသိမ်းကြစို့ အရေးကြီး တာ တာ သဘော ပေါက်ကြပြီဆိုရင် ဆရာတော်ဘုရား ချမှတ်

ခဲ့တဲ့ ဩဝါဒ လေ့လာနာခံ ကျင့်သုံး ဘို့တော့ မှာပါရဲ့ စေ ဩဝါဒခံမှ တပည့်ဖြစ်မှာ ဩဝါဒဂရု မစိုက်ရင်တော့ တပည့်လို့ ဘယ်လောက် ပြောပြော ကျောက်သဘော ပါလို့ ဘယ်လိုဆိုဆို တပည့်မဆိုထိုက်ဘူး။ ဒါပါဘဲလေ။

လှ။ ။နောက်အပတ်တွေမှာ သော်ကီအာရုံနဲ့ စိတ် မထိ စေနဲ့ ဆိုတာနဲ့ လုပ်သမျှ ဒုက္ခကို ရှင်းလင်း ပါအုံး။

မြင့်။ ။ဟုတ်ကဲ့ လာခဲ့ပါ ကျွန်တော်တို့ဘ ဒီအိမ်မှာ လပြည့်လကွယ် ဂ-ရက်၊ တနင်္ဂနွေနေ့တိုင်းရှိပါဘယ်။ တရား တိတ်ခွေတွေ နာကြား လိုရင်လဲ ဖိတ်ပါ။ အကြောင်းကြား ပါ။ စာပေးစာယူလဲဆွေးနွေးပါဘယ် လိပ်စာလဲယူသွားပါ။

ဦးထွန်းအောင်ကျော်-ဒေါ်ကျင်မြ-(၆၅)နိဗ္ဗာန်လမ်း ကြည့်မြင်တိုင်။ မှဘဆင့် ဦးစန်းမြင့်

ပေါ်မာဂမှ 'တေစိတ္တ'ဒုဋ္ဌမှီ ဒါနိမာသရ

အနုသာသိယ တမဟာ နေဿာမိ(သုခုမုတ္တမ)

တေစိတ္တ အပြစ်အမြင် အနှစ်ဆင်၍ ချစ်ခင်မေ့မူး ယဲ့ စိတ်ကူး ဘယ်ကမ်းဆိုက်ဆိုက် ပတ်ကြမ်းတိုက်သလို စရိုက် အိုကြောင့် အမိုက်ဗိုလ်မှူး အရှုးရှေ့သွား အမှားရှေ့ဆောင် အမှောင်ကိုလိုလား အများကိုတု၍ သုခ ကိုရှောင်ခွါ (မလို တဲ့) ရောင်ချာချာ လောင်စာမအေ၊ စေဘို့ ကြောင်တာ တာ (ဆောင်ခါ တွေးလိုက်ပြန်ဘော့) နောင်ခါလာ နောင် ခါစျေးဟဲ့လို့ မင့်အရေး(အခွင့်ပေး) (နှင့်တွေးလုံး ပွေလို့)

အထွေထွေ ခက်လှတဲ့ ကိန်းထွေကြောင့်။ နေပစေ လက်စ မသိမ်း နိုင်အောင် အဆိန်း မရှိတဲ့ချည်ခင် အရှင်မရှိတဲ့ နွား အစီး မရှိတဲ့ဝါး ကဲ့သို့၊ သွားခြင်ရာသွား ပြေးခြင်ရာ ပြေး ငေးခြင်ရာငေး နေတဲ့၊ ဟယ်စိတ်ရိုင်း ကခလေးရဲ့၊ ဗဟိ-လာခဲ့ပါကွဲ့။

အမှားတွေ မသွားလေနဲ့ဟဲ့လို့ တရားနဲ့ခေါ် မင်း လာခဲ့ပါလော ဘာတဲ့၊ ညာတဲ့၊ ဇာမချဲ့နဲ့ မင်းလာခဲ့ပါ လော၊ (တေစိတ္တ) မေ့ချင်ရာမေ့ ကူးခြင်ရာကူး စူးခြင်ရာ စူး စိုက်ခြင်ရာစိုက်၊ ငိုက်ခြင်ရာငိုက် နေတဲ့၊ ဟဲ့စိတ်မိုက် ကလေးရဲ့၊ဘယ်တုံးကစ ဘယ်ဘဝကမှ ဟော ဒီစိတ်တလုံး အနယ်မချခဲ့ အပါယ်က မလွတ်နိုင် ဇွတ်မနိုင်အဖန်ဖန်သွား နေတဲ့ ဟယ်စိတ်ပျံလွှားကလေးရဲ့ မာဂမှ အမှား စရိုက်၊ တအားစိုက်ပြီး မင်းမသွားလိုက်ပါလင့် အရင်းအဖျား မစဉ်းစားဘဲ၊ မင်းမသွား လိုက်ပါနဲ့၊ တေစိတ္တ အမှုခအေး ဘွယ် အမယ်မင်းတရပါလိမ့်၊ အမှုဘေး အသွယ်သွယ် တကယ်မကင်း စရာတွေကြောင့် ငါ့မှာနုသေးတယ် အငယ် စာရင်းချုပြပြီး သေမင်း ခံတွင်းဝသို့ သက်ဆင်းရမည့် တိုင် အောင် တလျှလျှ၊ တသသ တကြွကြွနှင့် ဖိမရ နှိမ်မလွယ် တဆိပ်ကမှခဖး မရတဲ့၊ ဟဲ့စိတ်မြေကလေးရဲ့၊ နင့်စိတ်နဲ့ နင့်ကို၊ ဖွင့်ဆိုဘို့မသင့်ဘောဘူး နင့်စိတ်နင်နှစ် နင်မချစ် လို့၊ နင်သိဘို့မှန် နင်မစိမ်ဘဲ နင် မဟတ်စရိုက်အကြောင်း ခမ္မတွေကြောင့်၊ နင်ပလီဉာဏ် အမိုက်လမ်းဆွဲဆွဲပြီး အစစ အရာရာမှာ ဂွကျစရာက၊ အခမ္မအခါခါနဲ့ ခဏခဏ စိတ်

မငြိမ်အောင်ပြုနေတဲ့ စိတ်သူပုန် ကောင်ကလေးရယ်(ဒုဋ္ဌမိ) အများ မိုက်အာရုံ ကလိမ်ခြုံသဘော အရှုပ်ဘော၌ ချုပ်ပါ မုန်းပါ ပြောလသော့သို့ ဝါယာလက်စကား ခေါ်တွက်ကကြား ရသလို မှားစရာ့အဖိုဖို့ တဲ့မတဲ့ အာရုံနဲ့(မာသရ)အဘွင်း ရန် ခလုပ်တွေကို နင်းကန်ဖြုတ်ရင် မင်းအမှန်ရှုပ်သာလိမ့် မယ်။ ကလေးကလွှင့် အမှားကြော မကလိသိုက်ပါနဲ့ (ဒါနို့ ဣဒ္ဒိနို) ကြောင်းကျိုးစုံညီ ဒုလ္လဘိနှင့် တွေ့ကြုံလေဘော့ တွေ့လေဘော့၊ သိမြင်လေဘော့ ပွားလေဘော့ ဟု အသေ့ မြန်စွာ ကကြမ္မာအငွေ့၊ ဖန်လာလို့ တွေ့ကြရင်ဘော့ ဘယ်နေ့မှ ခဲမယ် ဘယ်လ၊ ဘယ်ဘဝမှ ခဲမယ်လို့၊ အချိန် တွေကို မဆွဲတော့ဘဲ တချိန်ထဲ တက်လိုက်စရာ ဤယခု အခါ ၌ ရေမြင့်ကြာမြင့် အခါသင့်ပေါ့၊ ဘဂဝါ အချင်သာသနာ အောင်မြေနင်း ဘော့မဟဲ့လို့၊ အခေျာင်မနေ အဘင်းဟင် အားခဲလို့ အယ ဝိသုဒ္ဓိနန်း တက်ကျင့်နှုန်းသို့ တက်သုမ်း ရေဘ်ရည် နွှမည့်ငါသည် လျပ်ပေါ်လော်လီ မခေတ်ပြိုဟု လောကီစိတ်ကလေး ညစ်နွှမ်းရန် ကင်းဝေးပြီး လောကုတ္တရာ တည်းဟူသော (စိတ်အတိုင်းတိုင်း)သာမူ၍မ မြင်လို့ ကျင့် သုံးရန် အရှိတရားကိုလ (တံ)စိဘ်မှာ ယှဉ်ညှဉ်း ပကာဘိ ကင်း မို့၊ လောဘဟိတ်ပူး မရှိသူးကို အနိစ္စသဘော မရှိသောမှ ရှိပေါ်အောင် ကြံစီတွေး ရင်ဖြင့် ဒေါသစိဘ်မှုင်း ဖြစ် စိတ်ရိုင်းသည်၊ (အနုသာသိယ) နှိမ်ဟဲ့ နှိမ်ဘဲ့လို့ နှိမ်ဖြစ် ခါ အပျော် အထုံဝါသနာကိုဖြင့် ဆင်းရဲစရာ ကြံစီတွေး ဘောကို မဝန့်ဘော့ပါဘူး၊ ပြုပြင်လျှင် ဖြစ်မှာကောန်သိပေ

တော့လို့ ကိလေသာ ဖြစ်လာတွေမှာက လေးဌာန အပါယ်၊ မြေမှာ ပေတရာ နေရာဘဲမလပ် ခြေရာထွေထပ်ခဲ့ပေါ့၊ ရှစ်ရပ်ပိုင် ဒေါင်မဝိုင်းရအောင် ရစ်ပတ်တွယ် မှောင်မဝိုင်းစေဘို့ မနိုင်ခြွေ ငြိမ်းပစေ သိမြင်ဉာဏ် ပိုင်းပိုင်းပြီး စိတ်ရှိုင်းကိုနှင့် (စိတ်အတိုင်းတိုင်း) ယှဉ်တော့မဟဲ့လို့၊ ဘေးအစုစု မဲ့မဥရအောင် ယခုရှိပြီး အတိုင်းတိုင်းကို ဥတ္တမ° လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာမင်းကြီးတို့ စည်းစိမ်တွေကို (မိုးရှိန်)လို မြင့်ကြမှ အမွန်မြတ်ဟူ၍ သမုတ်အပ်သော စိတ္တ° ကိုယ်ဘိ ရင်ဘိ တကယ်သိမြင်မှု ပယ်ပြီးဉာဏ်မျိုး (စိတ်အဖြစ်ထူးကို)ကြည်ကြည် လင်လင် ရှင်ရှင်ပြုပြုနှင့် အစဉ်ရစေတဲ့ အမြင်ခဏကတော့ (တဒင်္ဂပဟာန်) ထို့ထက်ပင် အစဉ်မှန်တော့ (ဝိက္ခမ္ဘနပဟာန်) စွဲစွဲ မြဲမြဲ သိမြင်မလွဲ ပွားများ ကျင့်သုံးလေက ကိလေသာ အရှုပ်အပွေတွေကို ခုတ်ချွေချ အမြစ်ကလှန် (သမုစ္ဆေဒပဟာန်) ပဟာန်သုံးရပ် တန်ဆာဆင်အပ်သော မွန်မြတ်ထိပ်ဆုံး မြတ်မွန်သူတို့ သုံးကြတဲ့ ရှင်ကြည်စိတ်နှလုံးကို (သုခမ°) စိတ်အတိုင်းတိုင်းထား ကျင့်မြတ်တရားဖြင့် သိမ်မွေ့ကြည်ရှင် ဓါတ်မှန်ပြင်ကြီးကဲ့သို့သာလျှင် ဘယ်ပုံဘယ်ဟန် ဘယ်သဏ္ဍာန်မှ ရှာမရတွေ့မမြင် ဖြစ်ပျက်မှု ကင်းစင်တဲ့၊ ပကတိအစဉ် ကင်းရာတရားကို ပရမတ္ထလွှာပုံ ညွတ်အာရုံပြုပြုပြီး (လွတ်အာရုံ ကင်းကွာဖိုလ် ချမ်းသာ)ကို မပြတ် ပွားစေရ ပဋ္ဌာန အာဂအတ္တ စိတ်စွမ်းတွေပြမှုဖြင့် ရကြရဒုက္ခာ စိတ်ရှုပ်စရာဖြစ်ရေး မပြုကြနဲ့၊ (စာဂ) (ပဋိနိဿဂ္ဂ)၊ (မုတ္တိ) (အနာလျ) အဖြစ်တွေစွန့်ကြ၊

ဖြစ်လိုမှုစွန့်ကြ၊ စိတ်မှာငြိစရာ စွန့်လေတာ (ဒါန)ရယ်လို့၊ ဝင့်လွတ်ရာ နိဿ°တာ မှီးပါကွဲ့၊ ဝိဝဋ္ဋတနည်း ဒါနကထာ၊ စွန့်မှန်စွာ ညွတ်အာရုံမပါ စိတ်စင်ကြယ်တာက (သီလ ကထာ) မစင်ကြယ်တာ ညွတ်ညွတ်မပေးပါက လွတ်ကျွတ် ရေးက(ဒီအတိုင်း)သာ ဖြစ်စရာ အရှုပ်တွေ မဝိုင်းလာခဲ့ တော့(စိတ်အဘိုင်းတိုင်း) ဆင်ခြင်တာ ဆင်ခြင်ရာ ရောက် ရောက်ပြီးသွားပေမို့ အမြတ်ကြီး မစားခြင်ကြနဲ့ အတ္တကာကင်းကွာ အနတ္တဖာသာ အနေမှန် ပြီးဘာက (ဘာဝနာ) အခြေခံမှာပြီး ပါသတဲ့၊ ကထာမှန်၊ ဘာဝနာ၊ ဥာဏ်ကျင့်နည်းကိုလ! ထပ်သပ်ဖန်ဖန် ပွားများပြီး၊ အသာ အသာ နားလို့ စိတ်လုပ် မပေးတဲ့ အကျင့်တရား အစစ် အမှန်ကို ပွားများ အားထုပ်ကြ ပေတော့လို့၊ (နေဿာမိ) တရားမှန့်(သိမြင်ကျင့်) သုံးနည်းကိုလ ရခကာကာသံ ရှောက် မရောတဲ့၊ ညွံ့ယောဂီ အဖြစ်ကင်းလို့မို့၊ (မြတ်ယောဂီ) ကျင့်ရန်နည်းကို (စိတ်အတိုင်းသာ) လွတ်သွတ်ကြီး မြင်ကြ၍ မြင်သလို သာသနာဆိုက်တဲ့ တရားကို စိတ်အဖြစ်ပြု၍ ဟော ပြော ပြသ လိုက်ရပေတော့သတည်း။

ဟောပြော ပြသတော် မူပါ အရှင်ဘုရား။

(ဦးတိက္ကာကိုမှီး သည်)
(ပုံ) တင်လှကြီး

ရိုက်နှိပ်သောစာအုပ်ပေါင်း ၃၀၀၀

ရိုက်နှိပ်သော စာအုပ်၏နေ့စွဲ မတ်ချလ ၁၉၇၀

(ပဌမအကြိမ် ရိုက်ခြင်း)

ဤစာအုပ်ကို လှူလိုသူရှိလျှင်၊ ကြိုက်သလောက် ရိုက်နိုင်သည်၊ စာမူကို အဖွဲ့ကသာပိုင်သည်။

ရောင်းစားသူများ ရိုက်ခွင့်မပြုပါ။

ရိုက်လိုသော အဖွဲ့ခွဲများ ခွင့်တောင်းပါ။

ရိုက်နှိပ်လိုသူများ အကြောင်းကြားပါ။

ဒုတိယ အုပ်ရေ၊ တတိယအုပ်ရေ၊ ဆတ်မှတ်ရန် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ကျိုက္ကဆံ ရိပ်သာနဲ့တွင် နှစ်ပေါက်လည် ဓမ္မသဘင်တွင် ဟောပြော ဆုံးမတော် မူခဲ့သော-

ခေတ်သည် ဝိမုတ္တိ ယုဂခေတ်

ရရှိသင့် ရရှိပြီး တရားသည် (ဝိမုတ္တိဓမ္မရသ)

အစရှိသော သဓမ္မ တရားကွင်းများကို မကြာမီ ရိုက်နှိပ်ဖြန့်ချိ ပါမည်။

ဝိမုတ္တိဥာဏဒဿနအဖွဲ့ခွဲ၊ ရန်ကုန်မြို့။

စာအုပ်မှာကြားရန်

ဦးတင်လှ

၉၄-သရက်တော(၂)လမ်း၊ ကြည့်မြင်တိုင်။

ရန်ကုန်မြို့

ဝိမုတ္တိဉာဏ ဒဿနအဖွဲ့ထုတ် မဟုတ်သော ခွင့်ပြုချက်မရှိသော စာအုပ်စာတန်းများကို ကျောက်သတော် အမည်တပ်သော်လည်း အဖွဲ့၏ ခွင့်ပြုခြင်းမရှိပါက အဖွဲ့နှင့် လုံးဝ မသက်ဆိုင်ပါ။